# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၃၀၈)


# ယနေ့ အာဆီယံဒေသသည် အာရှပစိဖိတ်ဒေသတိုးတက်မှု၏ ဗဟိုဖြစ် ဒေသတွင်းနှင့်ပြင်ပငြိမ်းချမ်းလုံခြုံတည်ငြိမ်ရေး အဓိကကဏ္ဍမှပါဝင်

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင်ကျရောက်သည့် (၄၉)နှစ်မြောက် အာဆီယံနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှပေးပို့သော သဝဏ်လွှာ**

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား**

ယနေ့သည် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံပါဝင်သည့် ဒေသဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အာဆီယံတည်ထောင်ခြင်း (၄၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယဖြစ်ပါသည်။ ဤနေ့ထူးနေ့မြတ်အခါသမယတွင် မိမိအနေဖြင့် မြန်မာပြည်သူများနှင့်တကွ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးမှ ပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့် (၄၉)နှစ်က စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ပညာရေးနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့ဝင်(၅)နိုင်ငံပါဝင်သော အာဆီယံသည် ယခုအခါ (၁၀) နိုင်ငံပါဝင်လာပြီး ပဋိညာဉ်စာတမ်းနှင့် ဥပဒေစည်းမျဉ်းများနှင့်အညီ စည်းမျဉ်းကိုအခြေခံသည့် ဒေသအဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ပြီ ဖြစ်ပါသည်။

အာဆီယံသည် နိုင်ငံရေးအရစည်းလုံးမှုရှိသော၊ စီးပွားရေးအရ ပေါင်းစည်းညီညွတ်မှုရှိသော၊ လူမှုရေးအရ တာဝန်ယူမှုရှိသော ဒေသတစ်ခုဖြစ်လာမည့် အသိုက်အဝန်းတစ်ရပ်တည်ထောင်ရေးတွင် အားသွန်ခွန်စိုက်ကြိုးပမ်းကြရာ၌ တိုးတက်မှုများရှိနေပြီ ဖြစ်ပါသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော်  ဩဂုတ်  ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ မကွေးမြို့သို့ ရောက်ရှိရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မကွေးလေဆိပ်၌ ကြိုဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

> **“ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ စာရင်းဇယားများ စနစ်ကျမှန်ကန်ရန်၊ အဖွဲ့အစည်းအသီးသီးမှ ကူညီထောက်ပံ့ပေးသည့် ထောက်ပံ့ရေးပစ္စည်းများကို ရသင့်ရထိုက်သူများထံ အမှန်တကယ်ပြည့်ပြည့်ဝဝရောက်ရှိအောင် တာဝန်ရှိသူအဆင့်ဆင့်က စေတနာထား ကြပ်မတ်ဆောင်ရွက်ကြရန်လို ”**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မင်းဘူးမြို့နယ်အတွင်းရှိ ရေဘေးသင့် အဘွားတစ်ဦးအား ထောက်ပံ့ပစ္စည်း ပေးအပ်စဉ်
(သတင်းစဉ်)




မြန်မာ့အလင်း

# လက်ဝဲ၊ လက်ယာမဟုတ်သော အဖွင့်အပိတ်စီးပွားရေး

အစိုးရသစ်၏သက်တမ်း သုံးလကျော်ကျော်ကာလတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒများကို ထုတ်ဖော်ကြေညာခဲ့သည်။ ထိုအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စီးပွားရေးမူဝါဒကို အခြေခံသည့် အခြေခံအုတ်မြစ်များထဲတွင် အရေးကြီးဆုံးမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ရင်ကြားစေ့ရေးမရှိဘဲ ရှေ့ဆက်သွား၍မရနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထက် စီးပွားရေးအခြေအနေကောင်းမွန်ခဲ့ကြောင်း၊ သို့သော်နိုင်ငံရေး ကျဆင်းသွားသည့်အခါ စီးပွားရေးပါကျဆင်းသွားပါကြောင်းကိုလည်း ထည့်သွင်းပြောကြားသွားသည်။ ဤသည်မှာ သမိုင်းအတွေ့အကြုံ ဖြစ်ရပ်မှန်ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်မတိုင်မီက အရှေ့တောင်အာရှ၏အလားအလာ အကောင်းဆုံးနိုင်ငံတစ်နိုင်ငံဘဝမှ တံခါးပိတ် စီးပွားရေးဝါဒကြောင့် ယခုအာဆီယံနိုင်ငံများတွင် နောက်အကျဆုံးနိုင်ငံဘဝရောက်နေရသည်။ ၂၆ နှစ်တာ တံခါးပိတ် စီးပွားရေးနှင့်နောက်ပိုင်းစစ်အစိုးရလက်ထက်တွင် စီးပွားရေးပိတ်ဆို့မှုများကြောင့် အိမ်နီးချင်းနိုင်ငံများ အညွန့်တလူလူတက်နေချိန်တွင် မြန်မာနိုင်ငံမှာ စီးပွားရေးတက်သင့်သလောက်မတက် ဖြစ်ခဲ့ရသည်။

ယခုကမ္ဘာတွင်လည်း စစ်အေးအလွန်ကာလက အောင်ပွဲခံခဲ့သော လစ်ဘရယ်ဝါဒအတွက် ခြိမ်းခြောက်မှုများနှင့်ကြုံလာရသည်။ မကြာမီရက်ပိုင်းအတွင်းက အမေရိကန်ရှိ ပါတီကြီးနှစ်ခု၏ ညီလာခံများပြုလုပ်ခဲ့ကြသည်။ ထိုညီလာခံများကတွေ့ရသည့် နိုင်ငံရေးအရ အန္တရာယ်လမ်းကြောင်းမှာ လက်ဝဲ၊ လက်ယာကွဲပြားမှုမဟုတ်ဘဲ ဖွင့်မလား၊ ပိတ်မလားဆိုသည့် ကွဲပြားမှုဖြစ်သည်ဟု ဆိုကြသည်။ ဒေါ်နယ်ထရမ့်က အမေရိကန်ဝါဒကို ကြွေးကြော်ပြီး ဂလိုဘယ်လိုက်ဇေးရှင်းကိုဆန့်ကျင်သည်။ ဥရောပရှိ အချို့သော နိုင်ငံရေးသမားများက ကမ္ဘာကြီးသည်ရှုပ်ထွေးပွေလီမှုများသည်၊ ခြိမ်းခြောက်မှုများသည်။ ထို့ကြောင့် ဉာဏ်ပညာရှိသောနိုင်ငံများအဖို့ တံတိုင်းမြင့်မြင့်ကာထားဖို့လိုသည်ဟု ယူဆလာကြသည်။ ဗြိတိန်နိုင်ငံ၏ဥရောပမှခွဲထွက်ခြင်းသည်လည်း ဂလိုဘယ်လိုက်ဇေးရှင်း ဆန့်ကျင်သူများရရှိသွားသည့် အကြီးဆုံးဆုလာဒ်ပင်ဖြစ်သည်ဟုဆိုကြသည်။

အင်စတီကျူးရှင်းများ၊ စည်းမျဉ်းဥပဒေများ၊ မဟာမိတ်များပါဝင်သည့် နိုင်ငံပေါင်းစုံစနစ်ကြီးက နှစ်ပေါင်း ၇၀ ကျော် ကာလအတွင်း တစ်ကမ္ဘာလုံးကို စီးပွားရေးကောင်းမွန်လာစေခဲ့သည်။ စစ်အေးလွန် ဥရောပတည်ဆောက်မှု၊ ဆိုဗီယက်ကွန်မြူနစ်ဝါဒကို ဖြတ်တောက်ပစ်မှုတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ တရုတ်ပြည်၏ ကမ္ဘာ့စီးပွားရေးနှင့် ချိတ်ဆက်မှုက သမိုင်းတွင်အများဆုံးသော လူအရေအတွက်ကို ဆင်းရဲတွင်းမှ ဆွဲတင်နိုင်စေခဲ့သည်။

တံတိုင်းကာရံသူများက ပို၍ဆင်းရဲပြီး ပို၍အန္တရာယ်များသော အခြေအနေဖြစ်လာသည်။ လတ်တလော အင်္ဂလန်သည်ပင် စီးပွားရေးတုံ့ဆိုင်းမှုအတွင်း ကျရောက်ဖွယ်ရှိနေသည်။ ဥရောပသည်လည်း ဒယိမ်းဒယိုင်ဖြစ်နေသည်။ လာမည့်နှစ်တွင် ပြင်သစ်၌ အမျိုးသားရေးဝါဒီ မာနီလီပင်းကိုသာ သမ္မတအဖြစ်ရွေးချယ်ပါက ဗြိတိန်ကဲ့သို့ဥရောပမှခွဲထွက်ရေးကိုကျင့်သုံးနိုင်ပြီး EU ပြိုကွဲသွားနိုင်သည်။

ထိုအခြေအနေများကို ကာကွယ်ရန်မှာ အတားအဆီးများကို တည်ဆောက်ရန်မဟုတ်ဘဲ တံခါးဖွင့်ခြင်း၏အကျိုးအမြတ်များကို ထိန်းသိမ်းပြီး ဘေးထွက်ဆိုးကျိုးများကို ချေဖျက်ရန်ဖြစ်သည်ဟုဆိုသည်။ ကုန်စည်နှင့် အရင်းအနှီးများကို လွတ်လပ်စွာစီးဆင်းစေရမည်။ သို့သော် ကုန်သွယ်မှုကြောင့်အလုပ်အကိုင်ဆုံးရှုံးသွားသူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းနှင့် လူမှုဖူလုံရေး ပိုက်ကွန်များ အားကောင်းအောင်ပြုလုပ်ရန်ဖြစ်သည်။

အစဉ်အလာအားဖြင့် လက်ဝဲ၊ လက်ယာကွဲပြားမှုများဖြင့် ချဉ်းကပ်ကြသောပါတီများအတွက် အဖွင့်ပေါ်လစီကို ဦးတည်ကြရခြင်းမှာ အောင်မြင်မှုရရန်အတွက်ဖြစ်သည်။ သို့သော် ချဉ်းကပ်ပုံနည်းလမ်းများမှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူနိုင်ပေ။ လက်ရှိမြန်မာ့ စီးပွားရေးပေါ်လစီအဖြစ် ၁၂ ချက်ကို ထုတ်ဖော်သွားခဲ့သည်။ ကုန်သွယ်ရေးကိုသုံးဆမြှင့်တင်မည်ဟုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောဆိုခဲ့သည်။ လက်တွေ့တွင်မူ ပြီးခဲ့သည့်အစိုးရလက်ထက်က အရင်းအနှီးကဲသော ရင်းနှီးမြှုပ်နှံမှုများမှအပ ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ငန်းများတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနည်းနေသည်။

ယခုအခြေအနေတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးအခြေခံသော ဆောင်ရွက်မှုများအပြင် နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံ၏အနာဂတ်ကို ပီပြင်စွာလှမ်းမျှော်မှန်းဆနိုင်မှုများရှိမှသာ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ရရှိမည် ဖြစ်သည်။ ထို့ပြင် တရားမဝင်စီးပွားရေးများနှင့်အခွန်မဆောင်သော စီးပွားရေးများကလည်း ပြည်သူ့ဘဏ္ဍာငွေရရှိမှုကို ကြီးစွာထိခိုက်စေသည်ဖြစ်ရာ အပိတ်မဟုတ်သော အဖွင့်စီးပွားရေးဖြစ်သည့်တိုင်အောင် နိုင်ငံတကာမှ ယုံကြည်မှုရရှိစေဖို့ ကြိုးပမ်းရန်အချက်များစွာရှိနေသေးကြောင်း ရေးသားတင်ပြရပါသည်။ ။




## စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရအသင်း (ရန်ကုန် ရုံးခွဲ)၏ စီစဉ်မှုဖြင့် ဒေါက်တာမြင့်လွင် (ပါမောက္ခ-ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်)က "အာဟာရဓာတ် ပြည့်ဝသောသီးနှံများ စိုက်ပျိုး ထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်ရှိသင်တန်းခန်းမဆောင်၌ ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။

ကိုချစ်

ထင်သာမြင်သာ ပြုပြင်စရာ

## သက်တမ်းကြာမြင့်နေသည့် တောင်ပုလုဆည်ကြီးအား ပြန်လည်တူးဖော်ပေးစေလို



မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ တောင်ပုလုဆည်ကြီးသည် သက်တမ်းကြာမြင့်နေပြီဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေလုံလောက်စွာ မရရှိသဖြင့် ဆည်ရေသောက်တောင်သူများက ဆည်ကြီးကို ပြန်လည်တူးဖော်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

တောင်ပုလုဆည်ကြီးသည် ဝမ်းတွင်းမြို့နယ်၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ ကျောင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ တောင်ပုလုကျေးရွာ၏ အနောက်ဘက်မလှိုင်မြို့နယ်နှင့် နယ်စပ်တွင်တည်ရှိပြီး မလှိုင်မြို့နယ်အတွင်းရှိ သင်ပုန်းချောင်းမှ စီးဝင်လာသောရေများကို တားဆီးသိုလှောင်ထားသော တစ်ဖက်ပိတ်ဆည် အမျိုးအစားဖြစ်သည်။

တောင်ပုလုဆည်၏ တမံအလျားမှာ ပေ ၉၅၀ ၊ တမံ၏ အမြင့်ပေ ၇၅၀ ရှိပြီး ယခင်က ရေဧကပေ ၂၀၀၀၀ သိုလှောင်ထားနိုင်ပြီး ဆည်၏ အောက်ပိုင်းဒေသဖြစ်ကြသည့် ကျောင်းကုန်း၊ အောင်ချမ်းသာ၊ တောင်ဆည်၊ ဖလန်ကျင်း၊ ရှောက်တော၊ ဒါးလှ၊ အင်းယင်း၊ မလွှပင်နှင့် ဇဝင်းကျေးရွာအုပ်စုအတွင်းရှိ စပါးဧက ၇၆၃၆ ဧကတို့ကို နှစ်စဉ်ရေပေးဝေစိုက်ပျိုးနိုင်ပြီး ပိုလျှံရေများကို ထီးလှိုင်ဆည်နှင့် နွားနန်းဆည်တို့ကို ရေပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆည်ကြီးအနေဖြင့် သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်သော်လည်း ယခုအချိန်အထိ ပြန်လည်တူးဖော်မှုမရှိခြင်း၊ မိုးရွာသွန်းမှု နည်းပါးခြင်း၊ ရေနှင့်အတူ သဲနုန်းများ စီးဝင်လာမှုတို့ကြောင့်ဆည်မြေသားမျက်နှာပြင်မြင့်တက်လာပြီး ဆည်ကောလာသဖြင့် ရေလှောင်မှုတစ်ဆင့် မလိုအပ်ဘဲ ထွက်ရှိခြင်းတို့ကြောင့် ယခုအခါ စပါးဧက ၃၀၀၀ ကျော်သာ စိုက်ပျိုးနိုင်ကြောင်း၊ မိုးရွာသွန်းမှုနည်းသည့်အချိန်တွင် စပါးအောင်ရေမပေးနိုင်၍ တောင်သူများ ရေအခက်အခဲကြုံတွေ့ရကြောင်း သိရသည်။

တောင်ပုလုဆည်ရေသောက်ဧရိယာများအတွင်းရှိ ကျေးရွာများအနေဖြင့် ဆည်ကြီးမှ ရေလုံလောက်စွာပေးနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်၍ အဆိုပါ ဆည်ကြီးအား ပြန်လည် တူးဖော်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဒွေးလှိုင်(ပြန်/ဆက်)

## အသက်ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေး တိုက်ကျွေး

ဇီးကုန်း ဩဂုတ် ၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အနေဖြင့် အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် ဩဂုတ် ၇ရက်က ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ဆေးတိုက်ကျွေးရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လာရောက်ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

( မြို့နယ် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၄၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၁.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၄.၈၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၇၂ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၁၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*✱ ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား လေဆိပ်ညှော့ခန်းမဆောင်၌ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုအခြေအနေ၊ ဆည်မြောင်းတာတမံများအတွင်း ရေဝင်ရောက်မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းဇယားများ စနစ်ကျမှန်ကန်ရန်၊ အဖွဲ့အစည်းအသီးသီးမှ ကူညီထောက်ပံ့ပေးသည့် ထောက်ပံ့ရေးပစ္စည်းများကို ရသင့်ရထိုက်သူများထံ အမှန်တကယ် ပြည့်ပြည့်ဝဝ ရောက်ရှိအောင် တာဝန်ရှိသူအဆင့်ဆင့်က စေတနာထားကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မင်းဘူးမြို့နယ် မှန်ကင်းဘုန်းတော်ကြီးကျောင်း မြသုခမ္မောရုံ၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ် (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ရေဘေးသင့် အဘွားတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်ပြီး နှုတ်ဆက်ဂါရဝပြုစဉ်** (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်** (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် မင်းဘူးမြို့သို့ ရောက်ရှိကြပြီး မင်းဘူးမြို့ မှန်ကင်းဘုန်းတော်ကြီးကျောင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တသာသနဓဇ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါကျောင်းတိုက် မြသုခမ္မောရုံ၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကုန်းဇောင်းကျေးရွာ စက်တန်းရပ်တာ၌ ကုန်းဇောင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရေဘေးသင့် ပြည်သူများ၏ အခြေအနေများနှင့် ရေဝင်ရောက်မှု အခြေအနေများကို ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် ပခုက္ကူမြို့ ရွှေသိမ်တော်ဓမ္မရိပ်သာ၌ ကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ အမှူးပြုသည့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ယာယီဓမ္မာရုံ အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

အဆိုပါထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားများ၌ နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားရာတွင် ယခုကဲ့သို့ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့်အခါများတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်သူလူထုနှင့် လူမှုအဖွဲ့အစည်းအသီးသီးတို့က စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသည်ကို တွေ့မြင်ရသဖြင့် ဝမ်းသာမိပါကြောင်း၊ ထိုကဲ့သို့ မိသားစုဆွေမျိုး အရင်းအချာသဖွယ် တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီကြသည့်အတွက်လည်း အားတက်မိပါကြောင်း၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ လတ်တလော လိုအပ်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မကွေးတိုင်း ဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် မြို့နယ်ပေါင်း ၁၅ မြို့နယ်မှ ရပ်ကွက်နှင့်ကျေးရွာ ၃၆၀၊ အိမ်ထောင်စု ၃၁၄၄၁ စုတို့အား ရေဘေးကင်းလွတ်သည့်ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများသို့ ပြောင်းရွှေ့နေရာ ချထားပေးခဲ့ပြီး နိုင်ငံတော်အစိုးရနှင့် အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာ၊ ပဲအမျိုးမျိုး၊ ခေါက်ဆွဲခြောက်၊ ရေသန့်နှင့် အလှူငွေအပါအဝင် စုစုပေါင်း တန်ဖိုးငွေ ကျပ်သိန်း ၂၂၀ဝကျော် ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ရေဘေးသင့်ပြည်သူတစ်ဦးအား ထောက်ပံ့ပစ္စည်းပေးအပ်စဉ်** (သတင်းစဉ်)

## ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေ စိုးရိမ်ရေမှတ် တည်ရှိမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ တစ်ပေခန့်၊ ညောင်ဦးမြို့၌ သုံးပေခန့်၊ ချောက်မြို့၌ ပေဝက်ခန့်၊ မင်းဘူးမြို့၌ သုံးပေခွဲခန့်၊ မကွေးမြို့၌သုံးပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့၌ နှစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ချောက်မြို့၊ နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့နှင့် နောက်သုံးရက်အတွင်း မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အဆိုပါမြစ်ရေသည် ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့၌ လေးပေခန့်စီ ယင်းမြို့များ၏စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ ဧရာဝတီမြစ်နှင့် ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

◆ *ရှေ့ဖုံးမှ*

အာဆီယံသည် အခြားဒေသဆိုင်ရာအဖွဲ့အစည်းများကဲ့သို့ပင် ဒေသတွင်းနှင့် ပြင်ပ၏စိန်ခေါ်မှုများကို ရင်ဆိုင်လျက်ရှိပါသည်။ အာဆီယံအနေဖြင့် အဆိုပါ စိန်ခေါ်မှုများအပေါ် ကြံ့ကြံ့ခံလျက် မိမိတို့အားလုံးအပေါ် အကျိုးသက်ရောက်စေမည့်ကိစ္စရပ်များကို အာဆီယံ၏စွမ်းပကားနှင့် ကြံ့ကြံ့ခံနိုင်မှုတို့ဖြင့် ရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။

ယခုကဲ့သို့ ထူးခြားသည့်နေ့ကို ဂုဏ်ပြုနေချိန်၌ လွန်ခဲ့သည့် (၄၉) နှစ်က ဗန်ကောက်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည့် အာဆီယံ၏ မူလအဖွဲ့ဝင် (၅)နိုင်ငံ ခေါင်းဆောင်များအား လေးစားဂုဏ်ယူပါကြောင်း ဖော်ပြပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံအသိုက်အဝန်းတစ်ရပ်ကို တည်ထောင်ကြောင်း ကြေညာခဲ့ပြီး အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ နှင့် ယင်း၏လမ်းပြမြေပုံ(၃)ရပ်ကို အတည်ပြုခဲ့ပါသည်။ ယခုနှစ် ၂၀၁၆ ခုနှစ်သည် အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်း၏ ပထမနှစ်ဖြစ်သကဲ့သို့ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ ၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ခြင်း လုပ်ငန်းစဉ်၏ ပထမနှစ်လည်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ် အာဆီယံအသိုက်အဝန်းပေါ်ထွန်းရေးအတွက် မိမိတို့ပါဝင်ခဲ့သည့် အခန်းကဏ္ဍအတွက် ဂုဏ်ယူမိပါသည်။

၂၀၁၆ ခုနှစ် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ယနေ့အချိန်တွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ အောင်မြင်ရေးအတွက် အာဆီယံအသိုက်အဝန်းတည်ဆောက် ရေးကြိုးပမ်းမှုကို မြှင့်တင်လျက်ရှိပါသည်။ မိမိအနေဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏“ **တက်ကြွသည့် အာဆီယံအသိုက်အဝန်းဖြစ်စေဖို့ မျှော်မှန်းချက်များ လက်တွေ့ဆောင်ရွက်ကြပါစို့**”ဟူသည့် ဆောင်ပုဒ်အားအားပေးထောက်ခံပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား**

ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးနှင့် လူမှုစီးပွားရေးတိုးတက်မှုများသည် အာဆီယံ၏ဂုဏ်အင်္ဂါကို နိုင်ငံတကာတွင် အဆင့်မြှင့်တင်ပေးလျက်ရှိပါသည်။ ယနေ့ အာဆီယံဒေသသည် အာရှပစိဖိတ်ဒေသတိုးတက်မှု၏ ဗဟိုဖြစ်ပြီး ဒေသတွင်းနှင့် ပြင်ပငြိမ်းချမ်းလုံခြုံတည်ငြိမ်ရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

လွန်ခဲ့သည့်နှစ်များအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ခြင်း၊ ပညာရေး၊ သတင်းအချက်အလက်ရယူနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမြှင့်တင်ခြင်း၊ အာဆီယံအဖွဲ့ဝင်များအတွင်း ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းရေး လုပ်ဆောင်မှုများတွင် ထင်ရှားသည့်တိုးတက်မှုများရှိခဲ့ပါသည်။ ယနေ့ လူဦးရေစုစုပေါင်း ၆၂၅ သန်းရှိ၍ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးစုစုပေါင်း ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီလီယံရှိသည့် အာဆီယံသည် အာရှ၏ တတိယအကြီးမားဆုံး စီးပွားရေးဖြစ်ပြီး ကမ္ဘာ့စီးပွားရေးတွင် သတ္တမအကြီးမားဆုံးဖြစ်ပါသည်။

ကို အခြေခံသည့် အာဆီယံအသိုက်အဝန်းတစ်ရပ်ဖြစ်လာစေရန် မျှော်မှန်းထားပါသည်။

အာဆီယံအသိုက်အဝန်းအတွင်းရှိ ပြည်သူအားလုံးက စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ကြိုးပမ်းမှုများဖြင့် ထင်သာမြင်သာရှိသည့် အမြော်အမြင်ရှိသော တိုးတက်တီထွင်မှုရှိသည့် အနာဂတ်မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။

ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်ခြင်းနှင့် ကြွယ်ဝမှုတို့ဖြင့် စည်းနှောင်ထားသော အာဆီယံအသိုက်အဝန်း တစ်ရပ်ကို အပြည့်

## ❐ အာဆီယံ၏ အောင်မြင်မှုကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံတွင်းတည်ဆောက်မှုတွင် ဝိုင်းဝန်းအကူအညီပေးပါရန် နိုင်ငံသူနိုင်ငံသားများအားလုံးကို တိုက်တွန်း

## ❐ ယခုနှစ်သည် မြန်မာနိုင်ငံတွင် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းပြီးနောက် အစိုးရသစ်အတွက် အာဆီယံတွင်း ပထမနှစ်ဖြစ်သည်နှင့်အညီ စည်းမျဉ်းကိုအခြေခံသည့် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားမည်ဟု ကတိပြု

အာဆီယံ၏ တိုးတက်မှုများသည် အာဆီယံပေါင်းစည်းရေးကို များစွာအထောက်အကူပြုပါသည်။ ၁၉၉၂ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူညီချက်စတင်ခြင်းမှ အစပြုခဲ့ရာမှ ယနေ့တွင် အာဆီယံသည် ကမ္ဘာ့အဓိက စီးပွားရေးနိုင်ငံများနှင့် လည်းကောင်း၊ အလယ်အလတ် စီးပွားရေးနိုင်ငံများအားလုံးနှင့်လည်းကောင်း လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ကို အပြီးသတ်နိုင်သည့် တစ်ခုတည်းသော ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ဖြစ်လာခဲ့ပါသည်။

အာဆီယံသည် ဒေသဆိုင်ရာ ပြည့်စုံကျယ်ပြန့်သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးဆွေးနွေးညှိနှိုင်းမှုကို ပြုလုပ်နေရာ ထိုဆွေးနွေးမှုအပြီးသတ်ချိန်တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်အတွက် အကြီးမားဆုံးသော တစ်ခုတည်းသော ဈေးကွက်ဖြစ်လာပြီး ကမ္ဘာ့ပြည်တွင်း အသားတင်ထုတ်ကုန်၏ သုံးပုံတစ်ပုံရှိသော လွတ်လပ်သော ကုန်သွယ်မှုဒေသကြီး ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား**

မိမိတို့ဟာ အာဆီယံအသိုက်အဝန်းကို လာမည့် ၁၀ နှစ်အကြာတွင် နိုင်ငံရေးအရ စည်းလုံးမှုရှိသည့်အပြင် စီးပွားရေးအရ ပေါင်းစည်းဆက်သွယ်မှုရှိပြီး လူမှုရေးအရ တာဝန်ယူမှုရှိသည့် ပြည်သူ့ဗဟိုပြု၊ ပြည်သူ့အခြေပြုသော စည်းမျဉ်းအဝအကောင်အထည်ဖော်ရန် ကြိုးပမ်းရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံး၏ ပြည်သူများအားလုံး၌ တာဝန်ရှိပါသည်။ အဆိုပါ ရည်မှန်းချက်ပြည့်မီရေးအတွက် အာဆီယံအစိုးရများအနေဖြင့် ၎င်းတို့၏ ပြည်သူများအတွက် အခြေအနေကောင်းများကို ဖန်တီးပေးလျက်ရှိပါသည်။ သို့ပါ၍ အာဆီယံ၏ အောင်မြင်မှုကို အထောက်အပံ့ဖြစ်စေမည့် နိုင်ငံတွင်းတည်ဆောက်မှုတွင် ဝိုင်းဝန်းအကူအညီပေးပါရန် နိုင်ငံသူနိုင်ငံသားများအားလုံးကို တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ယခုနှစ်သည် မြန်မာနိုင်ငံတွင် အစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းပြီးနောက် အစိုးရသစ်အတွက် အာဆီယံတွင်း ပထမနှစ်ဖြစ်သည်နှင့်အညီ စည်းမျဉ်းကိုအခြေခံသည့် အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်း မိမိတို့နိုင်ငံသားများအား အသိပေးလိုပါသည်။

လာမည့်နှစ်သည် နှစ် ၅၀ ပြည့် အာဆီယံနှစ်ပတ်လည်အခါသမယဖြစ်ရာ အာဆီယံအသိုက်အဝန်းတည်ထောင်ရေးကို ဆတက်ထမ်းပိုးကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါသည်။ မိမိအနေဖြင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့်တကွ အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံးမှ ပြည်သူများအားလုံး ချမ်းသာသုခနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် အာဆီယံအသိုက်အဝန်း ဆက်လက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ရွှေတိဂုံစေတီတော်၌ ဝါတွင်း ဥပုသ်သီလ ခံယူဆောက်တည်နိုင်

**ရန်ကုန် ဩဂုတ် ၇** - ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဝါတွင်းဥပုသ်နေ့တိုင်း အပတ်စဉ် နံနက် ၉ နာရီခွဲမှစတင်ကာ စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများက ဝါတွင်း သီလပေးတရားတော်များကို အလှည့်ကျ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။

ဥပုသ်သီတင်း သီလခံယူဆောက်တည်လိုသူများ၊ ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဥပုသ်သီလခံယူဆောက်တည်နိုင်ရန် စေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားကြောင်း သိရှိရသည်။ **ကိုချစ်**



## ရန်ကုန်-ပုဂံ အမြန်ရထား ဘီးချော် အမြန်ဆုံးထွက်ခွာနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

**တောင်တွင်းကြီး ဩဂုတ် ၇**

ရန်ကုန်ဘူတာမှ ဩဂုတ် ၆ရက် ညနေ ၄ နာရီက စတင်ထွက်ခွာလာသော အမှတ် (၆၁)အဆန် ရန်ကုန်-ပုဂံ အမြန်ရထားသည် အောင်လံမြို့နယ် မိုးကောင်းဘူတာနှင့် ကေရာဇ်ဘူတာအကြား မိုင်တိုင်အမှတ် (၂၁၂/၄-၁၂)သို့ ဩဂုတ် ၇ ရက် နံနက် ၂ နာရီ မိနစ် ၂၀ အရောက်၌ ရိုးရိုးတန်းအတွဲနှစ်တွဲ၊ အိပ်စင်တစ်တွဲ၊ ဘရိတ်တစ်တွဲတို့ ဘီးချော်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ လက်ထောက်အင်ဂျင်နီယာ ဦးသိန်းထွန်း ဦးဆောင်သည့် သံလမ်းလုပ်သား ၂၀၊ ရထားရဲတပ်ဖွဲ့အမှတ်-၁၈ တောင်တွင်းကြီးတပ်ခွဲမှူး ရဲအုပ်စန်းထူးနိုင်၊ တပ်စုမှူး ဒုရဲအုပ် ဇော်လွင်ဦးနှင့် ရထားရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဘီးချော်ကျမှုကြောင့် ရထားစီးခရီးသည်များ၊ ရထားပိုင်ပစ္စည်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေး လုံခြုံရေးဆောင်ရွက်ပေးခဲ့သည့်အပြင် အစုန်/အဆန်ရထားများ အမြန်ဆုံးထွက်ခွာနိုင်ရေး၊ ပျက်စီးသွားသည့် ရထားသံလမ်းများ ကောင်းမွန်ရေး ဝိုင်းဝန်းကြိုးပမ်းကူညီဆောင်ရွက်ခဲ့ရာ ဩဂုတ် ၇ ရက် နံနက် ၁၁ နာရီက ရထားသံလမ်းများ ကောင်းမွန်ပြီဖြစ်၍ အစုန်/အဆန်ရထားများ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

(ဝ၈၅)

# ရခိုင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးမှူးများ တွေ့ဆုံပွဲကျင်းပ

**စစ်တွေ ဩဂုတ် ၇**

ရခိုင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးမှူးများ တွေ့ဆုံပွဲကို စစ်တွေမြို့ရှိ အာရီယန်ခန်းမ၌ ဩဂုတ် ၅ ရက် ည ၇ နာရီမှ ၁၀ နာရီအထိကျင်းပပြီး အချက်ငါးချက်ပါဝင်သော သဘောထားထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဘာပတိ ကျောက်တော်မြို့နယ် ကျန်းမာရေးမှူး(၁) ဦးဦးစောသိန်းက အမှာစကားပြောကြားပြီး ဆွေးနွေးမည့် အကြောင်းအရာများနှင့်ပတ်သက်၍ အမ်းမြို့နယ် ကျန်းမာရေးမှူး (၁) ဦးမောင်သန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲများကို အုပ်စုများဖွဲ့၍ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များမှ ကျန်းမာရေးမှူးများက ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

“ကျွန်တော်တို့ ဒီဖဲကြိုးပြာလှုပ်ရှားမှုကို ပြုလုပ်ရတာကတော့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှာ ကျန်းမာရေးမှူး မဟုတ်သူတွေကို လစာနှုန်းတူတယ်ဆိုပြီးတော့ ကျန်းမာရေးမှူးရာထူးနေရာတွေမှာ ခန့်ပေးထားပါတယ်။ အမှန် သူတို့တွေက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပညာနဲ့ ကျန်းမာရေးမှူးနဲ့ ဆိုင်တဲ့ သင်တန်းတွေမရှိတဲ့သူတွေပါ။ သူတို့တွေကို ခန့်လိုက်တာကြောင့် ကျန်းမာရေးမှူးတွေအတွက် နေရာတွေပိတ်သွားသလို ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုမှာလည်း အခက်အခဲတွေရှိလာနိုင်ပါတယ်။ ဒါကြောင့် ဒီဖဲကြိုးပြာလှုပ်ရှားမှုကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေကြတာပါ” ဟု မောင်တောခရိုင်မှ မြို့နယ်ကျန်းမာရေးမှူး ဦးမောင်အေးသာက ပြောသည်။

အခြေခံကျန်းမာရေးတက္ကသိုလ် B.Com H ဘွဲ့ရရှိထားပြီး မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းတွင် ပါဝင်လုပ်ကိုင်၍ မြောက်ဦးမြို့နယ်၌ တာဝန်ထမ်းဆောင်နေသော ရွှေဘိုမြို့မှ ကိုနိုင်ဇော်မိုးကလည်း “ကျွန်တော် သင်တန်းအပတ်စဉ် ၁၂ ဆင်းပါ။ အလုပ်မခန့်ပေးတဲ့အတွက် အခက်အခဲတွေရှိနေပါတယ်။ ကျွန်တော်တို့လို အလုပ်မရတဲ့သူတွေ ၈၀၀ ခန့်ရှိပါတယ်။ အလုပ်ခန့်ပေးပါလို့ ပြောလိုပါတယ်။ အခုတော့ ကျန်းမာရေးမှူး မဟုတ်သူတွေကို ခန့်ပေးလိုက်တာကြောင့် ကျွန်တော်တို့တွေအတွက် နေရာပိတ်သွားပါတယ်။ ဒီလိုသာ လုပ်နေရင် ပြည်သူ့ကျန်းမာရေးစနစ် ပိုဆိုးလာမှာပါ။ ကျန်းမာရေးမှူးတွေကို ကျန်းမာရေးမှူးနေရာမှာ လူမှန်နေရာမှန် ခန့်ပေးနိုင်ရင်တော့ ပြည်သူ့ကျန်းမာရေးစနစ် ပိုမိုကောင်းမွန်လာမှာပါ”ဟု ပြောသည်။

ဖဲကြိုးပြာလှုပ်ရှားမှုသို့ ရခိုင်ပြည်နယ်အတွင်းရှိ တာဝန်ထမ်းဆောင်ဆဲ ကျန်းမာရေးမှူးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းဝင်များတွင် ပါဝင်ကာ ကျန်းမာရေးတာဝန် ထမ်းဆောင်နေသော B.Com H ဘွဲ့ရ လူငယ်များ၊ အငြိမ်းစားကျန်းမာရေးမှူးများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ၏ အောင်မြင်ခဲ့သော ကျောက်ရောဂါ တိုက်ဖျက်ရေးနေ့မှသည် လက်ရှိပိုလီယိုရောဂါအပါအဝင် ရောဂါပေါင်းစုံ ကာကွယ်ရေးများကို ကျန်းမာရေးမှူးများက ရှေ့တန်းမှ ရပ်တည်ကာ ပြည်သူများနှင့်အတူ လက်တွဲတိုက်ဖျက်လျက်ရှိသည်။

**လေးဝတီထွန်းစောခိုင်**

**ဓာတ်ပုံ - ဓညစော**



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ASEAN Lifetime Achievement Award ဆုချီးမြှင့်




**နေပြည်တော် ဩဂုတ် ၇**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Don Chan Palace Hotel ၌ ဩဂုတ် ၆ ရက်တွင် ASEAN Strategy & Leadership Institute ကဦးစီးကျင်းပသည့် The 13th ASEAN Leadership Forum တွင် မြန်မာနိုင်ငံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ASEAN Lifetime achievement award ကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။

အဆိုပါဆုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်လက်ခံခဲ့သည်။ **(ဓာတ်ပုံ)** အခမ်းအနားတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် Mr. Samdech Techo Hun Sen နှင့် မလေးရှားဒုတိယဝန်ကြီးချုပ် H.E Dato' Seri Dr. Ahamd Zahid Hamidi တို့ကိုလည်း အလားတူ ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၆ ရက်မှ ၇ ရက်အထိကျင်းပသည့် The 13th ASEAN Leadership Forum သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်ခဲ့ပြီး Leading ASEAN Towards 2025-Making ASEAN Community Work ခေါင်းစဉ်ဖြင့်ကျင်းပသော ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။ အဆိုပါ စားပွဲဝိုင်းဆွေးနွေးပွဲသို့ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်း အိမ်ရာများ၊ လူပျို၊ အပျိုဆောင်များနှင့် အိမ်ရာများတွင် သီးပင်စားပင်များစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုံးကော်၊ စံပယ်၊ ဧက ၁၀၀၀ အိမ်ရာတို့ရှိ အရာထမ်း၊ အမှုထမ်းနေအိမ်များနှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ လူပျိုဆောင်၊ သဇင် (၁)၊ (၆) အပျိုဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်း များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# အဖျောက်မြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

**ရန်ကုန် ဩဂုတ် ၇**

အဖျောက်မြို့အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း (ယာယီ) တွင်ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများကို သက်ဆိုင်ရာက ယနေ့နံနက်ပိုင်းက ထောက်ပံ့မှုများပြုလုပ်ပေးခဲ့ကြောင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး) မှ သိရသည်။

"ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကယ်ဆယ်ရေးစခန်းကိုရောက်နေတဲ့ ရေဘေးသင့်ပြည်သူတွေကို အချိန်နဲ့တစ်ပြေးညီ သွားရောက်ထောက်ပံ့မှုတွေ လုပ်နေပါတယ်။ သူတို့တွေအတွက် အဓိကလိုအပ်တဲ့ ကယ်ဆယ်ရေးပစ္စည်း၊ ဆေးဝါးနဲ့ အစားအသောက်တွေကို ထောက်ပံ့ပေးနေပါတယ်"ဟု အဆိုပါဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းရွှေက ပြောသည်။

ထိုသို့ထောက်ပံ့မှုအနေဖြင့် အဖျောက်မြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်း(ယာယီ) ခြောက်ခုတွင် ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူအိမ်ထောင်စု ၃၀၁ စု၊ လူဦးရေ ၉၉၄ ဦးအတွက် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးအပြင် ဆန်ရိက္ခာဖိုး သုံးရက်စာငွေကျပ် ၈၉၄၆၀၀ နှင့် ခေါက်ဆွဲခြောက်ဖာ ၆၀၊ စားဆီသုံးဖာတို့ကို သက်ဆိုင်ရာက ယနေ့နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ပေးခဲ့သည်။

အလားတူ ဩဂုတ် ၆ ရက်က ဥက္ကံမြို့နှင့် တိုက်ကြီးမြို့နယ်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၉၀၊ လူဦးရေ ၇၁၉ ဦးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း လေးမျိုးအပြင် ခေါက်ဆွဲခြောက်ဖာ ၄၂၀၊ စားဆီ ၁၀ ဖာ ၊ရေသန့် ၆၅ ကတ်နှင့် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၆၄၇၁၀၀ တို့ကို သက်ဆိုင်ရာက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



## ၈.၈.၈၈

❖ ရှစ်လေးလုံးတဲ့ဟေ့
အိုးဝေသံ ညံညံကျူးလို့
တောင်ပံအစုံ
တဖြောင်းဖြောင်းခတ်တယ်
အာဏာရှင် အမှောင်ထုကို
ရိုက်ခွဲတဲ့နေ့။

❖ ရှစ်လေးလုံးတဲ့ဟေ့
လက်ရုံးတွေ ညီညီဆန့်လို့
ဟစ်ကြွေးသံ မာန်ဟုန်ပြင်းတယ်
လွတ်လပ်မှုကို အသက်နဲ့ရင်းပြီး
ချစ်တတ်တဲ့နေ့။ ။

**ဂျင်မီ**

# မြို့ပြအင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာဟောပြော

**မန္တလေး ဩဂုတ် ၇**

AGTI Society (မန္တလေး)က ကြီးမှူးကျင်းပသည့် မြို့ပြအင်ဂျင်နီယာဘာသာရပ်ဆိုင် ရာ ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ် လမ်း ၇၀ × ၂၈ လမ်းထောင့်ရှိ မန္တလေးစက်မှုလက်မှုသိပ္ပံခန်းမ၌ ကျင်းပရာ GTI Society ဗဟိုအလုပ်အမှုဆောင်တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးအသင်းဒုတိယဥက္ကဋ္ဌ ဦးစံရင်က AGTI Society အသင်းဖွဲ့စည်းပုံကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာ ဒေါက်တာ စိုးမြင့်က မိတ်ဆက်စကားပြောကြားသည်။ မြို့ပြအင်ဂျင်နီယာဘာသာရပ်နှင့်ပတ်သက်၍ အထွေထွေဗဟုသုတများကို သင်ကြားပို့ချပြီး ဟောပြောပွဲသို့ မြို့ပြအင်ဂျင်နီယာ ၈၀ တက်ရောက်ခဲ့သည်။ အဆိုပါ AGTI Society (မန္တလေး) အသင်းသို့ အသင်းဝင်လိုသူများသည် အဆင့်မြင့်ရတနာပုံဈေး မြေအောက်ထပ်ရှိ GTI ကျောင်းသားဟောင်းများအသင်း(မန္တလေး)ရုံးခွဲ ရုံးအဖွဲ့မှူး ဦးမြင့်ထွန်း ဖုန်း ၀၉-၇၇၁၉၀၆၀၀၃ သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြစ်ရေကြီးမှု သတိပေးချက်

၇-၈-၂၀၁၆

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ပဲခူးမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# တပ်ကုန်းမြို့၌ ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေး စည်းဝေး

**တပ်ကုန်း ဩဂုတ် ၇**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေးအတွက် ပထမအကြိမ် အစည်းအဝေးကို တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ယနေ့ညနေက ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းနှင့် မြို့မိမြို့ဖ ဒေါက်တာဝင်းလတ်တို့က ဗိုလ်ချုပ်ကြေးရုပ်ပုံရွေးချယ်ကြရန်၊ မြို့၏အချက်အချာကျသည့် မြေနေရာရွေးချယ်ကြရန်နှင့် အလှူငွေများရရှိအောင် ဆောင်ရွက်ရန် အမှာစကားပြောကြားကြသည်။ ထို့နောက် ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေးကော်မတီ ၁၁ ဦးအား တက်ရောက်လာကြသူများက ရွေးချယ်ကြပြီးနောက် စီးပွားရေးလုပ်ငန်းရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# စွမ်းအင်လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် သဘာဝဓာတ်ငွေ့ရည် (LNG)

## ကိုမျိုး(စွမ်းအင်)

*(ယမန်နေ့မှအဆက်)*

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည်**

LNG ဈေးနှုန်းသည် သယ်ယူပို့ဆောင်စရိတ်များ၊ အရည်မှ အငွေ့ပြောင်းခြင်း အစရှိသည့် လုပ်ငန်းစဉ်များကို ပြုလုပ်ရမည်ဖြစ်သဖြင့် ဈေးကြီးမြင့်မည်မှာမှန်သော်လည်း LNG ကို ပို့ဆောင်ရေးကဏ္ဍတွင် လည်းကောင်း၊ အိမ်သုံး LPG နေရာတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင်လည်းကောင်း သုံးစွဲနိုင်ပါသည်။ လိုအပ်လျက်ရှိသော သဘာဝဓာတ်ငွေ့အတွက် LNG တင်သွင်းပြီး သုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှုန်း ပိုမိုတိုးမြင့်လာပြီး မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မည် ဖြစ်ပေသည်။

LNG တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းတို့အတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ရမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ပြည်သူများသို့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်လည်းဖြစ်သည်။ LNG တင်သွင်းခြင်းသည် ဈေးနှုန်းကြီးမြင့်သော်လည်း LNG တင်သွင်း၍ Power Plant စက်ရုံများ ပိုမိုတည်ဆောက်နိုင်မည် ဖြစ်ပါသည်။ LNG တင်သွင်းခြင်းမှရရှိမည့် လျှပ်စစ်ဓာတ်အား တစ်ယူနစ်ဈေးနှုန်းသည် လက်ရှိသုံးစွဲနေသော ဓာတ်ငွေ့ဈေးနှုန်းထက် ဈေးကြီးနေမည်ဖြစ်သော်လည်း လက်ရှိတွင် ဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးသော မြန်မာနိုင်ငံတစ်ပြည်လုံးရှိ ၇၀ ရာခိုင်နှုန်းခန့် ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်းဖြင့် ရေရှည်တွင် ပြည်သူများအတွက် အကျိုးကျေးဇူးကောင်းများစွာကို ရရှိခံစားနိုင်မည်ဖြစ်သည်။

အာဆီယံနိုင်ငံများတွင်လည်း မလေးရှား၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့တွင် LNG Liquefaction Terminal များ တည်ဆောက်၍ ထုတ်လုပ်ရောင်းချလျက်ရှိပြီး မလေးရှား နှင့် ထိုင်းနိုင်ငံတို့သည် LNG Regasification Terminal များ ဆောက်လုပ်၍ နိုင်ငံ၏ လိုအပ်ချက်အတွက် LNG ပြန်လည်တင်သွင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ကမ်းလွန်စီမံကိန်းများမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို ရန်ကုန်ဒေသရှိ GT များနှင့် စက်ရုံများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် ရွာမ- လှော်ကား- သာကေတသို့ လက်မ ၃၀ ပိုက်လိုင်းကို အသစ်သွယ်တန်းထားပြီးဖြစ်သည်။

**ရန်ကုန်မြို့အတွက် လျှပ်စစ်**

LNG တင်သွင်းလာသည့်အချိန်တွင် အဆိုပါ ပိုက်လိုင်းကွန်ရက်ဖြင့် GT များနှင့် ရန်ကုန်ဒေသရှိ စက်ရုံအလုပ်ရုံများသို့ ပိုမိုဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သို့သော် LNG တင်သွင်းသော ဈေးနှုန်းသည် ကြီးမြင့်မည်ဖြစ်သဖြင့် စက်ရုံအလုပ်ရုံများနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းတို့အတွက် ယခုအချိန်ကဲ့သို့ လျှော့ဈေးနှုန်းဖြင့် ဖြန့်ဖြူးရန်ဖြစ်နိုင်တော့မည်မဟုတ်ကြောင်း၊ ကာလပေါက်ဈေးနှုန်းဖြင့် ပေးချေရမည့်အခြေအနေကို ပြည်သူများအနေဖြင့် သိရှိနားလည်ရန်လိုအပ်ပါသည်။



**Petronas ကုမ္ပဏီ၏ LNG Terminal**

LNG စီးပွားရေးကို ဆောင်ရွက်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကော်မတီဖွဲ့စည်း၍ World Bank ၏ အကူအညီဖြင့် Feasibility Study ကို ဆောင်ရွက်လျက်ရှိပြီး လက်ရှိဈေးကွက်အခြေအနေနှင့် ဝယ်လိုအား၊ သတ်မှတ်ရောင်းချသင့်သည့် ဈေးနှုန်းအခြေအနေတို့ကို လေ့လာလျက်ရှိသည့်အပြင် World Bank မှ Consultant ငှားရမ်းပြီး တင်ဒါခေါ်ယူခြင်းများ ဆောင်ရွက်နိုင်သည်အထိ ကူညီဆောင်ရွက်လျက်ရှိပါသည်။ Shell ကုမ္ပဏီမှလည်း ထားဝယ်အထူးစီးပွားရေးဇုန်တွင် LNG Receiving Terminal တည်ဆောက်၍ ဓာတ်ငွေ့တင်သွင်းဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**World Bank ၏ အကြံပြုချက်**

World Bank ၏ အကြံပြုချက်များအပေါ် မိမိနိုင်ငံ၊ ဒေသတွင်း လိုအပ်ချက်နှင့် ကိုက်ညီသည့် အခြေအနေပေါ်မူတည်၍ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကမ်းလွန်စီမံကိန်းများမှ ထပ်မံရရှိလာသည့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲရန် လုံလောက်ပါက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်အတွက်လည်း Liquification Plant များ တည်ဆောက်ပြီး LNG အဖြစ် ပြည်ပသို့တင်ပို့ရောင်းချခြင်းကိုလည်း ရေရှည်စီမံချက်အဖြစ် ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရသိရသည်။

**Myanmar Energy Master Plan**

လက်ရှိနိုင်ငံတော်၏ စီးပွားရေးမူဝါဒများ ပြောင်းလဲလာမှုနှင့်အညီ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ADB, JICA တို့ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် Myanmar Energy Master Plan ကိုရေးဆွဲခဲ့ရာ ၂၀၁၈ ခုနှစ်တွင် GT များ၊ စက်ရုံ အလုပ်ရုံများအတွက် သဘာဓာတ်ငွေ့ ပိုမိုလိုအပ်လာမည်ဖြစ်သောကြောင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် အလေးထားစဉ်းစားရန်လိုအပ်ပြီး LNG ဖြင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ■

# ကနီမြို့ ပြန်လည်ထူထောင်ရေးနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ကနီ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့တွင် ချင်းတွင်းမြစ်ရေသည် မြို့၏စိုးရိမ်ရေမှတ်အထက် ငါးပေကျော်အထိ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့၍ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် ကမ်းနားလမ်းများပေါ်၌ ရေပြန်လည်ကျဆင်းသွားချိန်တွင် ရွှံ့နွံများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို ဩဂုတ် ၆ ရက်က စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ သန့်ရှင်းရေးပြုလုပ်သော ကမ်းနားလမ်းတွင် မြို့နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ သွားရေးလာရေး ခက်ခဲမှုများ အဆင်ပြေစေရန်နှင့် မြို့သန့်ရှင်းသာယာရေးတို့ကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် အရာရှိများ၊ တပ်သားများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၊ မြို့နယ်သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ရေဘေးရှောင်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဝါးခယ်မ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာအုပ်စုတွင် မြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးအနီး နေအိမ်များမှ ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဆည်မြောင်းတာပေါင်များ သဲအိတ်ဆင့်ခြင်း၊ မြေဖို့ခြင်းတို့ကို ဩဂုတ် ၆ ရက်က ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အထက်ပေကုန်းကျေးရွာအုပ်စုရှိ မြစ်ကမ်းပါးအနီးတွင် နေထိုင်သော နေအိမ် ၁၁ လုံးမှ အိမ်ထောင်စုများ မြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုမဖြစ်ပေါ်ခင် ရေဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ကျေးရွာအတွင်း ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။ အဆိုပါ အိမ်ထောင်စု ၁၁ စုကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက အိမ်ထောင်စုတစ်စုလျှင် တာပေါ်လင်နှစ်ချပ်၊ လက်သမားသုံးပစ္စည်း ၁၃ မျိုးကို ထောက်ပံ့ပေးအပ်၍ ဆည်မြောင်းတာပေါင်များ၌ သဲအိတ်များဆင့်ခြင်း၊ မြေဖို့ခြင်းတို့ကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူပင် မြစ်ရေများမြင့်တက်လာမှုကြောင့် စပါးရိုကျေးရွာ၊ အောက်ဝဲကျေးရွာအုပ်စုများရှိ နေအိမ်အချို့တွင် နေအိမ်ကြမ်းခင်းအထိ ရေများထိစပ်မှုဖြစ်ပေါ်ခဲ့သဖြင့် လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးခဲ့ပြီး အိမ်ထောင်စု ၁၁၄ စုအား ခေါက်ဆွဲခြောက်ထုပ် များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

# တောင်ပြိုပြီး သစ်ပင်လဲကျမှုအား ရထားရဲတပ်ဖွဲ့နှင့် ခရီးသည်များက ဖယ်ရှားခဲ့

**နေပြည်တော် ဩဂုတ် ၇**

ပျဉ်းမနား-တောင်တွင်းကြီး ရထားလမ်းမကြီးပေါ်၌ ဩဂုတ် ၅ ရက် ည ၇ နာရီခွဲခန့်က လယ်ဝေးမြို့နယ် အောင်မြေယာဘူတာနှင့် ဒလန့်ချွန်ဘူတာကြား မိုင်တိုင်အမှတ်(၂၅၅/၁၈)မှ (၂၅၆/၁)ကြားရှိ ရထားသံလမ်းပေါ်သို့ တောင်ပြိုကျကာ ရထားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ရထားလမ်းပိတ်ဆို့မှုဖြစ်ပွားမှုကြောင့် အမှတ်(၁၀၃)အဆန် ပျဉ်းမနား-တောင်တွင်းကြီး ရထားပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည်များ၊ ယင်းရထားဖြင့် လုံခြုံရေးလိုက်ပါလာသော ရထားရဲတပ်ဖွဲ့အမှတ်(၉)တပ်ခွဲ၊ တပ်စု(၂)ပျဉ်းမနားမှ ရဲတပ်ကြပ်ရန်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမီးရထားဝန်ထမ်းများက ဝိုင်းဝန်းဖယ်ရှားခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် (၂၅၆/၁၅-၁၆) အရောက်တွင် ရထားပေါ်သို့ ထပ်မံတောင်ပြိုကျခဲ့ပြီး သစ်ပင်ကန့်လန့်ဖြတ်လဲကျခဲ့သဖြင့် ရထားအား ရပ်တန့်ထားရှိ၍ ရထားလမ်းပိုင်း ခေတ္တပိတ်ထားခဲ့ရပြီး ဆက်လက်ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ကြရာ ဩဂုတ် ၆ ရက် နံနက် ၆ နာရီကျော်တွင် ဖယ်ရှားပြီးစီးခဲ့သဖြင့် ရထားမှာ တောင်တွင်းကြီးဘက်သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



# ဒုတိယကမ္ဘာစစ်အတွင်း ကချင်ပြည်နယ်၌ ကျဆုံးခဲ့သော တရုတ်မဟာမိတ်စစ်သည်များအတွက် ဂူသင်္ချိုင်းဆောက်ရန်ဆွေးနွေး



**မြစ်ကြီးနား ဩဂုတ် ၇**

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာပြည်မြောက်ဖျားဒေသ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဟာမိတ်စစ်သည် လေးသိန်းကျော် ကျဆုံးခဲ့ပြီး ကချင်ပြည်နယ်အတွင်း စစ်သည်ခုနစ်ထောင်နီးပါးကျဆုံးခဲ့ရာ ကျဆုံးခဲ့သော မဟာမိတ်စစ်သည်များအတွက် အထိမ်းအမှတ်ဂူသင်္ချိုင်းဆောက်လုပ်ရေးနှင့် မြစ်ကြီးနားမြို့တွင် အဆိုပါကျဆုံးစစ်သည်များ၏ ဂူသင်္ချိုင်းသုံးနေရာရှိကြောင်း သိရသည်။

ယခုအချိန်တွင် အဆိုပါနေရာများသည် ပျက်စီးလျက်ရှိသည့်အတွက် ပြန်လည်ပြုပြင်၍ သားစဉ်မြေးဆက် ဂါရဝပြုနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမဆောင်၌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်၊ လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လူမှုရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Li Guiguang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှုကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**(ပြည်နယ် ပြန်/ဆက်)**



# တိမ်ကောနေသည့် ချောင်းအား တူးဖော်ပေးရန် တောင်သူဦးကြီးများ မျှော်လင့်လျက်ရှိ

**ဒလ ဩဂုတ် ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သပြေကုန်းကျေးရွာအတွင်းရှိ ကွင်းအမှတ်(၁၈၅)အနီး၌ရှိသော အလံငူ ချောင်းလက်တက် ညောင်ကားယားချောင်းသည် တိမ်ကောလျက်ရှိပြီး ရေစီးရေလာမကောင်းခြင်းတို့ကြောင့် နှစ်စဉ် မိုးရာသီရောက်တိုင်း လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုနှင့် ရေနစ်မြုပ်ခြင်းတို့ကြောင့် နှစ်စဉ် မိုးစပါးစိုက်ပျိုးမှုများ မအောင်မြင်သဖြင့် တောင်သူဦးကြီးများက တိမ်ကောနေသည့် ချောင်းအား ပြန်လည်တူးဖော်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် လယ်ယာမြေများ ရေနစ်မြုပ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးလျက်ရှိသော လယ်မြေ ၁၄ ဧကရှိသည့် တောင်သူ ဦးသန်းအောင်နှင့် လယ်ရှစ်ဧကရှိသည့် တောင်သူ ဦးကျော်ဆွေတို့က "အဲ့ဒီချောင်းက တိမ်ကောနေတာ သုံးနှစ်လောက်ရှိပါပြီ။ ချောင်းအနီးမှာ လယ်သမား ၈၀ ခန့်ရှိကာ သူတို့အားလုံး မိမိလယ်တွေရေမနစ်မြုပ်အောင် ချောင်းကိုအားပြုပြီး ရေလွှတ်နေကြရတာမို့ ယခု တိမ်ကောပြီး တူးဖော်မှုလည်းမရှိ၊ ချောင်းက ရေမစီးဘဲ ရေသေလို ဖြစ်နေတာကြောင့် တချို့လယ်တွေဆို မျိုးစပါး သုံးထပ်လောက် ကြဲရတယ်။ ရေနစ်မြုပ်လို့ စိုက်မရတဲ့လယ်တွေကို ဒီအတိုင်း ထားရတယ်။ ချောင်းကို အမြန်တူးဖော်ပေးရင် ရေစီးရေလာကောင်းပြီး လယ်ယာမြေတွေ ဆုံးရှုံးမှုမရှိ ပြန်လည်စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဌာနတွေက တိမ်ကောနေတဲ့ ညောင်ကားယားချောင်းကို ပြန်လည်တူးဖော်ပေးဖို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ ညောင်ကားယားချောင်းသည် အရှည်ပေ ၅၀၀၀ ခန့်ရှိပြီး လယ်ဧက ၄၀၀ ကျော်ရှိသည့် တောင်သူဦးကြီးများ အားပြုရေလွှတ်နေကြရသည့် ရိုးချောင်းတစ်ခုဖြစ်ကြောင်း၊ လယ်ယာမြေများအတွင်း ရေကြီးနစ်မြုပ်မှုတို့ကြောင့် မိုးစပါးစိုက်ပျိုးမှုတွင် ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခံစားနေရကြောင်း သိရသည်။ **နိုင်လင်းကျော်(ပြန်/ဆက်)**

# သစ်တောပြုန်းတီးမှုမဖြစ်ပေါ်စေရန် တရားမဝင်လက်ကိုင်စက်လွှများ လက်ဝယ်ထားရှိသုံးစွဲသူများက သစ်တောဌာနသို့အပ်နှံ

**ကသာ ဩဂုတ် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှု မဖြစ်ပေါ်စေရန် တရားမဝင်လက်ကိုင် စက်လွှများ လက်ဝယ်ထားရှိသုံးစွဲသူများက သစ်တောဦးစီးဌာနသို့ အပ်နှံခြင်းကို ကသာမြို့နယ် မင်းလယ်ကျေးရွာရှိ ဓမ္မသာလနားနေဆောင်၌ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

သစ်ပင်သည် အောက်ဆီဂျင်ဓာတ်ကို ထုတ်လွှင့်ပေးကာ လူသားနှင့် တိရစ္ဆာန်များကိုအကျိုးပြုပြီး ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ စုပ်ယူ၍ ရေအရင်းအမြစ်များ ပျက်စီးမှုမရှိစေရေးနှင့် အချိန်တိုအတွင်း သစ်တောပြုန်းတီးမှုမရှိစေရန်အတွက် လက်ကိုင်စက်လွှများ ကိုင်တွယ်သူ၊ ရောင်းဝယ်ဖြန့်ချိသူများကို တားမြစ်လျက်ရှိသည်။

ယင်းမှာသဘာဝပတ်ဝန်းကျင်သစ်တောများ စိမ်းလန်းစိုပြည်မှု လျော့ကျလာခြင်း၊ မလိုလားအပ်သော သဘာဝပတ်ဝန်းကျင် ရေမြေပေါ်၌ ရေကြီးခြင်း၊ မိုးများခြင်း၊ မြေပြိုခြင်း၊ လျှပ်လှုပ်ခြင်း၊ တောမီးလောင်ခြင်း၊ နေပူချိန်မြင့်တက်စေခြင်း စသည့် စိုးရိမ်ထိတ်လန့်ဖွယ်ရာများနှင့် ကြုံတွေ့လာကြရသည့်အတွက် အမြဲစိမ်းသစ်တောများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ယခုစိုက် ယခုခံစားမှု မရှိနိုင်သော်လည်း အနာဂတ် လူသားနှင့် တိရစ္ဆာန်တို့ပျက်စီးဆုံးရှုံးမှုနှင့် သစ်ပင်များ ပျက်စီးဆုံးရှုံးမှု ကျဆင်းစေရေးအတွက် တားမြစ်ရခြင်းဖြစ်ကြောင်း၊ အမြဲစိမ်းသစ်တောများ ထိန်းသိမ်းကာကွယ်မှု တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ပြီး သစ်တောသစ်ပင်များ ရှင်သန်ကြီးထွားလာအောင် ထိန်းသိမ်းပေးရန် ခရိုင်သစ်တော လက်ထောက်ညွှန်ကြားရေးမှူးက အသိပညာပေးရှင်းလင်းပြောကြားသည်။

အဆိုပါ အခမ်းအနားတွင် ကသာမြို့နယ်အတွင်း တရားမဝင်လက်ကိုင်စက်လွှများ လက်ဝယ်ထားရှိမှု စစ်ဆေးကြီးကြပ်မှုကော်မတီဝင်များ ဖြစ်ကြသည့် မြို့နယ်စစ်ဆေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် သစ်တောလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမောင်မောင်နိုင်၊ သစ်ထုတ်ရေး လက်ထောက်မန်နေဂျာ ဦးဌေးကိုကို၊ စည်ပင်သာယာရေး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် သတင်းမီဒီယာများ တက်ရောက်၍ ကသာမြို့နယ် မင်းလယ်ကျေးရွာက ၁၈ လက်၊ နွားကူးကျေးရွာက ခြောက်လက်၊ မက်လင်ချောင်းကျေးရွာက နှစ်လက် အပ်နှံခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**



## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **(မိုး/ဇလ)**

# ၁၂ ရက်ကြာ ပိတ်ထားသော ချင်းတွင်းရေယာဉ်လိုင်းပြန်ဖွင့်လိုက်ရာ အညာပို့ကုန်များ ပိုမိုများပြား

**မုံရွာ ဩဂုတ် ၇**

စိုးရိမ်ရေမှတ်အထက် ရှိနေသေးသော်လည်း ယခင်ရက်များနှင့်မတူဘဲ ချင်းတွင်းမြစ်ရေ ကျလာပြီဖြစ်၍ ရေကြောင်းထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့က ရေယာဉ်ခရီးစဉ်များကို ပြေးဆွဲခွင့်ပြုလိုက်ပြီဖြစ်ရာ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ကုန်တင်ရေယာဉ် ၄၇ စင်းနှင့် လူစီးအမြန်ရေယာဉ် ခုနစ်စင်းတို့ မုံရွာမြို့ဆိပ်ကမ်းရေယာဉ်ဂိတ်အသီးသီးမှ ထွက်ခွာသွားကြပြီဖြစ်ကြောင်း ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးညွှန့်ထွန်းထံမှ သိရသည်။

"ဒီနေ့မနက်မှာပဲ ကုန်တင်ယာဉ် ၄၇ စင်းနဲ့ အမြန်ရေယာဉ်ခုနစ်စင်းတို့ ထွက်သွားကြပါပြီ။ ရေကြောင်း ၁၂ ရက်ပိတ်ထားလို့ ခရီးသည်များမယ်လို့ ထင်ထားကြပေမယ့် ရေကြီးနေတဲ့အတွက် ခရီးသည် သိပ်မရှိပါဘူး။ တစ်စင်းကိုခရီးသည် ၇၀ ကျော်မှ ၈၀ လောက်အထိ ခုနစ်စင်း ထွက်သွားကြတာပါ။ နောက်ဆုံးတစ်စင်းက လူ ၄၀ လောက်ပဲ ပါသွားတယ်။ ကုန်တင်ရေယာဉ်တွေကတော့ တစ်စင်းကို အကြီးဆိုရင် တန် ၁၀၀ နီးပါးလောက်တင်သွားကြပြီး အသေးကတော့ တန် ၅၀ နဲ့ ၇၀ ကြားတင်သွားကြပါတယ်" ဟု ဦးမျိုးညွှန့်ထွန်းက ပြောပြသည်။

ရေကြီးရက်ရှည်၍ ရေယာဉ်ပြေးဆွဲမှုပိတ်ထားသည့်ရက် ရှည်သောကြောင့် အညာဒေသ ဟုမ္မလင်း၊ ခန္တီး မော်လိုက်၊ ဖောင်းပြင်စသည့်ဒေသများတွင် စားသောက်ကုန်များနှင့် လူသုံးကုန်များပြတ်လပ်မှုမရှိသေးသော်လည်း လိုအပ်ချက်ရှိနေပြီဖြစ်ရာ ယနေ့နံနက် ထွက်သွားသော ကုန်တင်ရေယာဉ် ၄၇ စင်းတွင် စားသောက်ကုန်အများဆုံး ပါဝင်ပြီး ဒုတိယအများဆုံးမှာ စက်သုံးဆီတင်ပို့မှုဖြစ်ကြောင်း သိရသည်။

ကုန်စည်တင်ပို့ရာတွင် ကုန်တင်ရေယာဉ်များအနေဖြင့် ကုန်အဆမတန်တင်ဆောင်မှုမရှိစေရန် သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ပြီး တန်ပိုတင်ထားသည့် ရေယာဉ်အချို့ကို စားသောက်ကုန် ဦးစားပေးတင်စေပြီး စက်သုံးဆီပေပါများကိုသာ ပြန်ချခိုင်းခြင်းများရှိကြောင်း သိရသည်။

ရေဘေးကာကွယ်သည့်အနေဖြင့် ခရီးသွားများ အသက်ကယ်အင်္ကျီ ဝတ်မဝတ်ကို စစ်ဆေးပြီး ထွက်ခွာမည့် ရေယာဉ်များသတ်မှတ်ထားသည့် စည်းကမ်းချက်များ လိုက်နာမှု ရှိ မရှိ စစ်ဆေးပြီးမှသာ ထွက်ခွာစေခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



❋ *ကျောဖုံးမှ*

ထန်ပါခွေတိုက်နယ် ဆရာဝန် ဦးဆောင်သော ကွင်းဆင်းအဖွဲ့မှ ထန်ခေါ် လာမား ကျေးရွာတွင် ဇူလိုင် ၂၃ ရက်မှ ၂၉ ရက်အထိ ယာယီဆေးခန်းဖွင့်လှစ်၍ ဆေးကုသမှုပေးခဲ့ရာ လာရောက်ပြသသူလူနာ ၁၆၂ ဦးအနက် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ မျက်စိနီရဲခြင်းနှင့် အရေပြားတွင် အနီစက်ထွက်ခြင်း ရောဂါလက္ခဏာရှိသူ ၁၄ ဦး တွေ့ရှိကုသမှုပေးခဲ့ပြီး ဇူလိုင် ၃၁ ရက်မှစ၍ ကာရော်နောက်ညိုကျေး လက်ကျန်းမာရေးဌာနမှ လက်ထောက် ကျန်းမာရေးမှူးနှင့် သားဖွားဆရာမတို့က ထန်ခေါ်လာမား ကျေးရွာတွင် ယာယီဆေးခန်းဖွင့်လှစ်၍ ကုသမှုပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထန်ခေါ်လာမားကျေးရွာမှ လူနာငါးဦး၏ သွေးနမူနာအား အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်မြို့)သို့ ပေးပို့စစ်ဆေးခဲ့ရာ လူနာသုံးဦးတွင် Measles IgM Ab ELISA – Positive ဖြစ်ကြောင်း ဩဂုတ် ၅ ရက်တွင် အကြောင်းပြန်ကြားခဲ့သဖြင့် အဆိုပါဖြစ်စဉ်အား ဝက်သက်ရောဂါ အစုလိုက်ဖြစ်ပွားမှုဟု သတ်မှတ်၍ ဒေသတွင်းရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခြင်းနှင့် ဝက်သက်ရောဂါတုံ့ပြန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၅ ရက်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ဆရာဝန်ကြီးနှင့် ၄က်ဖျား ဆရာဝန်ကြီးခေါင်းဆောင်သော ဗဟိုအဆင့် ကွင်းဆင်းအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ဆရာဝန်နှင့် ခန္တီးခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်တို့ပါဝင်သော ကွင်းဆင်းအဖွဲ့တို့သည် တပ်မတော်ဆေးအဖွဲ့နှင့်ပူးပေါင်း၍ လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရောဂါကာကွယ်ထိန်းချုပ်ခြင်းနှင့် ဆေးကုသခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

နန်းယွန်းမြို့နယ်ရှိ ကျေးရွာများတွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ဖျားခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ ခန္ဓာ ကိုယ်ရောင်ရမ်းခြင်း လက္ခဏာများဖြင့် အသက်ငါးနှစ်အောက် ကလေး ၁၁ ဦး၊ အသက် ၂၄ နှစ် တစ်ဦး၊ အသက် ၅၄ နှစ်တစ်ဦး၊ သေဆုံးသူ စုစုပေါင်း ၁၃ ဦးရှိကြောင်း သတင်းရရှိသဖြင့် ဩဂုတ် ၃ ရက်တွင် ဒုံဟီးတိုက်နယ်ဆရာဝန် ဦးဆောင်သော ကွင်းဆင်းအဖွဲ့က သွားရောက်၍ ဆေးကုသမှုပေးခြင်း၊ ရောဂါ ဖြစ်ပွားမှုအား စုံစမ်းစစ်ဆေးခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိသည်။ ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် နန်းယွန်း မြို့နယ်အတွင်းရှိ အဆိုပါကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရာသီဥတုအခြေအနေ ကောင်းမွန်ပါက တပ်မတော် ရဟတ်ယာဉ်များအသုံးပြု၍ ကွင်းဆင်းဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိပြီးဖြစ်သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးလွင်ငြိမ်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သံလွင်ထွန်းတို့ဦးဆောင်၍ ကူးစက်ဆရာ ဝန်ကြီး ငါးဦးပါဝင်သော ကွင်းဆင်းအဖွဲ့က ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ်နှင့် နန်းယွန်း မြို့နယ်များသို့ ရောက်ရှိပြီး ဆေးကုသရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ ဝက်သက်ရောဂါတုံ့ပြန်ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် နာဂဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသားလေကြောင်း မန္တလေးနှင့် ဗန်ကောက်တိုက်ရိုက်ပြေးဆွဲမည်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA)၏ နိုင်ငံတကာခရီးစဉ်အဖြစ် စတင်ပျံသန်းမည့် မန္တလေး- ဗန်ကောက် ခရီးစဉ်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းလိုင်း ရုံးချုပ်၌ ကျင်းပသည်။

"အရင်က မြန်မာ့လေကြောင်း အနေနဲ့ ဗန်ကောက်မြို့ကို ၁၉၅၀ ပြည့်နှစ်မှ ၁၉၉၃ ခုနှစ်အထိတိုင်အောင်ပြေးဆွဲခဲ့ပါတယ်။ အခုအချိန်မှာတော့ မြန်မာအမျိုးသားလေကြောင်း လိုင်းအနေနဲ့ ဗန်ကောက်မြို့ကို အခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်ကစပြီး ပြေးဆွဲခဲ့ပါတယ်။ အထက်မြန်မာပြည်မိဘပြည်သူတွေ သွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေဖို့ အခု ဩဂုတ် ၃၁ ရက်က စတင်ပြီး ဗန်ကောက်-မန္တလေး-ဗန်ကောက်ခရီးစဉ်သစ်ကို စတင်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်"ဟု အမှုဆောင်အရာရှိချုပ် ကပ္ပတိန်ဦးသန်းထွန်းက ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ၂၀၁၅ ခုနှစ်တွင် စင်ကာပူနှင့် ဟောင်ကောင်မြို့များသို့ နိုင်ငံတကာလေကြောင်းလိုင်းအဖြစ် စတင်ပြေးဆွဲလျက်ရှိရာမှ ယခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်-ဗန်ကောက်ခရီးစဉ်ကို ချဲ့ထွင်ပြေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှ ဆက်လက်၍ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်/ ထွက်သွားလာရာ အဓိကမြို့ကြီးတစ်မြို့ဖြစ်သည့် မန္တလေးမြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲမှုခရီးစဉ်သစ်ကို ချဲ့ထွင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယခုလဩဂုတ် ၃၁ ရက်တွင် လေကြောင်းခရီးစဉ်အမှတ် UB-020 သည် ဗန်ကောက်မှနံနက် ၉ နာရီမိနစ် ၂၀ တွင် ထွက်ခွာပြီး မန္တလေးသို့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းမှဆက်လက်၍ရန်ကုန်သို့ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်သို့မွန်းလွဲ ၁၂ နာရီခွဲတွင်ရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းလေကြောင်းခရီးစဉ်သည် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ သုံးရက်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၅ ရက်တွင် လေကြောင်းခရီးစဉ်အမှတ် UB-017 သည် ရန်ကုန်မြို့မှ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ညနေ ၄ နာရီ ၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် ညနေ ၅ နာရီ ၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး ဗန်ကောက်သို့ ည ၇ နာရီမိနစ် ၂၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်မှာလည်း တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ သုံးရက်ပြေးဆွဲမည် ဖြစ်ကြောင်း၊ လေယာဉ်လက်မှတ်များကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝယ်ယူနိုင်သည့် 1-2-3 ဝန်ဆောင်မှုကိုလည်း အွန်လိုင်းအသုံးပြုဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ပြည်တွင်း ၂၇ မြို့သို့ ချိတ်ဆက်ပျံသန်းနေကြောင်းသိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



○ *ကျောဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရေလယ်သောင်ကျေးရွာ ဘုန်းကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၂၀၅၄၀၅၀ရှိ ဆန်နှင့် ခေါက်ဆွဲခြောက်များကို လည်းကောင်း၊ ပုသိမ်မြို့နယ်တွင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂၄၅၈၈၃ ရှိ ဆန်နှင့် ငါးသေတ္တာများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် တိုက်ကြီးမြို့နယ် ဥက္ကံနှင့် အဖျောက်မြို့နယ်များရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် တန်ဖိုးငွေကျပ် ၅၈၁၂၃၅၀ ရှိ ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ခေါက်ဆွဲခြောက်နှင့် စားဆီများကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မကွေးပရဟိတအဖွဲ့နှင့်ပူးပေါင်း၍ ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် ဆန် ၁၃ အိတ် ၁၈ ပြည်ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ခဲ့မှုမှာ ဩဂုတ် ၇ ရက်အထိ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၃၃၆၀ ခန့် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကျန်ရှိသောမြို့နယ်များသို့လည်း ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ စီကိုလည်း ပေးပို့ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရာကွက်၍ မိုးကြီးနိုင်

ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်။ မန္တလေးနှင့် မကွေးတိုင်းဒေသကြီး၊ ကယား၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာ ကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ **(မိုး/ဇလ)**

# ၇-၈-၂၀၁၆ ရက်နေ့ မြစ်ရေအခြေအနေပြဇယား




ဟင်္သာတမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ပခုက္ကူမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




မင်းဘူးမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ပြည်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ဇလွန်မြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)




ဆိပ်သာမြို့ ဧရာဝတီမြစ်ရေအခြေအနေ (စင်တီမီတာ)

# ရေလွှတ်ရာသို့ ခေတ္တပြောင်းရွှေ့ခဲ့သည့် မိသားစုများအား ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လှိုင်မြစ်၏ စိုးရိမ်ရေမှတ်မှာ ၂၄ ပေ ဖြစ်ပြီး ဩဂုတ် ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ရေမှာ ၂၃ ပေ ၆ လက်မအထိ တိုးမြင့်လာခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ရေတိုးမြင့်လာမှုကြောင့် တိုက်ကြီးမြို့နယ် ဝဲကြီး၊ သနပ်ကုန်း၊ ဘုရားကုန်း၊ တကူဆိပ်၊ ကျောင်းကုန်းနှင့် ဘိန္ဓောကျေးရွာတို့မှ အိမ်ထောင်စု ၁၀၁ စု၊ လူဦးရေ ၃၆၇ ဦး နှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ထုံးတဘိုကျေးရွာမှ အိမ်ထောင်စု သုံးစု၊ လူဦးရေ ခုနစ်ဦးတို့ကို ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲမှစတင်၍ ရေလွှတ်ရာဖြစ်သည့် ဂေါ့ကျေးရွာအုပ်စု မြသက်သာကျေးရွာရှိ မြသက်သာဘုရားတန်ဆောင်းသို့ ခေတ္တပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ဩဂုတ် ၄ ရက်ကလည်း ဘုရားကုန်းနှင့် ဝဲကြီးကျေးရွာတို့မှ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၅၁ ဦးတို့ကို မြသက်သာဘုရား ကုန်းတန်ဆောင်းသို့ ခေတ္တပြောင်းရွှေ့နေရာချထားပေးခဲ့ပြီးဖြစ်သည်။ ဩဂုတ် ၆ ရက်က အဖျောက်မြို့ ရေပေါ်သောင်ကျေးရွာအုပ်စု အလယ်ကင်းကျေးရွာသို့ ဧရာဝတီမြစ်ရေ ငါးပေခန့် ဝင်ရောက်ခဲ့သဖြင့် ယင်းကျေးရွာရှိ အိမ်ထောင်စု ၁၅၁ စု၊ လူဦးရေ ၄၁၆ ဦးတို့ကို အဖျောက်မြို့ရှိ မဟာသံတန်တောင်း ဘုရားတန်ဆောင်းသို့ပြောင်းရွှေ့ပြီး အင်းဝဘုန်းတော်ကြီးကျောင်း၊ ရိပ်သာဘုန်းတော်ကြီးကျောင်း၊ ပခန်းကြီးဘုန်းတော်ကြီးကျောင်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

ယင်းကဲ့သို့ မိသားစုများ ခေတ္တပြောင်းရွှေ့နေရာချထားရာတွင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့နှင့် ဥက္ကံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အတူ လုံခြုံရေးနှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ဩဂုတ် ၄ ရက်က မှော်ဘီမြို့နယ်ရှိ မြစ်ကျိုးကျေးရွာဟောင်းအတွင်းသို့ ရေဝင်ရောက်နေသဖြင့် ကျေးရွာရှိ သံဃာတော်များနှင့် မိသားစုများ သောက်ရေအဆင်ပြေစေရန် မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့နှင့် မြောင်းတကာရဲကင်းစခန်းက ရေသန့်ဘူးများ လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**



ဩဂုတ် ၆ ရက် ည ၇ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းပြီး လေတိုက်ခတ်ရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လှထိပ်ခေါင်(၃)လမ်း တိုက်(၅၃၅၄) အနီးရှိ အမြင့်ပေ ၄၀ ခန့် ဘောစကိုင်းပင်တစ်ပင် အမြစ်မှကျွတ်၍ လျှပ်စစ်ဓာတ်အားကြိုးများပေါ်နှင့် ရပ်ထားသော ဌာနပိုင်ယာဉ်တစ်စီးပေါ်သို့ လဲကျနေစဉ်
ကိုပေါက်(ဥက္ကာမြေ)



# ဒိုက်ဦး၌ ရေကြီးမှုကြောင့် ဆေးရုံအတွင်းရှိလူနာများ ရွှေ့ပြောင်း

**ဒိုက်ဦး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအချို့၌ ယခုရက်ပိုင်းအတွင်း ကောလိယချောင်းနှင့် ဒရယ်မီးချောင်းတို့မှ ရေများဝင်ရောက်မှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ကာ ရေဘေးသင့်ပြည်သူများအား ဘုန်းကြီးကျောင်းနှင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်

"လက်ရှိကတော့ မင်းတဲဦးကျောင်း၊ ကံဦးကျောင်း၊ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းများမှာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပါတယ်။ ဒိုက်ဦးမြို့ထဲမှာလည်း ရပ်ကွက်အချို့၊ ဌာနဆိုင်ရာရုံး၊ ရဲစခန်းနဲ့ ဆေးရုံတွေထဲ ရေတွေဝင်ရောက်နေတာကြောင့် လူနာတွေကို ပြည်လုံးချမ်းသာဘုရားရင်ပြင်တော်ပေါ် ရွှေ့ပြောင်းထားပါတယ်။ ဒိုက်ဦးမြို့ထဲက မြို့သစ်ရပ်ကွက်(က)နဲ့(ခ)က မြေနိမ့်ပိုင်းဆိုတော့ ရေဘေးဒဏ်ပိုပြီး ခံစားရပါတယ်။ လယ်မြေတွေလည်း ရေတွေနစ်မြုပ်ပြီး လောလောဆယ်တော့ သက်ဆိုင်ရာဌာနဆိုင်ရာနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေက ရေဘေးသင့်အိမ်ထောင်စုစာရင်းနဲ့ နစ်မြုပ်လယ်ဧကစာရင်းတွေ လိုက်လံကောက်ယူနေပါတယ်။ အခုချိန်မှာတော့ ရေက ရပ်တန့်နေပြီး ရေဘေးသင့်ပြည်သူတွေကို ပရဟိတ လူမှုရေးအသင်းအဖွဲ့တွေ၊ စေတနာရှင်ပြည်သူတွေနဲ့ ဌာနဆိုင်ရာတွေက ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဒိုက်ဦးမြို့ မင်းတဲရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲမြို့ | ၂၀၇၇၄ | ၁.၄၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၀.၇၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၄၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး- အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၆၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- တောင်ငူမြို့ | ၃၅၂၀၀ | ၀.၁၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၁.၂၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၀.၄၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၀.၆၀' |
| ၉။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၉၉' |
| ၁၀။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၉၀' |
| ၁၁။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၁.၆၅' |
| ၁၂။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၆.၃၀' |
| ၁၃။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၀.၉၀' |
| ၁၄။ | ရင်းရှည်ရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၂၆၀၀ | ၀.၄၀' |
| ၁၅။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၇.၃၀' |
| ၁၆။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၅၀' |
| ၁၇။ | မဒေးရေလှောင်တမံ | မကွေး- ကံမမြို့ | ၅၃၉၀၈ | ၀.၅၀' |
| ၁၈။ | ချောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၄၀' |
| ၁၉။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၀.၈၀' |
| ၂၀။ | ကွန်ချောင်းရေလှောင်တမံ | ဧရာဝတီ-ကြံခင်းမြို့ | ၉၈၄၀၀ | ၀.၃၀' |
| ၂၁။ | နန်ကသူရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၄၀၄၈၇ | ၁.၄၀' |
| ၂၂။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၅၀' |

**(သတင်းစဉ်)**

# ဖောင်းပြင်မြို့နယ် ပိုးစာကုန်းကျေးရွာ၌ ကမ်းပါးပြို

**ဖောင်းပြင် ဩဂုတ် ၇**

ဖောင်းပြင်မြို့နယ်၌ ဩဂုတ် ၇ ရက် နံနက်ပိုင်းမှစတင်ကာ ပိုးစာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့နှင့် ကျေးရွာအလယ်တန်းကျောင်းရှေ့ကြား ရွှေနှလုံးသားပရဟိတနာရေးကူညီမှုအသင်းနှင့် လူမှုကူညီရေးအသင်းရုံးဘေး၌ ပစောက်ပုံသဏ္ဌာန် အနက်ရှစ်ပေ၊ အကျယ် ၃၄ ပေဖြစ်ပေါ်ပြီး ကမ်းပါးပြိုကျနိမ့်ဆင်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ကြည့်ရှုစစ်ဆေးကာ သဘာဝဘေးမြေပြိုမှု ကြိုတင်ကာကွယ်ရေးအတွက် အရေးတကြီးလုပ်ဆောင်ရမည့် နည်းလမ်းများအား ညှိနှိုင်းဆွေးနွေးမှာကြားခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များကလည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် စိုးရိမ်ရေမှတ်နှင့် အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက်သို့ ကျော်လွန်နေပြီး ဩဂုတ် ၇ ရက် ညနေ ၄ နာရီတွင် ၂၆ ဒသမ ၃၀ ပေအထိ မြင့်တက်လျက်ရှိရာ အမှတ်(၁) ရပ်ကွက် စံအောင်တာအနီး လူနေအိမ်အချို့ရေဝင်နေသည်ကို တွေ့ရစဉ်
ထွန်းကျော်(ညောင်တုန်း)

## မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ယီမင်မြို့တော် ဆာနားအရှေ့ပိုင်းတွင် သမ္မတဟာဒီ၏ သစ္စာတော်ခံတပ်များ ကျူးကျော်တိုက်ခိုက်



**ဆာနား ဩဂုတ် ၇**

သမ္မတအဗ္ဗဒူရာဘူ မန်ဆောဟာဒီ၏ သစ္စာခံတပ်များသည် ယီမင်နိုင်ငံ မြို့တော် ဆာနား၌ စနေနေ့က ကျူးကျော်တိုက်ခိုက်မှုတစ်ရပ်ကို ဆင်နွှဲခဲ့ကြောင်း ကူဝိတ်၌ ငြိမ်းချမ်းရေးသဘောတူညီမှုမရရှိဘဲ အဆုံးသတ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အပြီးတွင် စစ်ဘက်ရေးရာအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်လေကြောင်းတိုက်ခိုက်မှု ညွန့်ပေါင်းအဖွဲ့က ကျောထောက်နောက်ခံပြုထားသည့် အဆိုပါ ကျူးကျော်ရန်စမှုသည် ကုလသမဂ္ဂ၏ သဘောထားကို ဆန့်ကျင်လျက် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလေး၏ ပါတီနှင့် အီရန်နှင့် မဟာမိတ်ပြုထားသည့် ဟူသီသူပုန်အဖွဲ့တို့က တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျူးကျော်တိုက်ခိုက်မှုအတွင်း လူပေါင်း ၆၄၀၀ ကျော်သေဆုံးခဲ့ရပြီး တစ်ဝက်ခန့်မှာ မြို့နေပြည်သူများဖြစ်ကြသည်။ တိုက်ခိုက်မှုကြောင့် အရှေ့အလယ်ပိုင်းဒေသရှိ အဆင်းရဲဆုံးနိုင်ငံများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ယီမင်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများ ပေါ်ပေါက်လာအောင် ဖန်တီးခဲ့သည်။

(ရိုက်တာ)

# အလက်ပို၌ ဆီးရီးယားတပ်ဖွဲ့၏ ဝိုင်းရံပိတ်ဆို့မှုကို သူပုန်များက ဖောက်ထွက်ရန် ကြိုးစား



ဆီးရီးယားရှိ သူပုန်အဖွဲ့က ၎င်းတို့၏တိုက်ခိုက်ရေးကိရိယာများကို ပြင်ဆင်နေကြစဉ်

**အလက်ပို ဩဂုတ် ၇**

ဆီးရီးယားရှိသူပုန်များသည် စနေနေ့က အလက်ပိုအရှေ့ပိုင်းရှိ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများကို တစ်လကြာ ဝိုင်းရံပိတ်ဆို့ထားခဲ့သည့် အစိုးရတပ်ဖွဲ့များကို ဖောက်ထွက်ရန် ကြိုးပမ်းခဲ့သဖြင့် နှစ်ဖက်တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း စစ်သွေးကြွများနှင့် သတင်းထောက်လှမ်းမှုအဖွဲ့ကပြောကြားခဲ့သည်။

အစိုးရဘက်မှ မီဒီယာထုတ်ဖော်မှုများက ဝိုင်းရံပိတ်ဆို့မှုကျိုးပျက်ခဲ့သည် ဆိုသောသတင်းမှာ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့ပြီး အမေရိကန်မှ ဌာနဆိုင်ရာ အာဏာပိုင်များက အခြေအနေမှာ အချိန်နှင့်အမျှ ပြောင်းလဲနေသည့်အတွက် မှတ်ချက်ချရန် စောလွန်းသေးသည်ဟု ပြောဆိုခဲ့သည်။ သူပုန်များသည် ဆီးရီးယား အနောက်ပိုင်းရှိ စစ်သွေးကြွအဖွဲ့များရှိသည့်နေရာများနှင့် ချိတ်ဆက်နိုင်ရန် အစိုးရအဖွဲ့၏ ဝိုင်းရံထားမှုကို ဖောက်ထွက်ရန် ကြိုးပမ်းခဲ့ကြသည်ဟု သူပုန်အဖွဲ့က စနေနေ့က ပြောကြားခဲ့သည်။

ပြင်းထန်သော တိုက်ပွဲများနှင့် လေကြောင်းတိုက်ခိုက်မှုများက နယ်စပ်လုံခြုံမှုမရှိသည့် အခြေအနေကို ရည်ညွှန်းနေကြောင်း စစ်ရေးထိန်းချုပ်စီမံမှု လုပ်ဆောင်နေသည့် ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးလေ့လာမှုအဖွဲ့က ပြောကြားသည်။

(ရိုက်တာ)

# အိုလံပစ်မီးရှူးတိုင် သယ်ဆောင်ခဲ့သူ အသက် ၉၀အရွယ် ဘရာဇီးဆရာဝန်ကြီး ကွယ်လွန်

**ရီယိုဒီဂျနေရိုး ဩဂုတ် ၇**

အိုလံပစ်မီးရှူးတိုင်ကို ရီယိုအားကစားပြိုင်ပွဲအတွက် သယ်ဆောင်ပြီးနောက် နာမည်ကျော် ဘရာဇီးအရေပြားခွဲစိတ်ကုသမှုဆရာဝန်ကြီး အသက် ၉၀ သည် သေဆုံးသွားခဲ့သည်။ စနေနေ့က ရီယိုဒီဂျနေးရိုးရှိ ၎င်း၏နေအိမ်၌ နှလုံးရောဂါဖြင့် သေဆုံးခဲ့သည်ဟု ၎င်း၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

သောကြာနေ့က ၎င်းသည် အိုလံပစ်မီးရှူးတိုင်ကို Gavea မှ ရီယိုအားကစားပြိုင်ပွဲသို့ နောက်ဆုံးလက်ဆင့်ကမ်း သယ်ဆောင်ရာတွင်ပါဝင်ခဲ့ပြီးနောက် စနေနေ့၌ သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဘရာဇီးနိုင်ငံ၏အောင်မြင်ကျော်ကြားသည့် အရေပြားအစားထိုးကုဆရာဝန်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဒဏ်ရာရသူများကို အခမဲ့ကုသပေးခြင်းဖြင့် နိုင်ငံသားများ၏လေးစားမှုကိုရရှိခဲ့သူလည်းဖြစ်သည်။

၎င်း၏အမည်မှာ အိုင်ဗို ပီတန်ဂိုင်းဖြစ်ပြီး လူအများ၏ ဘဝမြှင့်တင်ရေးအတွက် ၎င်း၏ဘဝကို မြှုပ်နှံခဲ့သည်ဟု ဘရာဇီးနိုင်ငံ၏ ယာယီသမ္မတမိုက်ကယ်တမ်မာက ပြောသည်။ ပါရီနှင့်လန်ဒန်တို့၌ ပညာသင်ယူခဲ့သော အိုင်ဗိုပီတန်ဂိုင်းသည် ဘရာဇီးနိုင်ငံ၌ အရေပြားအစားထိုးကုသသည့်လုပ်ငန်းကိုစတင်ခဲ့သူလည်းဖြစ်သည်။ ၎င်း၏အသုဘအခမ်းအနားကို တနင်္ဂနွေနေ့တွင် ပြုလုပ်မည်ဖြစ်သည်။

(ဘီဘီစီ)

# ရေဒါမှ ခေတ္တပျောက်ကွယ်သွားသည့်လေယာဉ် လေဆိပ်သို့ပြန်လည်ဆင်းသက်

**အယ်ဂျီးယား ဩဂုတ် ၇**

အယ်ဂျီးရီးယားမှ လေယာဉ်တစ်စင်းသည် ပြင်သစ်နိုင်ငံ မာဆေးလ်မြို့သို့ ပျံသန်း စဉ် စနေနေ့က နည်းပညာချွတ်ယွင်းမှုကြောင့် လှည့်ပြန်ခဲ့ ရသည်။ Air Algerie လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇-၆၀၀ သည် အယ်ဂျီးယား အပြည်ပြည်ဆိုင်ရာ လေဆိပ်မှပျံတက်ပြီး နာရီဝက်ခန့်အကြာ၌ နည်းပညာပိုင်းဆိုင်ရာ အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရကြောင်း လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

သို့သော် လေယာဉ်မှာ အယ်ဂျီးယား အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။ လေယာဉ်ဝန်ထမ်းများအားလုံးနှင့် ခရီးသည်များ အားလုံးထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းလည်း မရှိပေ။ လေယာဉ်ပျံတက်ပြီး နာရီဝက်ခန့်အကြာ လေယာဉ်အမှုထမ်းတစ်ဦးက အန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အကြောင်းကြားစာပေးပို့ခဲ့သည်။

ထို့နောက် လေယာဉ်သည်ထိန်းချုပ်ရေးဖန်သားပြင်မှ ပျောက်ကွယ်သွားခဲ့သည်ဟု မီဒီယာများက ဖော်ပြခဲ့သည်။ သို့သော် Air Algerie လေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူက ရေဒါမှ လေယာဉ်ပျောက်ကွယ်သွားသည့် သတင်းမှာ မမှန်ကြောင်း ပြောခဲ့သည်။ လေယာဉ်မှူးက လေယာဉ်ပျံသန်းပုံမှာ မှုမမှန်ဟု ခံစားလာရသည့်အတွက် လေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့ခြင်း ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

(ဆင်ဟွာ)



# တောင်အာဖရိကရှိ ဒေသတွင်း ရွေးကောက်ပွဲ၌ အာဏာရပါတီ အဓိကမြို့တစ်မြို့ကို ဆုံးရှုံး

**ကိတ်တောင်း ဩဂုတ် ၇**

တောင်အာဖရိက၏ အာဏာရ အာဖရိကန် အမျိုးသားကွန်ဂရက်သည် ဒေသတွင်း ရွေးကောက်ပွဲ၌ အဓိကမြို့ကြီးတစ်မြို့ဖြစ်သည့် ပရီတိုးရီးယား၌ အနိုင်ရရှိခြင်းမရှိဘဲ ပြိုင်ဘက်ပါတီဖြစ်သည့် ဒီမိုကရက်တစ်ညွန့်ပေါင်းပါတီက အနိုင်ရခဲ့သည်။

ဒီမိုကရက်တစ်ညွန့်ပေါင်းပါတီသည် ပရီတိုးရီးယားမြို့၌ ပါဝင်သော Tshwane ရှိ မြူနီစီပယ်ရွေးကောက်ပွဲ၌ ထောက်ခံမဲ ၄၃ ရာခိုင်နှုန်းရရှိခဲ့ပြီး အာဖရိကန် အမျိုးသားကွန်ဂရက်သည် ၄၁ ရာခိုင်နှုန်းရရှိခဲ့သည်။

ဒီမိုကရက်တစ်ညွန့်ပေါင်းပါတီသည် ယင်းအခြေအနေကို ဆက်လက်ထိန်းထားနိုင်ရေး နိုင်ငံရေးပါတီများနှင့် မဟာမိတ်ပြုရန် လိုအပ်လာမည်ဖြစ်သည်။ အာဖရိကန် အမျိုးသားကွန်ဂရက်၏ လက်ရှိရွေးကောက်ပွဲရလဒ်များသည် ၁၉၉၄ ခုနှစ် အသားရောင်ခွဲခြားမှုစနစ်အဆုံးသတ်ပြီးနောက် ရွေးကောက်ပွဲများ ကျင်းပခဲ့ချိန်မှစ၍ ယခုအချိန်အထိ အဆိုးရွားဆုံးသော ရလဒ်တစ်ခုပင် ဖြစ်သည်။

အဓိကမြို့ကြီးတစ်မြို့ကို လက်လွှတ်ခဲ့ရသည်မှာလည်း ပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်။ လေ့လာသုံးသပ်သူများက အာဖရိကန်အမျိုးသား ကွန်ဂရက်ပါတီ ထောက်ခံမှုကျဆင်းလာရခြင်းမှာ ပါတီအတွင်း မညီမညွတ်မှုများနှင့် အကျင့်ပျက်ခြစားမှုများကြောင့် လူထုအုံကြွမှုဖြစ်လာခြင်းတို့ကြောင့်ပင်ဖြစ်သည်ဟု သုံးသပ်ကြသည်။

တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးသည် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ပွားခဲ့ချိန်မှစ၍ တိုးတက်မှုနှေးကွေးလာခဲ့သည်။ ကမ္ဘာပေါ်တွင် ဆင်းရဲချမ်းသာကွာဟမှုနှုန်း မြင့်မားသည့်နိုင်ငံလည်းဖြစ်သည်။

(ဘီဘီစီ)

# ဥပဒေပြုရေးမဏ္ဍိုင်၏ ပွင့်လင်းမြင်သာမှုအား မိုဘိုင်းကွန်ရက်များဖြင့် ပေါင်းစပ်ခြင်း

**ဇော်ငြိမ်းဦး (MPA)**

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များအနေဖြင့် နိုင်ငံရေးဆိုင်ရာပွင့်လင်းမြင်သာမှု ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်မှုကို ပိုမိုလုပ်ဆောင်လာခဲ့ကြပါသည်။ ယဉ်ကျေးမှုဓလေ့ထုံးစံများအရ ပွင့်လင်းမြင်သာမှုမရှိသော်လည်း ဥပဒေ၊ နည်းဥပဒေအရ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုနိုင်ခဲ့ပါသည်။ လွှတ်တော်များအနေဖြင့် လူမှုကွန်ရက်များကို ပိုမိုအသုံးပြုလာခဲ့ပါသည်။ လူမှုကွန်ရက်များသည်လည်း သတင်းများဖြန့်ဖြူးရာ၌ စွမ်းရည်အပြည့်ဖြင့် အသုံးပြုနိုင်သော စနစ်တစ်ခုဖြစ်လာခဲ့ပါသည်။ လွှတ်တော်များ၏ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုကဏ္ဍနှင့် ပြည်သူလူထုများနှင့် ပိုမိုထိတွေ့လာနိုင်မှုကို အထောက်အကူပြုပါသည်။

ပြည်သူလူထု၏ သတင်းအချက်အလက် လိုအပ်ချက်များ၊ အမြင်များအပေါ် မူတည်၍ မူဝါဒချမှတ်ဆောင်ရွက်နိုင်ပါသည်။ လူမှုကွန်ရက်များသည် အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူလူထုမှ လွယ်ကူလျင်မြန်စွာ သိရှိလာနိုင်စေရန် ဖော်ဆောင်ခြင်းဖြင့် ပြည်သူများ၏ ယုံကြည်အလေးထားမှုကိုတည်ဆောက်ကြပါသည်။ ၂၀၁၆ ခုနှစ် World e parliament report အရ လွှတ်တော်များ၏ ဆိုရှယ်မီဒီယာသုံးစွဲမှုသည် ၂၀၁၀ ပြည့်နှစ်၌ ၁၃ ရာခိုင်နှုန်းသာရှိခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ၃၁ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၅၆ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ပါသည်။ ဖေ့စ်ဘုတ်၊ တွစ်တာ၊ အင်စတာဂရမ် အစရှိသည့် လူမှုကွန်ရက်များသည် နိုင်ငံအများစု၌ အသုံးပြုကြပါသည်။ဖေ့စ်ဘုတ်အသုံးပြုသည့် ပမာဏမှာ များပြားစွာရှိပြီး တွစ်တာမှာ ၆၈ ရာခိုင်နှုန်း၊ ဗွီဒီယိုမျှဝေမှု ၅၉ ရာခိုင်နှုန်း၊ ဓာတ်ပုံဖြန့်ဝေမှု ၄၄ ရာခိုင်နှုန်း၊ သတင်းတိုပေးပို့မှု ၅၀ ရာခိုင်နှုန်းကိုအသုံးပြုလာကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် တွစ်တာသုံးစွဲမှုမှာ ဖေ့စ်ဘုတ်လောက်ပေါ်ပြူလာမဖြစ် သုံးစွဲသူအရေအတွက် အလွန်နည်းပါးသော်လည်း မြန်မာနိုင်ငံ၌ ဖေ့စ်ဘုတ်အသုံးပြုသည့်လူဦးရေမှာ ၁၅-၁၁-၂၀၁၅ ရက်နေ့ထိ စာရင်းအရ ၇,၁၀၀,၀၀၀ ရှိပါသည်။ အချို့နိုင်ငံများ၌ ဖေ့စ်ဘုတ်အသုံးပြုမှုကို ပိတ်ပင်တားမြစ်ထားသော်လည်း အခြားအက်ပလီကေးရှင်း လူမှုကွန်ရက်များကို ဆက်သွယ်မှုဆိုင်ရာ စနစ်အဖြစ် အသုံးပြုခွင့် ပြုထားပါသည်။

လူမှုကွန်ရက်များသည် လွှတ်တော်ကိုယ်စားလှယ်များက ၎င်းတို့၏ မဲဆန္ဒနယ်ရှိ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနိုင်သည့်စနစ်ဖြစ်ပြီး ပြည်သူ့အသံကို တိုက်ရိုက်နားထောင်နိုင်သည့်အပြင် အကျိုးရှိစွာအသုံးပြုနိုင်ရန်သာ လိုအပ်ပါသည်။ လွှတ်တော်ဝက်ဘ်ဆိုက်များ၊ ဖေ့စ်ဘုတ်များ၊ တွစ်တာများ၊ ဥပဒေဆိုင်ရာအချက်အလက်သိုမှီးမှုများ၊ အင်စတာဂရမ်၊ ပွင့်လင်းအရင်းအမြစ်များ လွှင့်တင်လျက်ရှိပြီး ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့နိုင်စေရန်နှင့် ဥပဒေပြုရေး၌ ပိုမိုပါဝင်နိုင်ရေးအတွက် လွှတ်တော်များအနေဖြင့် မည်သည့်အကြောင်းအရာ၊ မည်သည့်အချိန်၊ မည်သည့်ကိစ္စရပ်များကို ပြည်သူသို့ အသိပေးမည်ကို နည်းဗျူဟာချမှတ်ရန် ဆောင်ရွက်နိုင်ပါသည်။

နိုင်ငံတကာလွှတ်တော်များအနေဖြင့် လူမှုကွန်ရက်အသုံးပြုမှု ၅၈ ရာခိုင်နှုန်းရုပ်သံလိုင်းများထုတ်လွှင့်၍ သတင်းထုတ်ပြန်ခြင်း ၅၀ ရာခိုင်နှုန်းတို့ကို ဆောင်ရွက်လာနိုင်ခဲ့ပါသည်။ လူမှုကွန်ရက်တွင် လွှတ်တော်ရေးရာများ၊ ဥပဒေရေးလုပ်ငန်းစဉ်များကို လူငယ်များနှင့်ဆွေးနွေးခြင်းကို ၄၁ ရာခိုင်နှုန်းအထိ တိုးမြှင့်လုပ်ဆောင်လာကြပါသည်။ (World e parliament report 2016)

ဖွံ့ဖြိုးဆဲနိုင်ငံအများစု၌ လက်ပ်တော့၊ တက်ဘလက်၊မက်ဘွတ်သုံးစွဲနိုင်သူအရေအတွက် အလွန်နည်းပါးသည်ဖြစ်ရာ မိုဘိုင်း၊ တက်ဘလက်ဖုန်းဖြင့် အင်တာနက် ကွန်ရက် ချိတ်ဆက်အသုံးပြုသည့် အရေအတွက်မှာ ပိုမိုများပြားပါသည်။

ထို့အပြင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌လည်း သယ်ယူရန်လွယ်ကူခြင်း၊ ဘက်စုံအသုံးပြုနိုင်ခြင်းတို့ကြောင့် မိုဘိုင်းဖုန်း၊ တက်ဘလက်များဖြင့် အင်တာနက်သုံးစွဲမှုမှာတွင် ကျယ်နေဆဲဖြစ်ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လစာရင်းဇယားများအရ တစ်နိုင်ငံလုံး၏ မြေပြင်အနေအထားအရ ၆၂ ရာခိုင်နှုန်း မိုဘိုင်းကွန်ရက် လွှမ်းခြုံမှုရှိပြီး နိုင်ငံလူဦးရေ၏ ၉၆ ရာခိုင်နှုန်းသည် မိုဘိုင်းကွန်ရက်လွှမ်းခြုံမှုရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံလူဦးရေ၏ အသက် ၁၅ နှစ်နှင့် ၆၅ နှစ်ကြား ၄၀ ရာခိုင်နှုန်းသာ မိုဘိုင်းဖုန်းပိုင်ဆိုင်ခဲ့ရာမှ ယခုအခါ ကျေးလက်မြို့ပြ မိုဘိုင်းဖုန်းသုံးစွဲမှုရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့ပါသည်။ (Asia Base Line Survey)

အသုံးပြုနိုင်သည့် ဆင်းမ်ကတ်၏ တန်ဖိုးများသည်လည်း များစွာလျော့နည်းလာခဲ့ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ နှင့် ၂၀၁၄ ဇန်နဝါရီလများအတွင်း ကာတာအခြေစိုက် အူရီဒူးနှင့် နော်ဝေအခြေစိုက် တယ်လီနောကုမ္ပဏီတို့ကို အော်ပရေတာလိုင်စင် ခွင့်ပြုပေးခဲ့ပြီးနောက် မိုဘိုင်းဖုန်းသုံးစွဲသူအရေအတွက် ပိုမိုများပြားလာပါသည်။ အမ်ပီတီသုံးစွဲသူသန်း ၂၀ ကျော်ရှိပြီး ၂၀၁၅ ခုနှစ် ဩဂုတ်စာရင်းဇယားများအရ တယ်လီနောသုံးစွဲသူ ၁၀ သန်းကျော်နှင့် အူရီဒူးသုံးစွဲသူငါးသန်းကျော်ရှိပါသည်။ အမေရိကန်နိုင်ငံ၌ စမတ်ဖုန်းသုံးစွဲသူဦးရေ ၇၅ ရာခိုင်နှုန်းရှိပြီးမြန်မာနိုင်ငံ၌ သုံးစွဲသူ ဦးရေ ၈၀ ရာခိုင်နှုန်းရှိသည်အထိ စမတ်ဖုန်းသုံးစွဲမှု ပိုမိုတိုးတက်လာခဲ့ပါသည်။ (www.ictworks org).

၂၀၁၅ ခုနှစ် Asia Base Line Survey အရ မိုဘိုင်းကွန်ရက်သုံးစွဲသူများ၏ ၃၀ ရာခိုင်နှုန်းမှာ ဖေ့စ်ဘုတ်သုံးစွဲသူများဖြစ်ပြီး၊ သတင်းရယူမှု ၂၀ ရာခိုင်နှုန်းစသည်တို့၌ အသုံးပြုကြပါသည်။ မိုဘိုင်းကွန်ရက်များ ကျယ်ပြန့်ချိတ်ဆက်မှု မြန်ဆန်လာသည်နှင့်အတူ ပြည်သူ့လွှတ်တော်မှ ဆောင်ရွက်သည့် ပုံမှန်အစည်းအဝေးများ ပြည်တွင်း/ပြည်ပဧည့်သည် လက်ခံတွေ့ဆုံမှုများ၊ ပြင်ဆင်၊ ပယ်ဖျက် အသစ်ပြဋ္ဌာန်းသည့်ဥပဒေ၊ နည်းဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးရာဇဝင်များ၊ လွှတ်တော်ဂျာနယ်စသည့် အချက်အလက်များကိုပြည်သူများ အလွယ်တကူကြည့်ရှုလေ့လာနိုင်စေရန် ပြည်သူ့လွှတ်တော်ဝက်ဘ်ဆိုက်ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်တည်ထောင်ခဲ့ပြီးကဏ္ဍ(၄)ခု ထုတ်လွှင့်လျက်ရှိပါသည်။ ပုံမှန်အစည်းအဝေးနှင့် သတင်းတွေ့ဆုံရာကဏ္ဍ၊ သုတေသနကဏ္ဍ၊ ဥပဒေဆိုင်ရာအချက်အလက်သိုမှီးမှုများကဏ္ဍတွင် ယခင်ပြဋ္ဌာန်းပြီးသောဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပြီးသော ဥပဒေပေါင်း ၄၀၀ ကျော် ပါဝင်ပါသည်။

ပြည်သူ့လွှတ်တော် ဖေ့စ်ဘုတ်စာမျက်နှာနှင့် တွစ်တာစာမျက်နှာတစ်ခုစီဖွင့်လှစ်ထားရှိပြီး ဖေ့စ်ဘုတ်စာမျက်နှာအား ၂၀၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တွစ်တာ စာမျက်နှာကို ၂၀၁၆ ခုနှစ် မေလတွင် စတင်တည်ထောင်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော် ဖေ့စ်ဘုတ်စာမျက်နှာ၌ လွှတ်တော်ပုံမှန် အစည်းအဝေးများ မဲဆန္ဒနယ်ပြည်သူလူထု၏ လိုအပ်ချက်များကို ရွေးကောက်ခံကိုယ်စားလှယ်များက မဲဆန္ဒရှင်များအား သက်ဆိုင်ရာပြည်သူလူထုကိုယ်စား မေးမြန်းသည့် မေးခွန်းများအား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားခဲ့သည့် အချက်အလက်များမေးခွန်း ၁၁၃၇၇ နှင့်အဆို ၂၀၀ ကိုတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ပြည်တွင်း/ပြည်ပ တွေ့ဆုံဆွေးနွေးရာသတင်းများ၊ ပြဋ္ဌာန်းပြီးသော ဥပဒေများ၊ လွှတ်တော်ဂျာနယ်စသည့် အချက်အလက်များကို ထုတ်လွှင့်ပေးနေသည့်အတွက် လွှတ်တော်နှင့် မဲဆန္ဒရှင်ပြည်သူတို့ကြား ဆက်သွယ်မှုကွန်ရက်တစ်ခုဖြစ်ပါသည်။

ပြည်သူ့လွှတ်တော် တွစ်တာ စာမျက်နှာသည်လည်းပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဥက္ကဋ္ဌအဖွဲ့ဝင်တို့၏ တွေ့ဆုံဆွေးနွေးမှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေသည့်အတွက် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ (ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့ဆောင်ရွက်ချက် လွှတ်တော်က ဖော်ဆောင်ရွက်)မဲဆန္ဒရှင် အခွန်ထမ်းပြည်သူလူထုနှင့် လွှတ်တော်အကြား ဥပဒေပြုရေးမဏ္ဍိုင်၏ ပွင့်လင်းမြင်သာမှု၊ ပြည်သူနှင့်ထိတွေ့မှုကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့လွှတ်တော် ဖေ့စ်ဘုတ်စာမျက်နှာ စတင်တည်ထောင်စဉ်က ဝင်ရောက်ကြည့်ရှုသူ နှစ်သောင်းကျော်သာရှိခဲ့ပြီး ယခုအချိန်တွင် ဝင်ရောက်ကြည့်ရှုသူ တစ်သိန်းငါးသောင်းကျော်အထိရှိလာခဲ့ပြီး လွှတ်တော်များ၏ လုပ်ဆောင်ချက်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ ပြည်သူများ၏ အကျိုးကိုပွင့်လင်းမြင်သာစွာ တင်ပြနိုင်ခဲ့ပြီး လွှတ်တော်ရေးရာကိစ္စရပ်များအား ပြည်သူတို့ ပိုမိုသိရှိလာစေခဲ့ပါသည်။ ထို့ပြင် ဖေ့စ်ဘုတ်စာမျက်နှာအား ကြည့်ရှုသူအများတွင် မိုဘိုင်းကွန်ရက်မှ ကြည့်ရှုသူများပြီး ၁၅၁၇၆၄ ဦးဖြစ်ပါသည်။ လွှတ်တော်ဂျာနယ်အား လည်း ၂၀၁၂ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီးယခုအချိန်ထိထုတ်ဝေပြီးစီးမှုသည် အတွဲ (၂)၊ အမှတ်(၇) ထိထုတ်ဝေပြီးဖြစ်သည်ကိုတွေ့ရှိရပါသည်။

လွှတ်တော်ရေးရာများ ကိုပြည်သူများအလွယ်တကူသိရှိနိုင်စေရန် ပြည်သူ့လွှတ်တော်ဝက်ဘ်ဆိုက်စာမျက်နှာ၊ ဖေ့စ်ဘုတ်စာမျက်နှာများအား မိုဘိုင်းကွန်ရက်ဖြင့် အလွယ်တကူကြည့်ရှုနိုင်အောင် အန်းဒရွိုက်အေပီကေ၊ အိုင်အက်စ်အိုအေပီကေဖုန်းများကို အခမဲ့ ဒေါင်းလုပ်ရယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

လိုအပ်ချက်များကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဖြည့်စွက်၍ ပြည်သူတို့ လွှတ်တော်ရေးရာကိစ္စရပ်များကို ပိုမိုသိရှိလာနိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း ပြည်သူများ ပိုမိုပူးပေါင်းပါဝင်လာနိုင်ရန် တိုးတက်လာသော မိုဘိုင်းကွန်ရက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါကြောင်း ရေးသားအပ်ပါသည်။

**ပြည်သူ့လွှတ်တော် ဖေ့စ်ဘုတ်စာမျက်နှာ စတင်တည်ထောင်စဉ်က ဝင်ရောက်ကြည့်ရှုသူ နှစ်သောင်းကျော်သာရှိခဲ့ပြီး ယခုအချိန်တွင် ဝင်ရောက်ကြည့်ရှုသူ တစ်သိန်းငါးသောင်းကျော် အထိရှိလာခဲ့ပြီး လွှတ်တော်များ၏ လုပ်ဆောင်ချက်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ ပြည်သူများ၏အကျိုးကို ပွင့်လင်းမြင်သာစွာတင်ပြနိုင်ခဲ့ပြီး လွှတ်တော်ရေးရာကိစ္စရပ်များအား ပြည်သူတို့ ပိုမိုသိရှိလာစေခဲ့**

## အင်္ဂပူမြို့နယ်တွင် တာရေကျော်နေမှုအား ရေကာတန်းရိုက်ခြင်း၊ သဲအိတ်ချခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်

အင်္ဂပူ ဩဂုတ် ၇

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကျိုက်ကြီးကျေးရွာအုပ်စု ကျိုက်ကြီးကျေးရွာတွင် နန်ကသူချောင်း ရေရုတ်တရက် မြင့်တက်လာမှုကြောင့် လယ်သမားတာ ရေကျော်နေမှုအား ဩဂုတ် ၇ ရက် နံနက် ၈ နာရီ မိနစ် ၃၀ တွင် အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့ ဒုရဲအုပ်ထွန်းထွန်းဦး ဦးစီးသောတပ်ဖွဲ့ဝင် ၂၂ ဦး၊ ကွင်းကောက်နယ်မြေရဲစခန်းမှ ရဲအုပ် ကျော်မျိုးသိန်းဦးဆောင်သော တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်ထွန်းရီ ဦးစီးသော တပ်ဖွဲ့ဝင် ၁၃ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦးတို့သည် ကွင်းကောက်အမှတ်(၅)တပ်မတော် တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ညွှန့်ဦးစီးသော တပ်ဖွဲ့ဝင် ၁၁၈ ဦး၊ ကျိုက်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၅၀ တို့ ပူးပေါင်းပြီး ရေကျော်နေရာများအား ရေကာတန်းများရိုက်ခြင်း၊ သဲအိတ်များချထားခြင်းစသော လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မန်းကျော် (ပြန်/ဆက်)**

## မိဘမဲ့ပရဟိတကျောင်းသို့ အလှူငွေများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ပေးဆပ်သူများ နာမှုကူညီရေးအသင်းဝင် ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များစုပေါင်း၍ ဩဂုတ် ၇ ရက်က ပျဉ်းမနားမြို့နယ် သစ်လေးလုံးရွာ ဓမ္မလင်္ကာရကျောင်းတိုက်ရှိ (မြတ်ဆုမွန်လူငယ်ဖွံ့ဖြိုးရေးမိဘမဲ့ ပရဟိတဂေဟာ)ခန်းမ၌ အလှူငွေကျပ် ၅၆ သိန်းအား လှူဒါန်းခဲ့သည်။ ဤအသင်း အနေဖြင့် လူမှုရေးလုပ်ငန်းစဉ်များဖြစ် သောနာရေး ကူညီမှုလုပ်ငန်း၊ သွေးလှူဒါန်းခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်နေသော ဒေသများသို့ လုပ်အားဒါနနှင့် အလှူငွေများ၊ အဝတ်အထည်များလှူဒါန်းလျက်ရှိသည်။ အကူအညီလိုအပ်နေသူများနှင့် အလှူငွေလှူဒါန်းလိုသူများအနေဖြင့် အသင်းဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း-၀၉-၂၆၂၃၆၉၂၈၄ သို့ ဆက်သွယ်လှူဒါန်း အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **သန်းဝင်း**

# အောင်လံ၌ နေအိမ်သုံးလုံး မြစ်ရေစီးတွင်မျောပါပျက်စီး

**အောင်လံ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေစီးကြောင်းတွင် လူနေအိမ်များ မျောပါပျက်စီးမှုများရှိခဲ့ရာ ဩဂုတ် ၅ ရက်က မြစ်ကမ်းအနီး သရက်တော(မြကျွန်းသာ)ရပ်ကွက်ရှိ ဦးတင်မောင်ဦး(ခ) ဦးဖိုးသား၏ သွပ်မိုးထရံကာ ပျဉ်ခင်းသုံးပင်အိမ်မှာ ရေစီးတွင်မျောပါခဲ့ရာ ထိုစဉ်က ယင်းအိမ်ရှိ မိသားစုသုံးဦးမှာ အိမ်တွင်မရှိဘဲ အခြားအိမ်တွင် ပြောင်းရွှေ့နေထိုင်နေကြောင်း သိရသည်။

အလားတူ ဩဂုတ် ၄ ရက် ညပိုင်းက သရက်တော(ဘိုကုန်း)ရပ်ကွက် ကမ်းနားလမ်းရှိ ဦးကျော်ရဲအောင်နှင့် ဦးမောင်ကြီးတို့၏ သွပ်မိုးထရံကာ ပျဉ်ခင်း သုံးပင်အိမ်နှစ်လုံးမှာလည်း ဧရာဝတီမြစ်အတွင်းမျောပါပျက်စီးခဲ့ကြပြီး မိသားစုဝင်များမှာ ယခင်ကတည်းက ကြိုတင်၍ပြောင်းရွှေ့နေထိုင်လျက်ရှိသောကြောင့် မိသားစုဝင်များမှာ ထိခိုက်ဆုံးရှုံးမှုများမရှိခဲ့ကြောင်း သိရသည်။

**သိန်းလွင်(မြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေမြင့်တက်မှုကြောင့် စာသင်ကျောင်းအချို့ယာယီပိတ်ထား

**ကန်ကြီးထောင့် ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေလျှံတက်လာမှုကြောင့် ဩဂုတ် ၆ ရက်က စာသင်ကျောင်းငါးကျောင်းကို ယာယီပိတ်ထားရကြောင်း သိရသည်။

အဆိုပါကျောင်းငါးကျောင်းမှာ အမက(မင်းကုန်းပိုင်း)၊ အမက(ထိန်ပင်ကုန်း)၊ အမက(ဘန့်ဘွေးကုန်း)၊ အမက(ညောင်ချောင်း)၊ အမက(ဝဲ)တို့ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်မဖြစ်စေရန်နှင့် ရေပြန်ကျသွားချိန်တွင် စာသင်ချိန်များကို အစားထိုးပြန်လည်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းထိုက် (မြန်/ဆက်)**




# အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ငါးရက်ကြာဖွင့်

**ရန်ကုန် ဩဂုတ် ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တို့ပူးပေါင်း၍ အလုပ်သမားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ငါးရက်ကြာဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ နည်းပညာဆိုင်ရာ အကြံပေးအရာရှိ မစ္စ ဂျက်ကွာလင်းပိုးလော့နှင့် ILO အဖွဲ့ဝင် ဘာသာပြန်များဖြစ်သော ဒေါ်ခွန်ဆာမွန်းထယ်၊ ဒေါ်ဝေနှင်းပို၊ ဦးဖြိုးမောင်တို့က သင်တန်းပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာနှင့်ပတ်သက်၍ လုပ်သားစုဆောင်းခြင်း၊ ပြည်တွင်းပြည်ပအေဂျင်စီများ၊ လိုက်နာရမည့်ဥပဒေများ၊ နှစ်နိုင်ငံသဘောတူစာချုပ်ပါအချက်များ၊ လုပ်ငန်းလိုင်စင်များ၊ ကျင့်ဝတ်စည်းကမ်းဆိုင်ရာ အခြေခံစံနှုန်းများ၊ လုပ်သားများအား အဓမ္မစေခိုင်းမှုများ၊ အာဆီယံနိုင်ငံများရှိ ရွှေ့ပြောင်းလုပ်သားများအကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ ရွှေ့ပြောင်းလုပ်သားများ၊ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးစနစ်များအကြောင်းကို ဆွေးနွေးပို့ချခဲ့သည်။

ဆက်လက်၍ ILO မှ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ တက္ကသိုလ်နှင့် အခြေခံကျောင်းများရှိ သင်ရိုးညွှန်းတမ်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးသင့်ကြောင်းကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် မြန်/ဆက်)**



# မြန်အောင်မြို့နယ် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့သို့ လုပ်ငန်းရှင်များက ဆန်အိတ်များလာရောက်လှူဒါန်း

**မြန်အောင် ဩဂုတ် ၇**

မြန်အောင်မြို့အောင်ဇေယျခန်းမ၌ ဖွင့်လှစ်ထားရှိသော မြန်အောင်မြို့နယ် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးအထောက်အကူပြုအဖွဲ့သို့ မြန်အောင်မြို့ရှိ လုပ်ငန်းရှင်များ ဩဂုတ် ၇ ရက်က ဆန်အိတ်များလာရောက်လှူဒါန်းလျက်ရှိရာ ရောင်နီစက်ရုံက ဆန်အိတ် ၅၀ နှင့်ရေသန့်ခြောက်ဘူးပါ ကတ် ၂၀၀ နှင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းက ဆန်အိတ် ၂၀ ကို လာရောက်လှူဒါန်းရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်နှင့် မြို့နယ်ရေဘေးသင့်ပြည်သူများအား ပံ့ပိုးကူညီကယ်ဆယ်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် မြန်/ဆက်)**

# စက်လှေမှောက်ရာတွင်သေဆုံးသွားသည့် ဆရာ ဆရာမ သုံးဦးအတွက် ထောက်ပံ့ငွေများနှင့် အသက်ကယ်အင်္ကျီများ ပေးအပ်

**မတ္တရာ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပညာရေးမိသားစုနှင့် အထက(၃၀) ကျောင်းအကျိုးတော်ဆောင်များ မတ္တရာမြို့နယ်အတွင်းရှိ မြစ်ရေဝင်ဒေသများရှိ အခြေခံပညာကျောင်းများအတွက် အသက်ကယ်အင်္ကျီများ ထောက်ပံ့လှူဒါန်းပေးအပ်ပွဲကို ဩဂုတ် ၇ ရက်က မတ္တရာမြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင် ချမ်းမြသာစည်မြို့နယ်ပညာရေးမှူးနှင့် အထက(၃၀) ကျောင်းအကျိုးတော်ဆောင်များမှ အသက်ကယ်အင်္ကျီအထည် ၃၀၊ စက်လှေမှောက်ရာတွင် သေဆုံးသွားသော ဆောက်ချုံပေါက်(မူလွန်)ကျောင်းမှ ဒေါ်ခင်မျိုးသန့်နှင့် ခင်ပွန်းဦးဇော်ဝင်းမောင်၊ သဲကျွန်း(မူလွန်)ကျောင်းမှ ဦးစိုးနိုင်အောင်တို့အတွက် ငွေကျပ်နှစ်သိန်းစီ စုစုပေါင်း ငွေကျပ် ၁၀ သိန်းနှင့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ ပြည်သူများက ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ်သုံးအိတ်တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးနှင့် သေဆုံးသွားသူများ၏ မိသားစုဝင်များက လက်ခံယူခဲ့ကြသည်။

အဆိုပါလှူဒါန်းသော အသက်ကယ်အင်္ကျီများကို မြစ်ရေဝင်ဒေသရှိ အခြေခံပညာကျောင်း ၁၅ ကျောင်းသို့ ခွဲဝေပေးအပ်သွားမည်ဖြစ်ပြီး ဆန်အိတ်များကိုလည်း ရေဘေးရှောင်ပြည်သူများ လာရောက်တည်းခိုနေသောစခန်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကျေးရွာ လျှပ်စစ်မီးလင်းခြင်းဖွင့်ပွဲနှင့် လျှပ်စစ်အသိပညာပေးဟောပြောပွဲကျင်းပ

**ဖြူး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဇေယျာဝတီမြို့ ကြူအင်းကျေးရွာအုပ်စု နွေခင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းပွဲအခမ်းအနားနှင့် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်အသိပညာပေးဟောပြောပွဲကို အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇေယျာဝတီမြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးမင်းဦးနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီနှင့် ဒေသခံပြည်သူများအား လျှပ်စစ်အသုံးပြုရာတွင် သတိပြုသင့်သည့်အချက်များကို ပညာပေးဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ဆိပ်ဖြူမြို့နယ်တွင် ရေဘေးရှောင်ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများလှူဒါန်း

**ဆိပ်ဖြူ ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်၍ ရေဘေးရှောင် ယာယီပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများအတွက် ဆန်၊ ငါးသေတ္တာဘူး၊ ထောက်ပံ့ငွေ၊ ရေသန့်၊ အချိုရည်နှင့်ဆပ်ပြာမှုန့်များကို တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဩဂုတ် ၆ ရက်က ပေးအပ်လှူဒါန်းသည်။

အဆိုပါရေဘေးရှောင်ယာယီပြောင်းရွှေ့အိမ်ထောင်စု ၅၉၇ ၊ လူဦးရေ ၂၂၀၉ ဦးအတွက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက စုစုပေါင်းငွေကျပ် ၂၅ သိန်းကျော်ကိုလည်းကောင်း၊ မြို့နယ်ဌာနဆိုင်ရာများက ရေဘေးသင့်ပြည်သူတို့အတွက် ၂၀ လီတာဆံ့ ရေသန့်ဘူးကြီးများ၊ အချိုရည်နှင့် ဆပ်ပြာမှုန့်ထုပ်များကို ပေးအပ်လှူဒါန်းခဲ့ပြီး ဒေသခံတို့၏ ကျန်းမာရေးဆိုင်ရာအခြေနေများနှင့် လိုအပ်သော ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**စိုးလင်းနိုင် (မြန်/ဆက်)**





# တောင်သာ၌ လေးကောင်ဂျင် လောင်းကစားသူများအား ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြင်းခြံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် ညနေ ၅ နာရီက မြင်းခြံမြို့နယ် ဆားခါးကျေးရွာတွင် လေးကောင်ဂျင် လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးခဲ့သည်။

ထိုသို့ဖမ်းဆီးရာ မြင်းခြံမြို့ အမှတ်(၁၉) စွန်းလွန်းရပ်ကွက်နေ ညဏ်အောင်(၄၈ နှစ်)၊ ကူရွာကျေးရွာနေ မျိုးနွယ်(၃၄ နှစ်)၊ ငွေးပင်ရိုးကျေးရွာနေ အောင်နိုင်(၄၈ နှစ်၊)ကျီးပင်ကျေးရွာနေ သန်းထွန်း(၇၀ နှစ်)၊ တူရွင်းပို့ကျေးရွာနေသူများဖြစ်သည့် ကျော်မင်းထွန်း(၃၆ နှစ်)၊ ရှိုင်းအောင်(၂၄ နှစ်)နှင့် မျိုးဝင်းလတ်(၃၇ နှစ်)၊ တောင်သာမြို့နယ် ဘုရားလှကျေးရွာနေ ဝင်းမောင်(၅၆ နှစ်)၊ ကျောဇီကျေးရွာနေ မခင်ချိုမြင့်(၄၇ နှစ်)တို့ ကိုးဦးအား လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၂၉၀၆၅၀၊ ဆိုင်ကယ် ၁၈စီး၊ ဖုန်းမျိုးစုံ ၁၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ညဏ်အောင်ပါ ကိုးဦးအား တောင်သာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# သာသနာပိုင် မြေပေါ်တွင် ကျူးကျော်နေထိုင်သူ ၂၉ ဦးအား အရေးယူ

**တာချီလိတ် ဩဂုတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်းပိုင် မြေကွက်အတွင်း၌ ကျူးကျော်ဝင်ရောက် နေအိမ်ဆောက်လုပ်နေထိုင်သူ ၂၉ ဦးကို ဩဂုတ် ၄ ရက် ညနေပိုင်းက အရေးယူဆောင်ရွက်ထားကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် တောင်ကုန်းပေါ်ရှိ ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်း၏ မြေစာရင်းပုံစံ ၁၀၅/၁၀၆ အမည်ပေါက်ရရှိပြီးသော မြေကွက်ပေါ်၌ ၂၀၁၄ ခုနှစ်မှစ၍ ဦးတင်မြင့်ပါ ၁၅ ဦးက ကျူးကျော်ဝင်ရောက် နေအိမ်ဆောက်လုပ်နေထိုင်သဖြင့် ဆောက်လုပ်နေထိုင်ခြင်းမပြုရန် အကြိမ်ကြိမ်သွားရောက် မေတ္တာရပ်ခံပြောဆိုသော်လည်း လိုက်နာခြင်းမရှိဘဲ ဆက်လက်ဆောက်လုပ်နေထိုင်ခဲ့သည်။

ယခုအခါ ယင်းမြေကွက်ပေါ်တွင် ဦးတင်မြင့်ပါ ၂၉ ဦးတို့သည် ကျောင်းမှ ကာရံထားသော သံဆူးကြိုးများကို ဖျက်ဆီး၍ ကျောင်းပိုင်မြေကွက်အတွင်းသို့ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက်ပြီး အဆောက်အအုံ ဆောက်လုပ်နေထိုင်သဖြင့် ကျူးကျော်ဝင်ရောက်နေထိုင်သူ ၂၉ ဦးအား ဥပဒေအရ အရေးယူပေးရန် တာချီလိတ်မြို့ပုန်းထွန်ရပ် ငွေတောင်ဦး ကမ္မဋ္ဌာန်းကျောင်း ဂေါပကဥက္ကဋ္ဌ ဦးလှမြင့်က တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးကျော်ဝင်ရောက်နေထိုင်သူများအား တာချီလိတ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တရားမဝင် ပိတောက်တုံးများ သိမ်းဆည်းရမိ

**ယင်းမာပင် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ယင်းမာပင်ခရိုင် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဩဂုတ် ၆ ရက် ညနေ ၅ နာရီက ယင်းမာပင်မြို့နယ် တာဝကျေးရွာအုပ်စု ပန်းမထုံးကျေးရွာ မြောက်ဘက် ချောင်းစပ်၌ တရားမဝင်ပိတောက်ခားရွေ ၁၀ တုံး၊ ၁ ဒသမ ၂၉၆၄ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသော တရားမဝင်ပိတောက်တုံးများကို မြို့နယ်သစ်တောဦးစီးဌာနက သိမ်းဆည်းထားကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မြစ်တရာသစ်တောကြိုးဝိုင်းအတွင်း ဆင်သတ်မုဆိုးအား တူမီးသေနတ်နှစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**ညောင်တုန်း ဩဂုတ် ၇**

ငပုတောမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်စိုးနှင့် သစ်တောရဲတပ်ဖွဲ့ဝင်များ ငပုတောရေတ်ကောင်းနယ်မြေရဲတပ်ဖွဲ့ဝင်များ၊ တင်းချောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလေးနှင့်အဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဩဂုတ် ၆ ရက်က မြစ်တရာကြိုးဝိုင်းအတွင်း၌ ဆင်ရိုင်းတစ်ကောင်ကို ဆင်သတ်မုဆိုးများက အရေခွံနွာသတ်ဖြတ်၍ ဆင်စွယ်ဖြတ်ခြင်း၊ အသားများခုတ်ထစ်ခြင်းများ ပြုလုပ်နေကြောင်း သတင်းရရှိသဖြင့် ရှောင်တခင်ဝင်ရောက်ဖမ်းဆီး ရာ စိုးနိုင်(ခ)မောင်ဖား(၄၅ နှစ်)မကွေးတိုင်းဒေသကြီးငဖဲမြို့နယ်နေသူအား ဆင်အရေခွံ ၁၃ ပိဿာ၊ ဆင်စွယ်နှစ်ချောင်း၊ ဆင်သားခြောက် တစ်ပိဿာ၊ ဆင်အသားအရိုးများနှင့် အဆိပ်လူးသံဘောစေ့ ၃၀ ကျော်၊ ဆင်ပစ်တူမီးပြောင်းရှည်သေနတ်နှစ်လက်နှင့်အတူဖမ်းဆီးရမိပြီး ရှောင်တိမ်းထွက်ပြေးသွားကြသော ဇော်မျိုး(ခ)ဘိုဘို(၂၇ နှစ်)၊ မောင်မောင်(၃၃ နှစ်)၊ မောင်မော်(၂၉ နှစ်) ဝက်ံ့ဘာကျေးရွာငဖဲမြို့နယ် နေသူတို့အား ငပုတောမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်သတ်မုဆိုးများသည် မန္တလေးမြို့ တရုတ်ကုန်သည်များထံ ဆက်သွယ်၍ ဆင်စွယ်တစ်ပိဿာလျှင် ငွေကျပ်ခြောက်သိန်းမှ သိန်း ၂၀ အတွင်း၊ ဆင်အရေခွံတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀၀၊ ဆင်အသားခြောက်အရိုးများကို သတ်မှတ်ဈေးဖြင့် ပုသိမ်-မော်တင်ကားလမ်းမှ ဇိမ်ခံကားများဖြင့် လေ့လာရေးခရီးသည်ဟန်ဆောင်၍ စောင့်ဆိုင်းဝယ်ယူမှုရှိကြောင်း ယင်းပစ္စည်းများကို မူဆယ်လမ်းအတိုင်းတရုတ်ပြည်၌ ပြန်လည်ရောင်းချကြောင်း၊ ပုသိမ်-မန္တလေးကားလမ်း၌ တောရိုင်းတိရစ္ဆာန်ပစ္စည်းများနှင့်ပတ်သက်၍ စစ်ဆေးရှာဖွေခြင်းမရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ပုသိမ်-လှကြည်**



# ကျောက်တောင်၌ အာခါအမျိုးသမီးတစ်ဦး သေဆုံး

**တာချီလိတ် ဩဂုတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် ကျောက်တောင်၌ အမျိုးသမီးတစ်ဦး သေဆုံးသည့်ဖြစ်စဉ် ဩဂုတ် ၅ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း တာချီလိတ်မြို့မရဲစခန်းမှ သိရသည်။

တာချီလိတ်မြို့မရဲစခန်း တာဝန်မှူး ရဲအုပ်ကိုလတ်သည် ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခန့်က တာဝန်မှူးတာဝန် ဆောင်ရွက်နေစဉ် တာချီလိတ်မြို့ပုန်းထွန်ရပ်ကွက် ကျောက်တောင် သီရိဟံသာဘုန်းကြီးကျောင်းတောင်ဘက် ရေမြောင်းအနီး ကုန်းပေါ်၌ အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း ကျောက်တောင်သင်္ချိုင်းကုန်းအနီးနေသူ ကိုအောင်ဇော်ဦးက ရဲစခန်းသို့ လာရောက်သတင်းပို့ အကြောင်းကြားသဖြင့် ရဲစခန်းမှူး ဒုရဲမှူး စိုးလွင်၊ တာဝန်မှူး၊ နယ်ထိန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မမီဂျို့(၄၂ နှစ်) ပါကွေ့(ထက်)ရွာနေသူဖြစ်ပြီး အခင်းဖြစ်နေရာတွင် အာဟာရပြတ်၍ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာရရှိမှုမရှိဘဲ သေဆုံးနေသည်ကိုတွေ့ရသဖြင့် ဆေးစာဖြင့် ဆေးရုံသို့ ပို့အပ်ခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် မြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၂ယ/၂၂၂၄၄ Haojue Wave 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဝန်းဆေး၁၃/ကတန(နိုင်)၁၈၁၃၂၂က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၈၀၆၈၈ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးလုံဇင်း ၁၃/ကတန(နိုင်)၀၀၃၂၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၅၆၂၀၆ KoKoto Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်စံ ၁၃/ကတန(နိုင်)၁၅၀၂၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

**မီးသတိပြု**

## ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ မင်းလှမြို့၊ တ/မြို့သစ်(၆)လမ်းနေ မောင်သက်ဆွေဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းဆွေ(ခ)ဦးမြင့်ဆွေ ၇/မလန(နိုင်) ၀၄၀၂၇၈ဖြစ်ပါကြောင်း။

**ဦးမင်းဆွေ(ခ)ဦးမြင့်ဆွေ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1404၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ပျောက်ဆုံး

ကျွန်တော် မောင်မျိုးမင်းအောင် ၁၄/ဝခမ(နိုင်)၀၇၇၄၁၄(ဘ)ဦးချုးကိုး၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၇၈၆၃၀၂၀၄၁သို့ အကြောင်းကြားပေးပါရန်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3723၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ အိမ်အမှတ် ၉၈၂၊ သီရိဇေယျာ ၁၈လမ်းနေ ကျွန်တော် ကျွန်မတို့၏သား မောင်မျိုးမင်းအောင် ၁၂/ဥကတ(နိုင်) ၁၈၈၆၄၅သည် မိဘများ၏ ဆိုဆုံးမစကားကိုနားမထောင်ဘဲ သူလုပ်ချင်သလိုလုပ်သည့်အပြင် စိတ်အနှောင့်အယှက်ဖြစ်အောင်ပြုလုပ်ပြီး မိသားစုဂုဏ်သိက္ခာကျဆင်းအောင် ဆောင်ရွက်နေ၍ ခွင့်မလွှတ်နိုင်သောအဆင့်သို့ ရောက်ရှိနေသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်း၏ အခြားကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဦးအောင်ကျော်မိုးနှင့်ဒေါ်မြင့်သန္တာဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မြင့် H.G.P,LL.B — ဒေါ်နှင်းမြခိုင် LL.B,LL.M**

**တရားလွှတ်တော်ရှေ့နေ(၃၂၂၆) — အထက်တန်းရှေ့နေ(စဉ်-၃၄၇၂၂)**

**အမှတ် ၁၀၁၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၇၃၀၈၈၃၈၃**

## "ဒေါ်ချောစုမင်း ၁/ဗမန (နိုင်) ၀၀၀၅၆၀ သိရှိစေရန်"

ဒေါ်ချောစုမင်းနှင့် ဦးထွန်းထွန်း ၁၂/လမတ (နိုင်) ၀၀၅၆၃၅ တို့သည် (၁၄. ၁၁. ၁၉၉၁) မှ စ၍ လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ သား ၁ ဦး၊ သမီး (၁) ဦးထွန်းကားခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဒေါ်ချောစုမင်းနှင့် ဦးထွန်းထွန်းတို့မှာ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ သီးခြားစီနေထိုင်လာခဲ့ရာ ယခုဆိုလျှင် ၁၃ နှစ်ရှိပြီးဖြစ်၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးထွန်းထွန်းက လူကြီးမင်းနှင့် တရားရုံးတွင် လင်မယားကွာရှင်းစာချုပ်၌ လက်မှတ်ရေးထိုး၍ ကွာရှင်းလိုကြောင်း ၂၁. ၇. ၂၀၁၆ ရက်စွဲပါ နို့တစ်စာဖြင့် လူကြီးမင်းအား အကြောင်းကြားခဲ့သော်လည်း လူကြီးမင်းဘက်က အကြောင်းပြန်ကြားမှု မရှိသဖြင့် ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၁) ပတ်အတွင်း လင်မယားကွာရှင်းစာချုပ်၌ လူကြီးမင်းက လက်မှတ်ရေးထိုးပေးပြီး တရားရုံး၌ လင်မယားကွာရှင်းပေးပါရန် ထပ်မံတောင်းဆိုအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်သိန်းကျော်

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃)

ဦးထွန်းထွန်း

လွှဲအပ်ညွှန်ကြားသူ

ရုံးခန်း၊ တိုက်၃၃၉၊ ပထမထပ်၊ ၁၅၇ လမ်းထိပ်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၀၉၇၃၀၅၄၉၇၀၀

## ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မင်း၏ ၁၄-၆-၂၀၁၆ရက်စွဲပါ ဇနီးအဖြစ်ပေါင်းသင်းနေထိုင်ခြင်း မပြုတော့ကြောင်း အများသိစေရန် အသိပေးကြေညာခြင်းခေါင်းစဉ်ဖြင့် ထည့်သွင်းကြေညာခဲ့ပါသည်။ ယခုအခါ လူကြီးသူမများ၏ ဆိုဆုံးမမှုများကြောင့် နှစ်ဦးနှစ်ဖက်ပြေလည်သွားပါသည်။ သို့ဖြစ်ပါ၍ ၁၄-၆-၂၀၁၆ရက်စွဲပါ သတင်းစာကြေညာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မင်း၏ တင်ပြလွှဲအပ်ချက်အရ-**

**ဦးဝင်းမိုလ်ထွန်း**

**အထက်တန်းရှေ့နေ (စဉ်-၃၂၅၅၂)**

**အမှတ်-၉/၁၁၊ ၃၀၂-ဃ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4210 FORD RANGER PICKUP(4x4)Openob ယာဉ်လက်ဝယ်ရှိသူ ဦးအေးအောင် ၇/ပမန(နိုင်)၀၀၅၉၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်ကြည် LMA-၀၅၆၂၅၅ အမှတ် ၁၆/၁၂/က၊ ကမ္ဘောဇလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အမှတ် ၁၃/၁၂၆၀/က၊ ကျန်စစ်သားလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့ရှိ ပေ(၂၀×၆၀)မြေကွက်အား မြေချပါမစ် အမည်ပေါက်ပိုင်ဆိုင်သူတစ်ဦးဖြစ်ပြီး အဆိုပါ ပေ(၂၀×၆၀)မှ ခြေရင်း(၁၀×၆၀)ပေမြေကွက်အား သားဖြစ်သူ ဦးစိုး(ခ)ဦးစိုးဝင်း ၁၂/လမန (နိုင်)၀၈၇၄၉၇အား ၄-၃-၂၀၁၆ရက်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့အရောင်းအဝယ်စာချုပ်မချုပ်ဆိုမီက ၁၁-၆-၂၀၁၅ ရက်စွဲဖြင့် ဒေါ်တင်ကြည်မှ ဦးစိုး(ခ)ဦးစိုးဝင်းသို့ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ် လွှဲစာပေးခဲ့ခြင်းမှာ ဒေါ်တင်ကြည် အသက်အရွယ်အရ မသွားရောက်နိုင်သော ဌာနဆိုင်ရာကိစ္စရပ်များကို လုပ်ဆောင်ရန် လွှဲအပ်ပေးခြင်းသာဖြစ်ပြီး ဒေါ်တင်ကြည်၏ ပိုင်ဆိုင်မှုများအား လွှဲအပ်ပေးခဲ့ခြင်း မဟုတ်ကြောင်း၊ ပိုင်ဆိုင်မှုများနှင့် မသက်ဆိုင်ကြောင်း ပြောပြသိရှိရပါသည်။

ယခုအခါ ဒေါ်တင်ကြည်ပိုင် အထက်ပါခြံမြေ (၂၀×၆၀)ပေမှ ဦးစိုး(ခ) ဦးစိုးဝင်းအား ခြေရင်း(၁၀×၆၀)ပေ လွှဲပြောင်းပေးပြီး ကျန်ရှိသော ခေါင်းရင်း(၁၀×၆၀)ပေအား ဒေါ်တင်ကြည်၏ ကျန်းမာရေးအတွက် တစ်ဆင့်လွှဲပြောင်းရောင်းချတော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာယူဆောင်၍ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်တင်ကြည်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးမော်၊ ဒေါ်နှင်းဝေအောင်**
**တရားလွှတ်တော်ရှေ့နေများ**
**စဉ်-၁၀၇၂၄၊ စဉ်-၁၀၇၄၅**
**အမှတ် ၁၉၅၊ နတ်သျှင်နောင်လမ်း**

# ကျွန်တော်နဲ့ကုန်သွယ်မှု



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ပါရာဒိုင်းဆိုတဲ့စကားလုံးကို မကြာခဏသုံးစွဲကြတာကို တွေ့ရတယ်။ အမှန်တော့ စဉ်းစားတွေးခေါ်မှုအယူအဆကို ဆိုလိုပါတယ်။ တချို့ကလည်းပါရာဒိုင်းဟာ ကမ္ဘာကြီးကိုရှုမြင်တဲ့သုံးသပ်တဲ့ အယူအဆလို့ပြောကြတယ်။ မိမိရဲ့အယူအဆကို အမှန်တရားလို့ တရားသေလက်ခံနေကြတယ်။ အမှန်တော့ ပါရာဒိုင်းမှားယွင်းမှုတွေကြောင့် လူသားတွေရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်ခဲ့တာ တွေ့ရပါတယ်။ ကမ္ဘာကြီးဟာ စကြဝဠာရဲ့အလယ်တည့်တည့်မှာရှိပြီး ဂြိုဟ်တွေနဲ့နေဟာ ကမ္ဘာကိုလှည့်ပတ်နေတယ်လို့ လက်ခံယူဆခဲ့ကြတယ်။ ဒီပါရာဒိုင်းဟာ မှားယွင်းနေတယ်။ နေမင်းဟာအလယ်မှာရှိပြီး ကမ္ဘာကြီးနဲ့အတူကျန်တဲ့ဂြိုဟ်က လည်ပတ်နေတယ်လို့ ပါရာဒိုင်းကိုပြင်ခဲ့တဲ့ သိပ္ပံနက္ခတ်ပညာရှင်ဂယ်လီလီရိုကို လက်မခံဘဲ သူ့ကို အဆုံးစီရင်ခဲ့တယ်။ ဒါကြောင့်လည်း ပြောင်းလဲလာတဲ့ အခြေအနေနဲ့ ကိုက်ညီအောင် အတွေးအခေါ် ပါရာဒိုင်းကိုပြောင်းဖို့လိုအပ်ကြောင်း သတိပြုသင့်ပါတယ်။

စီးပွားရေးပညာမှာ ပါရာဒိုင်းတွေ အမြောက်အမြားရှိတာ တွေ့ရတယ်။ ဒီအယူအဆတွေကို ပညာရှင်တွေက၊ စနစ်တကျသုတေသနလုပ်ခဲ့ပြီး သီအိုရီအဖြစ် ဖော်ထုတ်ခဲ့ကြတယ်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်း နိုင်ငံတွေရဲ့ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး နိုင်ငံခြားကုန်သွယ်မှုရဲ့ အရေးပါမှုကို မီးမောင်းထိုးခဲ့တယ်။ ပို့ကုန်တိုးတက်မှုဟာ အရေးကြီးကြောင်းလက်ခံခဲ့ကြတယ်။ ဒါကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ပို့ကုန်မြှင့်တင်မှုမဟာဗျူဟာများကို ဖော်ထုတ်ခဲ့တယ်။ တရုတ် နိုင်ငံ၊ ကိုရီးယား၊ စင်ကာပူစတဲ့နိုင်ငံတွေဟာ ပို့ကုန်မြှင့်တင်မှုဗျူဟာကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ခဲ့ပြီး အောင်မြင်မှုတွေရခဲ့တယ်။ အိန္ဒိယနိုင်ငံမှာလည်း ဒီအတိုင်းဖြစ်ပြီး မြန်မာနိုင်ငံမှာ အမျိုးသားပို့ကုန်တိုးမြှင့်မှု မဟာဗျူဟာတွေကို ဖော်ထုတ်ဖို့ ကြိုးစားခဲ့တယ်။ ကြိုးစားလျက်ရှိပါတယ်။

အခုဆိုရှိတဲ့ တည်ဆဲပါရာဒိုင်းကို သုံးသပ်ကြပါစို့။ မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေးအနေအထားဟာ မရေရာမှုများပြီး ကမောက်ကမဖြစ်နေပါတယ်။ နိုင်ငံတိုင်းဟာ တစ်ချိန်ကရထားတဲ့ ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို ထိန်းသိမ်းနိုင်အောင် ကြိုးစားနေကြတယ်။ ပို့ကုန်အခြေခံတဲ့ဖွံ့ဖြိုးမှု အောင်မြင်ခဲ့တာ ချမ်းသာတဲ့နိုင်ငံများရဲ့ ဝယ်လိုအားတွေကြောင့်ဖြစ်တယ်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုကိုအားကိုးပြီး လုပ်ခဲ့တာဖြစ်တယ်။ အမှန်တော့ အခုလို ပို့ကုန်အခြေပြုတဲ့ စီးပွားရေးပုံစံကို ဖော်ထုတ်ခဲ့သူကတော့ တခြားလူမဟုတ်ပါဘူး။ မြန်မာ့စီးပွားရေးပညာရှင်တွေထဲမှာ အထူးချွန်ဆုံးဖြစ်တဲ့ ဒေါက်တာဦးလှမြင့်ပဲဖြစ်ပါတယ်။ ဆရာကြီးဟာ အခုထိ သက်ရှိထင်ရှားရှိပါတယ်။ ဆရာကြီးဟာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် တာဝန်ယူခဲ့သူဖြစ်တယ်။ မြန်မာနိုင်ငံက ထွက်ပြီး ဆရာကြီးဟာ နာမည်ကြီးလန်ဒန်စီးပွားရေးတက္ကသိုလ်မှာ ပါမောက္ခအဖြစ် တာဝန်ယူခဲ့တယ်။ ကုလသမဂ္ဂအဖွဲ့အစည်းရဲ့ တာဝန်ပေးမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေ တိုးတက်ဖွံ့ဖြိုးမှုအတွက် အကြံဉာဏ်တွေပေးခဲ့တယ်။ ပညာရှင်ပီပီဆရာကြီးဟာ လိုရင်းတိုရှင်းအကြံပြုခဲ့တယ်။ နိုင်ငံတိုးတက်ချင်ရင် အပြင်ထွက်ကြည့်တဲ့ ပို့ကုန်ကိုအခြေပြုတဲ့ စီးပွားရေးစနစ်တည်ဆောက်ဖို့ လိုအပ်ကြောင်း တင်ပြခဲ့တယ်။ ဆရာကြီးရဲ့အကြံဉာဏ်ကို လက်ခံခဲ့တဲ့ ကိုရီးယားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ အစရှိတဲ့နိုင်ငံတွေဟာ အံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်ခဲ့တယ်။ အာရှတိုက်ကျားမှ နဂါးသွားဖြစ်ခဲ့တယ်။ ၂၀ ရာစုမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကရှိခဲ့တဲ့ စီးပွားရေးပုံစံက ပြောင်းလဲလာခဲ့ပါပြီ။ ချမ်းသာတဲ့ နိုင်ငံတွေဟာ အရင်တုန်းကလို ဝယ်လိုအားမမြင့်မားတော့ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေကလည်း သူနဲ့ကိုယ်အပြိုင် ပို့ကုန်တိုးအောင်ဆောင်ရွက်နေတာမို့ ပြင်ပဈေးကွက်တွေဟာလည်း ကျဉ်းမြောင်းလာခဲ့တယ်။ ဒါကြောင့် တစ်ချိန်တုန်းက လက်ခံထားတဲ့ ပါရာဒိုင်းကိုပြင်ဆင်ဖို့ လိုအပ်လျက်ရှိပါတယ်။ ဖွံ့ဖြိုးမှုမဟာဗျူဟာကို ပြန်လည်သုံးသပ်ပြီး ပြည်တွင်းဈေးကွက်ရဲ့ ဝယ်လိုအားကိုလည်း အလားတူအရေးပေးဖို့ လိုအပ်လျက်ရှိပါတယ်။ အခုလို ပို့ကုန်မဟာဗျူဟာနဲ့ ပြည်တွင်းဈေးကွက်ကို အခြေပြုတဲ့စီးပွားရေးပုံစံကို သိမ်သိမ်မွေ့မွေ့ကိုင်တွယ်ရမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုမဟာဗျူဟာအသစ်ကို ရွေးချယ်တဲ့နေရာမှာ ထည့်သွင်းစဉ်းစားရမယ့် အခြေခံအချက်တွေရှိပါတယ်။ နိုင်ငံတိုင်းလိုလို ဆင်းရဲချမ်းသာကွာဟမှုတွေများနေတယ်။ တစ်ဖက်ကလည်း နိုင်ငံတော်အစိုးရ စီးပွားရေးတာဝန်ဝတ္တရားတွေကို ပြန်သုံးသပ်ရမှာဖြစ်တယ်။ ဘဏ္ဍာရေးစနစ်ကိုလည်း ပြုပြင်ဖို့လိုအပ်ပါတယ်။

ဒီအခြေခံအကြောင်းအချက်တွေကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ပြည်တွင်းဝယ်လိုအားကို အားကိုးတဲ့ မဟာဗျူဟာကို စဉ်းစားဖို့လိုအပ်လာပါတယ်။ အခုလို ပြောတာဟာ ပို့ကုန်ဗျူဟာကို လျှော့ချဖို့မဟုတ်ဘဲ ပို့ကုန်နဲ့ ပြည်တွင်းဈေးကွက်နှစ်ခုကို မျှတအောင်ကြိုးစားခြင်းဖြစ်တယ်။ ဒီလိုလုပ်တဲ့ နေရာမှာ ပြည်သူရဲ့ သုံးစွဲနိုင်မှုအင်အားကို အားပေးဖို့လိုအပ်မှာဖြစ်တယ်။ ဒါကြောင့် ဝင်ငွေတိုးမြှင့်စေမယ့်ပေါ်လစီတွေ၊ ဆင်းရဲသူတွေကို အခြေပြုတဲ့ အစီအစဉ်တွေ၊ နိုင်ငံတော်က အလုပ်အကိုင်အခွင့်အရေးတွေ ဖော်ထုတ်တဲ့အစီအစဉ်တွေ လုပ်ရမှာဖြစ်တယ်။ ဗဟိုဘဏ်ရဲ့အခန်းကဏ္ဍကိုလည်း ပြန်လည်သုံးသပ်ဖို့ လိုအပ်ပါတယ်။ တစ်ဖက်က ငွေကြေးဆိုင်ရာပေါ်လစီတွေ ဖော်ထုတ်သလို နိုင်ငံဖွံ့ဖြိုးမှုအတွက်လည်း ဦးစားပေးရမှာဖြစ်တယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေ အားပေးနိုင်ဖို့လိုအပ်ပါတယ်။ ဘဏ်တွေ၊ စွန့်ထွင်ဦးစီးသူတွေ၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေကို အရင်းအနှီးထုတ်ပေးနိုင်အောင် လိုအပ်တဲ့ဖြေလျှော့မှုတွေ ဖော်ထုတ်ရမှာဖြစ်တယ်။ အားလုံးပါဝင်တဲ့ ဘဏ္ဍာရေးစနစ် အသစ်တစ်ရပ်ကို ဖော်ဆောင်ရမှာဖြစ်တယ်။

**နိုင်ငံတစ်နိုင်ငံတိုးတက်ဖွံ့ဖြိုးမှုအတွက် ပြည်သူပြည်သား တစ်ဦးချင်း တာဝန်ယူပြီး စွန့်ထွင်ဦးစီးဖို့ တိုက်တွန်းခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာ စွန့်ထွင်ဦးစီးမှုကို ပြုစုပျိုးထောင်ပြီး အားပေးဖို့လိုအပ်ပါတယ်။ အထူးသဖြင့် လူငယ်တွေကို ပြုစုဖို့လိုအပ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေးအခြေအနေတွေကြောင့် ပညာတတ် လူငယ်တစ်ဦးမှာ လခစားလုပ်ရုံတစ်ခုတည်းမဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်ခွင့်ရနိုင်ပါတယ်။**

အလုပ်အကိုင်အခွင့်အရေးအသစ်တွေ ဖော်ထုတ်ရုံမက လုပ်သားတစ်ဦးချင်းရဲ့ ကုန်ထုတ်စွမ်းအားကိုလည်း မြှင့်တင်ရမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကုန်ထုတ်စွမ်းအားတွေဟာ ကျန်တဲ့အာဆီယံနိုင်ငံများနဲ့နှိုင်းယှဉ်ရင် နိမ့်ကျလျက်ရှိပါတယ်။ ဒီအခြေအနေကို ပြင်ရမှာဖြစ်တယ်။ နိုင်ငံတော်အစိုးရဟာ ပြည်တွင်းဝယ်လိုအားမြှင့်တင်ဖို့ အလုပ်အကိုင်တွေအမြန်ဆုံးဖော်ထုတ်သလို ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးမြှင့်ဖို့ လိုအပ်ပါတယ်။ အခွန်အခကောက်ခံမှုကို မျှမျှတတ ပွင့်လင်းမြင်သာအောင် ကြိုးစားရမှာဖြစ်တယ်။ စားသုံးမှုကိုမြှင့်တင်ဖို့ စွန့်ထွင်ဦးစီးသူတွေကိုလည်း အားပေးဖို့လိုအပ်ပါတယ်။

စီးပွားရေးပညာမှာ စွန့်ထွင်ဦးစီးမှုရဲ့အရေးပါမှုကို မီးမောင်းထိုးခဲ့ပါတယ်။ ဒီအချက်အလက်ကိုဖော်ထုတ်ခဲ့သူက ဩစတြီးယားနိုင်ငံက ပါမောက္ခရှွန်ပီတာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်မတိုင်မီ ဂျာမနီနိုင်ငံမှာ အာဏာရှင်ဟစ်တလာအာဏာရလာပြီး ဂျူးလူမျိုးများကို ဖိနှိပ်ခဲ့တာမို့ ဆရာကြီးဟာ အမေရိကန်ပြည်ထောင်စုရဲ့ နာမည်ကြီး ဟားဗတ်တက္ကသိုလ်မှာ တာဝန်ယူခဲ့ပါတယ်။ ဆရာကြီးဟာ ဒီတက္ကသိုလ်မှာ စွန့်ထွင်ဦးစီးမှုဗိမာန်ကို တည်ထောင်ခဲ့ပါတယ်။ ဆရာကြီးဟာ "ဖန်တီးမှု ပျက်စီးခြင်း" သီအိုရီကို ဖော်ထုတ်ခဲ့တယ်။ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်ဖို့ ရှိဆဲအခြေအနေကိုဖျက်ဆီးပြီး အသစ်တစ်ခုကို ဖန်တီးရမှာဖြစ်တယ်။ ဖျက်ဆီးတဲ့နေရာမှာလည်း ဖျက်လိုဖျက်ဆီးလုပ်ရုံမဟုတ်ဘဲ ပိုပြီးကောင်းမွန်တဲ့လှပတဲ့ အနာဂတ်တစ်ရပ်ကို အစားထိုးခြင်းဖြစ်တယ်။

ဆရာကြီးဟာ စီးပွားရေးပညာမှာ အလွန်အင်အားကြီးတဲ့အတွေးအခေါ်ကို စတင်ခဲ့သူအဖြစ် နာမည်ကြီးခဲ့တယ်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုအတွက် ပြည်သူပြည်သားတစ်ဦးချင်း တာဝန်ယူပြီး စွန့်ထွင်ဦးစီးဖို့ တိုက်တွန်းခဲ့တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာ စွန့်ထွင်ဦးစီးမှုကို ပြုစုပျိုးထောင်ပြီး အားပေးဖို့လိုအပ်ပါတယ်။ အထူးသဖြင့် လူငယ်တွေကို ပြုစုဖို့လိုအပ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေး၊ စီးပွားရေးအခြေအနေတွေကြောင့် ပညာတတ်လူငယ်တစ်ဦးမှာ လခစားလုပ်ရုံတစ်ခုတည်းမဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်ခွင့် ရနိုင်ပါ တယ်။ အခုလိုလုပ်ချင်တဲ့လူငယ်တွေကို အားပေးဖို့အရင်းအနှီးတွေ လွယ်လွယ်ကူကူရဖို့ အရေးကြီးပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းဘဏ်တွေကို လုပ်ခွင့်ရအောင် အားပေးဖို့လိုပါလိမ့်မယ်။

ကျွန်တော်ဟာ အခွင့်အရေးရတိုင်း မြန်မာနိုင်ငံစက်မှုလက်မှုနဲ့ ကုန်သည်ကြီးများအသင်းရဲ့ မြန်မာလူငယ်စွန့်ဦးတီထွင်အသင်းခွဲကို အမြဲအားပေးခဲ့ပါတယ်။ လူငယ်တွေကို စွန့်ဦးတီထွင်စေချင်တဲ့စေတနာနဲ့ လိုအပ်တဲ့အသိပညာတွေ တတ်ကျွမ်းမှုတွေကို ပေးဖို့လိုအပ်ပါတယ်။ တစ်ဖက်ကလည်း လိုအပ်တဲ့အရင်းအနှီးတွေ ဈေးကွက်ကိုကျွမ်းကျွမ်းကျင်ကျင် ထိုးဖောက်နိုင်ဖို့နည်းလမ်းတွေ၊ ခေတ်မီနည်းပညာတွေကို အသုံးချနိုင်ရေးအစီအစဉ်တွေကို သင်ပေးဖို့လိုအပ်ပါတယ်။ စွန့်ထွင်ဦးစီးမှုလို့ပြောရင် အများကစီးပွားရေးနဲ့သာ ပတ်သက်တယ်လို့ မြင်ကြတယ်။ အမှန်တော့ စွန့်ထွင်ဦးစီးမှုဟာ နိုင်ငံရေးနယ်ပယ်မှာရော၊ လူမှုရေးနယ်ပယ်အတွက်ရော ပတ်သက်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နယ်ပယ်အသီးသီးမှာ စွန့်ထွင်ဦးစီးဖို့ အလွန်အရေးကြီးနေပါတယ်။ ရှိတဲ့အခြေအနေကို လက်ပိုက်ကြည့်နေတာမဟုတ်ဘဲ ဖြစ်သင့်တဲ့ပြောင်းလဲမှုကို ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ပြည်တွင်းဝယ်လိုအားမြှင့်တင်မှုကို ဆောင်ရွက်ရာမှာ ခေတ်မီစီးပွားရေးအတွေးအခေါ်တစ်ရပ်ကို အခြေခံဖို့လိုအပ်ပါတယ်။ ဒီအတွေးအခေါ်ကို "တြိဂံရဲ့ အောက်ခြေ"လို့ သတ်မှတ်ပါတယ်။ လူ့အဖွဲ့အစည်းတစ်ခုကို သရုပ်ဖော်ရာမှာ တြိဂံတစ်ခုအဖြစ် အလွယ်တကူ သတ်မှတ်နိုင်ပါတယ်။ ဒီတြိဂံမှာ အပိုင်းသုံးပိုင်း ပါဝင်တယ်။ ထိပ်ပိုင်း၊ အလယ်ပိုင်းနဲ့ အောက်ခြေတို့ ဖြစ်တယ်။ ထိပ်ပိုင်းကတော့ ကြွယ်ဝချမ်းသာသူတွေကိုကိုယ်စားပြုတာဖြစ်ပြီး အလယ်ပိုင်းကတော့ လူလတ်တန်းစားတွေဖြစ်တယ်။ အောက်ခြေကတော့ ဆင်းရဲသူတွေဖြစ်တယ်။ ပမာဏအနေနဲ့ အများဆုံးကအောက်ခြေကဖြစ်ပြီး ထိပ်ပိုင်းက အနည်းစု၊ အလယ်ပိုင်းကလည်း အောက်ခြေထက်နည်းပါတယ်။ နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို ဖော်ဆောင်တဲ့နေရာမှာ စီးပွားရေးအာရုံဟာ ထိပ်ပိုင်းနဲ့ အလယ်ပိုင်းကို အာရုံပြုရမယ်လို့ အများက လက်ခံခဲ့ကြတယ်။ ဒီအဆိုကို ပညာရှင်တစ်ဦးက တွန်းလှန်လိုက်ပြီး အောက်ခြေကိုဦးစိုက်ပြီး နိုင်ငံရဲ့ဖွံ့ဖြိုးမှုကို အောင်အောင်မြင်မြင် လုပ်နိုင်တယ်လို့ လက်ခံလာခဲ့တယ်။ အောက်ခြေကိုယ်စားပြုတဲ့ ဆင်းရဲသူတွေကိုမြင်တဲ့အမြင်ကို ပြောင်းဖို့လိုအပ်ပါတယ်။ ဆင်းရဲသူတွေဟာ ဝင်ငွေနည်းကြတယ်။ သုံးနိုင်ဖြုန်းနိုင်တဲ့သူတွေ မဟုတ်ကြဘူး။ မိမိကြမ္မာ မိမိဖန်တီးနိုင်စွမ်းမရှိဘဲ အရာရာကိုခေါင်းငုံ့ပြီး လက်ခံကြရတယ်လို့ ယူဆခဲ့တယ်။

လက်တွေ့မှာတော့ ဒီလိုမဟုတ်ပါဘူး။ ဆင်းရဲသူတွေဟာ တက်ကြွတယ်။ အင်အားရှိတယ်။ သတ္တိရှိတယ်။ ဘဝကိုရင်ဆိုင်ရဲတယ်။ သူတို့ကို အရေးပါတဲ့ ဈေးကွက်အဖြစ် သတ်မှတ်ဖို့လိုအပ်တယ်။ သူတို့ဟာ ဝင်ငွေမများပေမယ့် စားသုံးနိုင်စွမ်းရှိတယ်။ ခေါင်းလျှော်ရည်တစ်ပုလင်း မဝယ်နိုင်ပေမယ့် ခေါင်းလျှော်ရည်အထုပ်အသေးတွေကို ဝယ်နိုင်တယ်။ ဒါကြောင့် အောက်ခြေကို အခြေပြုတဲ့ စီးပွားရေးပုံစံသစ်တွေကို ဖော်ထုတ်ရမယ်။ ဆင်းရဲသူတစ်ဦးချင်း ရမယ့်အမြတ်က ပမာဏနည်းပါးပေမယ့် ဆင်းရဲသူအရေအတွက် များပြားလှတာမို့ စီးပွားရေးတွက်ခြေကိုက်တယ်။ အခုလို စီးပွားရေးမဟာဗျူဟာ ကို ပြင်ဆင်ဖို့ အတွေးအခေါ်အယူအဆ ပါရာဒိုင်းကို ပြင်ဖို့လိုအပ်ပါတယ်။ နှစ်ပေါင်းများစွာက စွဲကပ်နေတဲ့အတွေးတွေ၊ အယူအဆတွေပြင်ပြီး ဆန်းသစ်တဲ့စီးပွားရေးပုံစံအသစ်တွေအခြေခံပြီး ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်လှတဲ့ ဖွံ့ဖြိုးမှုကိုရအောင် ကြိုးစားသွားဖို့လိုအပ်ပါတယ်။



အမှတ် (၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ယာယီဒုတိယရဲမှူးကြီး အောင်ထိန်လင်းဦးဆောင်သော ရဲတပ်ဖွဲ့ဝင်နှင့် မိသားစု ၁၀၀ တို့မှ ဩဂုတ် ၆ ရက်က လယ်ဝေးမြို့နယ် ပျံချီကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်စဉ်။ (သတင်းစဉ်)

# မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ အသစ်ပြန်လည်ရွေးချယ်

**သီပေါ ဩဂုတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ အသစ်ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင်နှင့် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနေရာအတွက် မြို့မိမြို့ဖလေးဦးဝင်ရောက်ရွေးချယ်ခံရာ ဦးခင်မောင်ဝင်းက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များအဖြစ် လူမှုရေး (သို့) စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် ဦးဆန်နီကလည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းအလိုက်ကျွမ်းကျင်ပညာရှင်(သို့) ပညာအခြေပြု ကိုယ်စားလှယ် ဦးညီညီမောင်ကလည်းကောင်း၊ အဖွဲ့ဝင်အဖြစ် မြို့မိမြို့ဖ ဦးအုန်းမောင်ကလည်းကောင်း မဲရလဒ်များဖြင့် ရွေးချယ်ခဲ့ကြသည်။

အဆိုပါရွေးချယ်ပြီးသော ကော်မတီဝင်များ၏ အမည်စာရင်းနှင့် ကိုယ်ရေးမှတ်တမ်းများကို ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုပြီးပါက ပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့်အညီ ကော်မတီဖွဲ့စည်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဖက်ဒရယ်စနစ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ရေစကြို ဩဂုတ် ၇**

ကနေဒါနိုင်ငံအခြေစိုက် Forum of Federations နှင့် Panna Institute (ပညာအင်စတီကျု)တို့ ပူးပေါင်း၍ ဖက်ဒရယ်စနစ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရေစကြိုမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက်နှင့် ၅ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ နိုင်ငံရေးစိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး သင်တန်းနည်းပြများဖြစ်သော ဦးတင့်ကျော်နိုင်၊ ဦးတေဇာကျော်၊ ဦးဇေယျာလင်းတို့က နိုင်ငံတကာရှိ ပြည်ထောင်စု အသီးသီးမှ ဖက်ဒရယ်စနစ်များအကြောင်းကို ရှင်းလင်းဆွေးနွေးကြသည်။

"ကျွန်တော်တို့ အခုပြုလုပ်တဲ့ ဖက်ဒရယ်စနစ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှာ အဓိကခေါင်းစဉ်ခြောက်ခုနဲ့ ဆွေးနွေးကြပါတယ်။ အဲဒီခေါင်းစဉ်ခြောက်ခုကတော့ ပြည်ထောင်စုစနစ်မိတ်ဆက်ခြင်း၊ မတူကွဲပြားမှုနှင့် စည်းလုံးညီညွတ်ခြင်း၊ ဖက်ဒရယ်စနစ်တွင် အာဏာခွဲဝေခြင်း၊ ပြည်ထောင်စုစနစ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်းကဏ္ဍ၊ ပြည်ထောင်စုစနစ်တွင် ဘဏ္ဍာငွေခွဲဝေကျင့်သုံးခြင်း၊ ဒေသန္တရအစိုးရများ၏ အခန်းကဏ္ဍ စတာတွေဖြစ်ပါတယ်"ဟု သင်တန်းနည်းပြတစ်ဦးဖြစ်သူ ဦးတေဇာမျိုးဝင်းက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါ ခေါင်းစဉ်ခြောက်ခုကို သင်တန်းနည်းပြများက အသေးစိတ်ရှင်းလင်းခဲ့ကြကာ ဆွေးနွေးပွဲ တက်ရောက်သူများက အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ခေါင်းစဉ်တစ်ခုချင်းကို ဝိုင်းဖွဲ့ဆွေးနွေးခဲ့ကြကြောင်း သင်တန်းနည်းပြ၏ ပြောကြားချက်အရ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

**ပခုက္ကူ ဩဂုတ် ၇**

ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက် ရွှေသိမ်တော်ဘုန်းတော်ကြီးကျောင်းတွင် ရောက်ရှိနေသော ရေဘေးရှောင်ပြည်သူများအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းဦးက အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ်အတွင်းရှိ ရေဘေးရှောင်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၈ အုပ်စုမှ ပြည်သူများအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၂၉၀ ကျော်ကို ပခုက္ကူမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်ထူးအောင်ထံ ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက စက်လှေနှစ်စီးဖြင့် ကျေးရွာများအတွင်း ရေဝင်ရောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ပခုက္ကူမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်းများတွင် ဩဂုတ် ၅ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၈ စုမှ စုစုပေါင်း ပြည်သူ ၃၇၆၄၀ ဦး ရေဘေးရှောင်ရောက်ရှိနေကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

**ကသာ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်း ဧရာဝတီမြစ်ရေကြီးသဖြင့် မြစ်ရိုးတစ်လျှောက် ကျေးရွာများတွင် ရေဘေးကြုံတွေ့ခဲ့ရကာ အဆိုပါကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများကို ကသာခရိုင် ဆေးရုံအုပ်ကြီးနှင့် အဖွဲ့က ဩဂုတ် ၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဝဏ္ဏသောင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကသာမြို့နယ်မှ လူမှုရေးအဖွဲ့များနှင့်ပူးပေါင်း၍ မြစ်ရေကြီးခဲ့သော ဆည်ကြီးကျေးရွာနှင့် ဒေါင့်ကြီးကျေးရွာများရှိ ပြည်သူများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။



မြို့နယ်အတွင်း ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ရောကမ်းသာလူမှုရေးအသင်းနှင့် အွန်လိုင်းချစ်သူ လူမှုရေးအသင်းတို့မှ အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များကလည်း ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့် ရေသန့်ဘူးများကို သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိပြီး ကသာမြို့မှ အလှူရှင်များနှင့် အဝေးရောက်ဒေသခံများကလည်း မြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအတွက် နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မြင်းခြံ ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ကျေးရွာခုနစ်ရွာ၌ အကောင်အထည်ဖော်မည့် မြစိမ်းရောင် စီမံကိန်းအတွက် ရန်ပုံငွေများကို ဩဂုတ် ၃ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

မြင်းခြံမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကံချွန်တို့က စီမံကိန်းရန်ပုံငွေနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီဖြင့် ခုနစ်ရွာအတွက် ကျပ်သိန်း ၂၁၀၀ ကို ကျေးရွာစီမံကိန်းကော်မတီများထံ ပေးအပ်ခဲ့သည်။

မြင်းခြံမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က ကျေးရွာငါးရွာ၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀ ရွာတွင် ထပ်မံအကောင်အထည်ဖော်ခဲ့ကာ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာခုနစ်ရွာ၌ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သောအကူအညီများပေးလျက်ရှိ

**နတ်တလင်း ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဘေးကြုံတွေ့ရသော ကျေးရွာများမှ ပြည်သူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ လိုအပ်သော အကူအညီများပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် နတ်တလင်းမြို့နယ် ရေမွှေးကျေးရွာအုပ်စုအတွင်းမှ ပုဇွန်ချောင်းရွာ၊ တောင်ယာတောအုပ်စုမှ ကြို့ပင်အင်းရွာနှင့် ချောင်းသုံးခွကျေးရွာအုပ်စုမှ ကထန်ရွာတို့တွင် ရေဝင်ရောက်ခဲ့ပြီး အဆိုပါကျေးရွာများတွင် နေထိုင်သည့် ပြည်သူများအား ပုဇွန်ချောင်းဘုန်းကြီးကျောင်း၌လည်းကောင်း၊ ကြို့ပင်အင်းဘုန်းကြီးကျောင်း၌လည်းကောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၄ ရက်က ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးရွှေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ကယ်ဆယ်ကူညီထောက်ပံ့ရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ဆန်၊ ခေါက်ဆွဲခြောက်၊ မုန့်မျိုးစုံတို့ကိုလည်း ထောက်ပံ့လှူဒါန်းလျက်ရှိပြီး ကျန်းမာရေးအဖွဲ့များကလည်း ရေဘေးသင့်ပြည်သူများအား ဆေးဝါးများ ကုသပေးလျက်ရှိသည်။ ထို့အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များကလည်း ရေဘေးကြုံတွေ့နေရသေးသော နေအိမ်များ ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကိုလည်း ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# ရွှေဘိုခရိုင်အတွင်း ကျေးရွာမြေပုံဇယားရန်များ ထုတ်ပေးပြီး

**ရေဦး ဩဂုတ် ၇**

ကျေးလက်နေပြည်သူများ မိမိတို့နေထိုင်သည့်မြေပေါ်တွင် ခိုင်လုံသော အထောက်အထားများဖြင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် မြို့နယ်တစ်ခုလျှင် ကျေးရွာတစ်ရွာစီဖြင့် မြေပုံဇယားရန်များကို မြန်မာတစ်နိုင်ငံလုံးတွင် ထုတ်ပေးလျက်ရှိရာ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်တိုင်း၌ တစ်မြို့နယ်လျှင် တစ်ရွာစီ မြေပုံဇယားရန်များ ထုတ်ပေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း မြို့နယ်ခြောက်ခုမှ ကျေးရွာတစ်ရွာစီတွင် မြေပုံဇယားရန်များ ထုတ်ပေးနိုင်ရန်အတွက် ရွှေဘိုခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာနနှင့် တာဝန်ရှိသူများက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရက်တစ်ရာစီမံချက်ကာလအတွင်းက ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ကျေးရွာမြေပုံဇယားရန်များ ထုတ်ပေးပြီးစီးမှုမှာ ရေဦးမြို့နယ်တွင် ၂၀ ခု၊ ရွှေဘိုမြို့နယ်တွင် ၈၂ ခု၊ ဝက်လက်မြို့နယ်တွင် ၃၉ ခု၊ ခင်ဦးမြို့နယ်တွင် ၉၆ ခု၊ တန့်ဆည်မြို့နယ်တွင် ၃၉ ခု၊ ဒီပဲယင်းမြို့နယ်တွင် ၁၆၆ ခုဖြစ်ပြီး စုစုပေါင်း မြေဌာနဂရမ် ၄၄၂ ခုဖြစ်ကာ တစ်မြို့နယ်လျှင် တစ်ရွာနှုန်းဖြင့် မြေပုံဇယားရန်များ ခရိုင်လုံးကျွတ်ပေးအပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် သင်တန်းဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် သင်တန်းကို ဩဂုတ် ၆ ရက်က ဖွင့်လှစ်ခဲ့ပြီး သင်တန်းတက်ရောက်သူများအား ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် ရေဆင်းမွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာလတ်လတ်ထွန်းတို့က အမှာစကားပြောကြားကြပြီး နေပြည်တော် ကညနမှ တာဝန်ရှိသူများက ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းဆိုင်ရာများအကြောင်းကို ဆွေးနွေးပို့ချသည်။

သင်တန်းသို့ ကျောင်းသားကျောင်းသူ ၃၀၀ ကျော် တက်ရောက်ကြပြီး သင်တန်းအပြီးတွင် သင်တန်းတက်ရောက်သူများအား နေပြည်တော် ကညနရုံး၌'က' ယာဉ်မောင်း လိုင်စင်များကို နေ့ချင်းပြီး စစ်ဆေးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



## သီတဂူနှင့် အမေရိကန် ဟာဝိုင်ရီအခြေပြုဆေးကုသရေးအဖွဲ့ ဟုမ္မလင်းမြို့နယ်သို့ အခမဲ့ ကွင်းဆင်းဆေးကုသ



**ခန္တီး ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့သီတဂူစက္ကျူပါလဆေးရုံကြီး၌ သီတဂူ ဆေးကုသရေးအဖွဲ့နှင့် အမေရိကန် ဟာဝိုင်ရီအခြေပြု အလိုဟာမက်ဒီကယ်လ်မစ်ရှင်အဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၆ ရက်မှ ၁၃ ရက်အထိ အခမဲ့ဆေးကုသမှုများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကွင်းဆင်းဆေးကုသရာတွင် လည်ပင်းကြီးရောဂါများ၊ အာခေါင်ကွဲ/နှုတ်ခမ်းကွဲရောဂါများ၊ အူကျရောဂါများ၊ ကိုယ်တွင်းအဖုအကျိတ်ရောဂါများ၊ အမျိုးသမီးရောဂါများ အပါအဝင်အထွေထွေခွဲစိတ်ကုသမှုများပြုလုပ်ပေးသွားမည်ဖြစ်ကာ ယခုအကြိမ်သည် ပဉ္စမအကြိမ်မြောက် ကွင်းဆင်းကုသပေးခြင်းဖြစ်ကြောင်းနှင့် ဆေးဝါးကုသမှုခံယူရန် ကြိုတင်စာရင်းပေးထားသည့် ပြည်သူ ၁၅၇ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။ **စန်းလွင်ဦး**

## စည်းကမ်းမလိုက်နာသော ဆိုင်ကယ်မောင်းနှင်သူများအား ဥပဒေအရ အရေးယူ



**မြိတ် ဩဂုတ် ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူများ ယာဉ်အန္တရာယ် လမ်းအန္တရာယ် မဖြစ်ပွားစေရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးနှင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ယာဉ်စည်းကမ်းမလိုက်နာသော ဆိုင်ကယ်မောင်းနှင်သူများအား ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းမှစ၍ အရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း မြိတ်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

စည်းကမ်းမဲ့ဆိုင်ကယ်များ ဖမ်းဆီးအရေးယူမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ပြည်သူပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် လူထုလှုပ်ရှားမှု အသွင်တစ်ရပ်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဆိုင်ကယ်စီး ဦးထုပ်မဆောင်းသူများ၊ ဆိုင်ကယ်တစ်စီးတွင် နှစ်ဦးထက်ပို၍ စီးသူများကို ဥပဒေနှင့်အညီ အရေးယူခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက ပြောသည်။ အမှတ်(၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးကိုကိုကလည်း ပြည်သူများ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် အရေးယူရာတွင် နေ့စဉ် အချိန်နှင့် နေရာများပြောင်း၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုမရှိသော ယာဉ်အသုံးပြုသူများကို အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပူးပေါင်းအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်ကြပြီး စည်းကမ်းလိုက်နာမှုမရှိသော ဆိုင်ကယ်မောင်းနှင်စီးနင်းသူ ၈၂ ဦးကို ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။ **ခိုင်ထူး(မြိတ် ပြန်/ဆက်)**

## သတင်းတိုများ

### အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲပြုလုပ်

မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ဖွင့်ပွဲကို ဧရာဝတီတိုင်း ဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဩဂုတ် ၅ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် ကျုံပျော်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ၏ ရည်ရွယ်ချက်နှင့် အကျိုးရှိအောင် ဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မွေးကင်းစကလေးငယ်များအား မိခင်နို့ စနစ်တကျတိုက်ကျွေးနည်း၊ ချီပိုးထိန်းကျောင်းနည်းများကို လက်တွေ့ရှင်းလင်းသရုပ်ပြပြီး မြို့နယ်အတွင်းမှ မိခင်နှင့် ကလေးများအတွက် အားတိုးဆေး၊ အိုင်အိုဒင်းဆားနှင့် အနီးပိတ်စများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### အခွန်ဆိုင်ရာများ အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့မ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၅ ရက်က ကျင်းပခဲ့ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်လွမ်းနောနှင့် ဒုတိယဦးစီးမှူး ဦးအေးကိုတို့က အခွန်ကောက်ခြင်းသည် အစိုးရ၏အသုံးစရိတ်ငွေများ ရရှိစေရန်သာမက အခွန်ကောက်ခံခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ရည်မှန်းချက်များ အောင်မြင်အောင် အထောက်အကူပြုရန်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိကြောင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ ဝင်ငွေခွန်၊ အောင်ဘာလေသိန်းဆုခွန်၊ အသစ်ပြဋ္ဌာန်းသည့် အထူးကုန်စည်ခွန်စသည့် အခွန်ဆိုင်ရာ ဥပဒေများအကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောကာ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ဟောပြောပွဲများကို ကွတ်ခိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ကျေးရွာချင်းဆက်တံတား တည်ဆောက်ပြီး၍ ဖွင့်ပွဲကျင်းပ

ကရင်ပြည်နယ် ဘောကျို့ထကျေးရွာအဝင်ရှိ ကျေးရွာချင်းဆက်ချောင်းကူးတံတားဖြစ်သည့် သာယာအေးချောင်းကူးတံတား ဖွင့်ပွဲကို ဩဂုတ် ၅ ရက်က ကျင်းပခဲ့ပြီး ကျေးရွာ ရွာဦးကျောင်းဆရာတော်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ ဒုတိယ ဌာနေကိုယ်စားလှယ်နှင့် ဘောကျို့ထကျေးရွာ မူလတန်းလွန်ကျောင်းအုပ်ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ တံတားကို ဥရောပသမဂ္ဂကော်မရှင်အဖွဲ့၏ ထောက်ပံ့ငွေ ကျပ် ၉၆ သိန်းနှင့် ကျေးရွာနေ ဒေသခံ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၃၂ ဒသမ ၅ သိန်း၊ စုစုပေါင်း ၁၂၈ သိန်း အကုန်ကျခံ၍ မေလဆန်းက စတင်တည်ဆောက်ခဲ့ကာ အရှည် ၈၅ ပေ၊ အကျယ် ရှစ်ပေ၊ ရေလယ်တိုင်အမြင့် ၂၂ ပေရှိပြီး ဇူလိုင် ၂၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။
**မြို့နယ် (ပြန်/ဆက်)**

### စိုက်ပျိုးရေးပညာပေးအလုပ်ရုံဆွေးနွေးပွဲပြုလုပ်

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(YAU) နှင့် SEARCA တို့ ပူးပေါင်း၍ စိုက်ပျိုးရေးပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမ၌ ဇူလိုင် ၂၆ မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်ငါးဦး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ နှစ်ဦး၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင် ၁၁ ဦးနှင့် ပါရဂူကျောင်းသားကျောင်းသူ ခုနစ်ဦး၊ Farmer Channel မှ သုံးဦး စုစုပေါင်း သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇူလိုင်မိုး**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေးလှုံ့ဆော်ဟောပြော

**သထုံ ဩဂုတ် ၇**

မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာနေ ဒေသခံပြည်သူများအား မိုးရာသီတွင် ကြုံတွေ့ရနိုင်သည့် ရေဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေးအတွက် သထုံခရိုင် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့မှ တာဝန် ရှိသူများက ဇူလိုင် ၅ ရက်က အသိပညာပေး လှုံ့ဆော်ဟောပြောခဲ့သည်။

ညောင်ပင်သာကျောင်းတိုက် သုခါဝါသဓမ္မဗိမာန်ကျောင်းဆောင်၌ ပြုလုပ်သည့် ဟောပြောပွဲတွင် သထုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာနှင့် သထုံခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှူး ဦးဟန်ဝင်းအောင်တို့က ပြည်သူများအနေဖြင့် ရေဘေးအန္တရယ်ကြုံတွေ့လာခဲ့လျှင် ဂရုပြုလုပ်ဆောင်ရမည့်အချက်များကို အသိပညာပေး ဟောပြောကြပြီး သဘာဝဘေးအန္တရာယ်များအကြောင်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဒုံဝန်းကျေးရွာပတ်ဝန်းကျင်မှ ရေကြီးနစ်မြုပ်နိုင်သည့် နေရာများ၊ ရေထွက်ပေါက်များနှင့် ဘီးလင်းမြစ်ရေ မြင့်တက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာမှ ရေဘေးသင့်ပြည်သူများကိုလည်း လိုအပ်သည့်အကူအညီများ သွားရောက်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



## မိုးသည်းထန်သဖြင့် သောက်သုံးရေကန်များသို့ မိုးရေများဝင်ရောက်

**ငါ့သရောက် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် ဩဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခန့်မှစ၍ အချိန်တစ်နာရီခန့် မိုးများသည်းထန်စွာရွာသွန်းခဲ့ကာ ကျေးရွာအချို့ရှိ ပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားနေရသည့် မြေသားမိုးရေလှောင်ကန်များအတွင်းသို့ မိုးရေများ ဝင်ရောက်ခဲ့သဖြင့် ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ အဆင်ပြေစေခဲ့ကြောင်း သိရသည်။

ငါ့သရောက်မြို့နယ် တောပြားကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက မိုးက တော်တော်ကို ခေါင်သွားခဲ့တာပါ။ မိုးကရွာပြန်တော့လည်း နေရာအနှံ့ ရွာတာမဟုတ်ပါဘူး။ မြို့နယ်အတွင်းက ကျေးလက်နေပြည်သူတွေအတွက် သောက်သုံးရေအခက်အခဲကြုံခဲ့ရတယ်။ အခု ဩဂုတ်လမှာတော့ လဆန်းပိုင်းအတွင်းကိုပဲ မိုးက အဆက်မပြတ်ဆိုသလို ရွာနေတယ်။ ဒီနေ့ ရွာတဲ့မိုးကြောင့် ကျွန်တော်တို့ရွာက ဒေသခံပြည်သူတွေ သောက်သုံးရေအတွက် မှီခိုအားထားရတဲ့ မြေသားမိုးရေလှောင်ကန်ကြီးအတွင်း မိုးရေဝင်ရောက်ခဲ့ပါတယ်" ဟု ပြောသည်။

ထိုနေ့က မိုးသည်းထန်စွာ ရွာခဲ့ခြင်းကြောင့် ငါ့သရောက်မြို့နယ်အတွင်း ကျေးရွာများရှိ သောက်သုံးရေကန်များသို့ မိုးရေအများအပြား ဝင်ရောက်ခဲ့၍ ဒေသခံများအတွက် အဆင်ပြေစေခဲ့သလို စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ရေရသဖြင့် များစွာအဆင်ပြေခဲ့ကြောင်း သိရသည်။ "အခု ရွာသွန်းတဲ့ မိုးနဲ့ဆိုရင် ကျွန်တော်တို့ဒေသက တောင်သူတွေ မိုးဦးတုန်းကကဲထားတဲ့ သီးနှံစိုက်ခင်းတွေလည်း အပျက်အစီးနည်းသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ သုံးလ ပင်ထောင်မြေပဲကိုလည်း တောင်သူတွေစိတ်တိုင်းကျ စိုက်ပျိုးလို့ရသွားပါပြီ" ဟု တောပြားကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ငါ့သရောက်မြို့နယ်သည် မိုးရေချိန်နည်းသော ဒေသတစ်ခုဖြစ်ပြီး ကျေးလက်ဒေသများမှာ မိုးရေလှောင်ကန်များမှရေကို အားထားကြရကာ မိုးရာသီတွင် မိုးနည်းပါက နွေကာလများတွင် သောက်သုံးရေရှားပါးမှု ကြုံတွေ့ရလေ့ရှိသလို ကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း ရေလိုအပ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## စမိုးချောင်းရေထွက်မြောင်းကို အုတ်စီတည်ဆောက်လျက်ရှိ

**ရေတာရှည် ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၏ အနောက်ဘက်မှ အရှေ့ဘက်သို့ စီးဆင်းသည့် စမိုးချောင်းဖြတ်သွားသည့် မြို့တွင်းနေရာများတွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေတာရှည်မြို့နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးခွင့်ပြုရန်ပုံငွေဖြင့် အရှည် ၄၁၀ ပေတွင် အုတ်စီရေမြောင်းကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။



"မြောင်းက ပေါင်းမြက်တွေ၊ နုန်းတွေရှိတော့ ရေစီးနှုန်းနှေးပြီး လူနေရပ်ကွက်တွေထဲ လျှံတက်ကုန်တာပါ။ အခု ပေါင်းမြက်နဲ့ နုန်းတွေကိုဆယ်တယ်။ ပြီးတော့ အုတ်စီရေမြောင်းလုပ်ပေးလိုက်တဲ့အခါမှာ ရေထွက်အားကောင်းသွားမယ်။ လူနေရပ်ကွက်တွေထဲ ရေဝင်ရောက်မှု သိသိသာသာ လျှော့ချ နိုင်တာပေါ့"ဟု လုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်နေသည့် အင်ဂျင်နီယာ ဦးမြတ်ဇော်လင်းက ပြောသည်။

စမိုးချောင်းသည် မိုးရာသီကာလရောက်တိုင်း ရေလျှံမှုကြောင့် ရေတာရှည်မြို့ အမှတ်(၆)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၁)ရပ်ကွက်များအတွင်းရှိ လူနေအိမ်ဝိုင်းများအတွင်းသို့ ဝင်ရောက်လေ့ရှိရာ ရေစီးရေလာကောင်းမွန်ပြီး ချောင်းရေလျှံမှု လျော့နည်းစေရန် အုတ်စီရေမြောင်း ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

# ကယ်ဆယ်ရေးစခန်းများဖွင့်၍ ရေဘေးကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေ

**အောင်လံ ဩဂုတ် ၇**
အောင်လံမြို့တွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ကမ်းဘေး ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများ ရေဘေးဒုက္ခကြုံနေရသဖြင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ပြည်သူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကယ်ဆယ်ရေးစခန်း ပင်မရုံးအဖွဲ့ ဖွင့်လှစ်ထားသော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ရေဝင်ရောက်လာသဖြင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး အမှတ်(၁)ကယ်ဆယ်ရေးစခန်းကို ဈေးကုန်းရပ်ကွက်ရှိ သာသနာ့ဝံသ ဆွမ်းလောင်းအသင်းတွင်လည်းကောင်း၊ အမှတ်(၂) ကယ်ဆယ်ရေးစခန်းကို စမ်းချောင်းရပ်ကွက်ရှိ ကုသိနာရုံဘုရား စောင်းတန်းတွင်လည်းကောင်း ဖွင့်လှစ်ထားကြောင်း သိရသည်။



ကယ်ဆယ်ရေးစခန်းများမှ ပြည်သူများအား နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်ကျေးရွာများမှ စေတနာရှင်အစုအဖွဲ့များက အစားအသောက်၊ သောက်ရေသန့်၊ ရေသန့်ဆေး၊ ဆေးဝါးများနှင့် လူသုံးပစ္စည်းများ စသည့် အကူအညီများကို ဇူလိုင် ၅ ရက်မှစ၍ လာရောက်ပေးအပ် လှူဒါန်းလျက်ရှိကာ မြို့နယ်မီးသတ်တပ်ဖွဲ့ကလည်း သောက်သုံးရေများကို ကယ်ဆယ်ရေးစခန်းများနှင့် ရေဘေးသင့်ပြည်သူများ စုဝေးနေထိုင်ရာ နေရာများအထိ သွားရောက်၍ ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ရေဘေးကယ်ဆယ်ရေးစခန်းများမှ ပြည်သူများအတွက် အလှူရှင်များက အစားအသောက်များ လှူဒါန်း

**မြန်အောင် ဩဂုတ် ၇**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးကယ်ဆယ်ရေးစခန်းလေးခုတွင် ရောက်ရှိနေသော ရေဘေးရှောင်ပြည်သူများအတွက် အစားအသောက်များကို အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်အောင်မြို့ အမှတ်(၆)ရပ်ကွက် ရွှေဘုံသာဘုရားဝန်းရှိ ဦးဖိုးမြိုင်တန်ဆောင်းကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူ ၃၀၇ ဦးအတွက် ထမင်းထုပ်များကို အမှတ်(၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ထွန်းအောင်နှင့် အလှူရှင်များက ဩဂုတ် ၄ ရက်က လာရောက်လှူဒါန်းပြီး အမှတ်(၁) ရပ်ကွက်ရှိ ရေဘေးကယ်ဆယ်ရေးစခန်းနှစ်ခုတွင် နေထိုင်သူ ၁၄၇ ဦးအတွက်လည်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိန်သန်းဦးနှင့် အလှူရှင်များက နေ့လယ်စာအတွက် လှူဒါန်းခဲ့သည်။ အမှတ်(၅) ရပ်ကွက် တာဝတိံသာဇာတ်ရုံ ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူ ၉၀ အတွက်လည်း မြန်အောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကြက်ဥအလုံး ၂၉၀ ကိုလှူဒါန်းပြီး အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် အလှူရှင်များက နေ့လယ်စာအတွက် ထမင်းထုပ်များ လှူဒါန်းသည်။

မြန်အောင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးမြင့်ဝေ ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်များကို ရေဘေးရှောင်ပြည်သူအားလုံးအတွက် လှူဒါန်းခဲ့ကြကာ မြန်အောင်မြို့ ကမ္ဘောဇဘဏ်ခွဲကလည်း ရေဘေးရှောင်ပြည်သူအားလုံးအတွက် ညစာအဖြစ် ခေါက်ဆွဲကြော်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် ဆေးဝါးများ အခမဲ့ကုသပေးလျက်ရှိ

**မြင်းမူ ဩဂုတ် ၇**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းအနီး အနိမ့်ပိုင်းနေရာများ၌ ရေဝင်ရောက်နစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ယခုအခါ ရေများပြန်လည်ကျဆင်းပြီဖြစ်သဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ ပြည်သူများအား ဆေးခန်းများဖွင့်လှစ်၍ ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပေးဟောပြောခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။



မြင်းမူမြို့နယ် ဆိပ်သာကျေးရွာ၌ ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းတို့ကို ဩဂုတ် ၅ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ “ကျန်းမာရေးဌာနအနေနဲ့တော့ ပုံမှန်ဆေးကုသတာတွေ လုပ်နေတဲ့အပြင် အခုလို မြစ်ရေဝင်ရောက်ပြီး ရေပြန်လည်ကျတဲ့အချိန်မှာ ဖြစ်ပွားတတ်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိအောင် သန့်ရှင်းတဲ့ရေကို သောက်သုံးဖို့၊ ရေကိုကျိုချက်သောက်သုံးဖို့ အသိပေးဆွေးနွေးရင်း ကျေးရွာတွေကို ဆေးကုသခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်”ဟု ကျေးလက်ကျန်းမာရေးမှူး ကိုလှိုင်မြင့်ဦးက ပြောသည်။

နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းအဖွဲ့တွင် တိုက်နယ်ကျန်းမာရေးမှူး ဒေါ်သန့်သန့်သူနှင့် တာဝန်ခံဆရာမ ဒေါ်ယဉ်အေးတို့က ဦးဆောင်ပြီး လက္ကပင်ကျေးရွာဓမ္မာရုံ၌ စုရပ်ပြုလုပ်၍ ယာယီဆေးခန်းဖွင့်လှစ်ကာ ကုသရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအချိန်ထိ လူနာ ၁၁၅ ဦးအား ကုသပေးပြီးဖြစ်ကာ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမတွေ့ရှိရကြောင်းနှင့် အခြားကျေးရွာအားလုံးသို့လည်း နယ်လှည့်ဆေးကုသရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဇေ(ပြန်/ဆက်)**



# မြစ်ရေဝင်ရောက်သဖြင့် ပြတ်တောက်နေသော လမ်းပိုင်းအတွက် ရှောင်ကွင်းလမ်းဖြည့်

**အောင်လံ ဩဂုတ် ၇**
အောင်လံမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မကွေး-ပြည်လမ်းမကြီးပေါ် မြို့၏မြောက်ဘက်ခြမ်း ဈေးကုန်းရပ်ကွက် အေးစေတီဓမ္မာရုံရှေ့လမ်းပိုင်းတွင် မြစ်ရေများ နှစ်ပေကျော်ခန့် ဝင်ရောက်ပြီး ကားလေးများ ဖြတ်သန်းသွားလာရန် အခက်အခဲဖြစ်နေသောကြောင့် ရှောင်ကွင်းသွားလာနိုင်ရန်အတွက် မြို့ပတ်လမ်းမြောက်ခြမ်းတွင် စက်ထိုးဖြည့်ခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှောင်ကွင်းလမ်းပြင်ဆင်မှုများကို မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိတို့က ကြီးကြပ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် အင်ဂျင်နီယာများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဟောပြောပွဲများပြုလုပ်

**တနင်္သာရီ ဩဂုတ် ၇**
တနင်္သာရီမြို့နယ် ဇဝဲကျေးရွာအုပ်စုနှင့် ဘန်းလမွတ်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇဝဲကျေးရွာအုပ်စု ဇဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ဘန်းလမွတ်ကျေးရွာအုပ်စု ဘန်းလမွတ်ရွာ အခြေခံပညာ(တွဲဖက်)အလယ်တန်းကျောင်းများ၌ ဩဂုတ် ၅ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲများကို မြိတ်ခရိုင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်ထွန်းက ကြီးကြပ်၍ ပညာရေးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပူးပေါင်းကာ ပြုလုပ်ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက ပြည်သူတစ်ဦးချင်းအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြပြီး မိမိတို့ကျေးရွာများတွင် မူးယစ်ဆေးဝါး ရောင်းရန်/ ဝယ်ရန် /ဖြန့်ချိရန် လာရောက်ကြသူများရှိပါက ပြည်သူများက သတင်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ပေးကြရန် ဟောပြောသည်။

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်နှင့် မြို့နယ်ကော်မတီဝင်များဖြစ်ကြသော မြို့နယ်ဥပဒေအရာရှိ ဦးဇော်ထက်အောင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်ရှိန်၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်မိသူဇာတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်ဆက်နွယ်နေသည့် ကဏ္ဍအလိုက် အသိပညာပေး ဟောပြောခဲ့ကြပြီး ဇဝဲကျေးရွာ ဟောပြောပွဲသို့ ဒေသခံပြည်သူ ၂၅၀ ခန့်နှင့် ဘန်းလမွတ်ကျေးရွာ ဟောပြောပွဲသို့ ပြည်သူ ၅၅၀ ခန့် တက်ရောက်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ငါးစားသုံးမှုလုံလောက်စေရေးအတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေး

**မြောင်းမြ ဩဂုတ် ၇**
ကျေးလက်နေပြည်သူများ ငါးစားသုံးမှု လုံလောက်စေရေးအတွက် မြောင်းမြခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ဦးစီး၍ ခနုံးချောင်းကျေးရွာအုပ်စု ချောင်းဖျားကျေးရွာ၌ ဩဂုတ် ၅ ရက်က စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာမူလတန်းကျောင်းမှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံ တောင်သူလယ်သမားများ စုပေါင်း၍ တီလားပီးယား၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၆၅၀၀၀ ကို စပါးခင်းများအတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြသည်။

ကျေးလက်နေ တောင်သူလယ်သမားများ ငါးစားသုံးမှု ဖူလုံစေရန်နှင့် ငါးမျိုးမပြုန်းတီးစေရေးအတွက်ရည်ရွယ်၍ ငါးများ မျိုးစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးမြိုင်က ပြောကြားပြီး မြောင်းမြခရိုင်အတွင်းရှိ အိမ်မဲနှင့် ဝါးခယ်မမြို့နယ်များ၌လည်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းများနှင့် အင်းအိုင်များ၊ ချောင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**



# လာလီဂါနဲ့မျက်နှာသစ်သုံးသင်း

**မိုးမြင့်လင်းလက်**

၂၀၁၆-၂၀၁၇ ဘောလုံးရာသီရဲ့ လာလီဂါပွဲစဉ်တွေကို စတင်တော့မှာဖြစ်ပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ လာလီဂါကို တန်းတက်လာတဲ့ မျက်နှာသစ်သုံးသင်းကလည်း လူသစ်ခေါ်ယူမှုနဲ့ အားဖြည့်မှုတွေ ပြုလုပ်ထားတာမို့ လာလီဂါစင်မြင့်မှာ ပြိုင်ပွဲဝင်ဖို့ အသင့်အနေအထားရှိနေပြီဖြစ်ပါတယ်။ လာလီဂါထိပ်တန်းအသင်းတွေ အများအပြားကြားမှာ တန်းတက်လာတဲ့ ဒီပိုတီဗိုအလာဗတ်စ်၊ လီဟာနက်စ်နဲ့ အိုဆာဆူနာတို့ရဲ့ ဒီနှစ်ဘောလုံးရာသီခရီးက ကြမ်းတမ်းခက်ထန်နေမှာ အမှန်ပါပဲ။ ဒါပေမယ့် အကောင်းဆုံးစုဖွဲ့မှု၊ ဖြည့်ဆည်းမှု၊ ပြင်ဆင်လေ့ကျင့်မှုတွေကြောင့် ခြေစွမ်းပြပြီး အောင်မြင်မှုရနိုင် မရနိုင်ဆိုတာကတော့ အကဲခတ်ကြည့်ရတော့မှာဖြစ်ပါတယ်။

**ဒီပို့တီဗိုအလာဗတ်စ်**

အလာဗတ်စ်အသင်းဟာ လာလီဂါနဲ့ ဆယ်စုနှစ်ကြာ ကွာဝေးခဲ့ပြီးမှ ဒီနှစ်မှာ လာလီဂါကို တန်းပြန်တက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ရာသီအပြီးမှာ တန်းဆင်းခဲ့ရတဲ့ အလာဗတ်စ်ဟာ နည်းပြပယ်လီဂရီနီရဲ့ကိုင်တွယ်မှုနဲ့အတူ လက်ရှိအချိန်မှာတော့ အသင်းတိုင်းကို စိန်ခေါ်နိုင်တဲ့ အနေအထားရောက်ရှိနေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက စပိန်ဆီဂန်ဒါပြိုင်ပွဲမှာ စုစုပေါင်း ၄၂ ပွဲကစားပြီး သွင်းဂိုး ၄၉ ဂိုး ပေးဂိုး ၃၅ ဂိုးနဲ့ ချန်ပီယံဖြစ်ခဲ့တဲ့ အလာဗတ်စ်အသင်းဟာ တကယ်တော့ တိုက်စစ်ရှေ့ ခံစစ်ပိုင်းမှာပါ လိုအပ်ချက်တွေရှိနေဆဲဖြစ်ပါတယ်။ အလာဗတ်စ်အသင်းဟာ ရာသီအစကတည်းက ပြိုင်ပွဲတိုင်းကို အလေးထားကစားနိုင်ဖို့အတွက် နေရာစုံမှာ ကစားသမားသစ်တွေကို ခေါ်ယူအားဖြည့်ထားပါတယ်။ ဒီလိုအားဖြည့်ခဲ့ရာမှာ တိုက်စစ်မှူးလေးဦး၊ ကွင်းလယ်ကစားသမားသုံးဦး၊ ခံစစ်မှူး နှစ်ဦးနဲ့ ဂိုးသမားတစ်ဦးတို့ကို ခေါ်ယူထားတာမို့ နည်းပြပယ်လီဂရီနီရဲ့ အလာဗတ်စ်အသင်းဟာ သြဂုတ် ၂၀ ရက်မှာ လာလီဂါပွဲစဉ်(၁)အဖြစ် အဝေးကွင်းမှာ အက်သလက်တီကိုအသင်းနဲ့ ပွဲဦးထွက်ကစားတဲ့အခါ အမှတ်ရယူပြီး တာထွက်ကောင်းဖို့ ကြိုးစားရမယ့် အနေအထားရှိတာအမှန်ပါပဲ။ ခြေစွမ်းကောင်းမွန်တဲ့ အက်သလက်တီကိုနဲ့ လာလီဂါအဖွင့်ပွဲစဉ်မှာ တစ်မှတ်ရရင်ပဲ အလာဗတ်စ်တို့ ရလဒ်ကောင်းလို့ သတ်မှတ်ရမှာပါ။

**အိုဆာဆူနာ**

ဒီနှစ်လာလီဂါကို တန်းတက်လာတဲ့ နောက်တစ်သင်းကတော့ အိုဆာဆူနာတို့ပဲဖြစ်ပါတယ်။ လက်ရှိအသင်းပိုင်ရှင် ဆာဘယ်လ်ဇာရဲ့ အိုဆာဆူနာအသင်းဟာ အသင်းသက်တမ်း ၉၆ နှစ်ရှိပြီဖြစ်ပြီး လာလီဂါမှာ ၂၀၀၀-၂၀၀၁ ဘောလုံးရာသီကနေပြီး ၂၀၁၃-၂၀၁၄ ရာသီအထိ ၁၄ ရာသီဆက်တိုက် ကျင်လည်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ လာလီဂါမှ တန်းဆင်းခဲ့ရပြီး ပြီးခဲ့တဲ့ဘောလုံးရာသီမှာတော့ ဆီဂန်ဒါမှာ ဆဋ္ဌမ ရခဲ့လို့ ရှုံးထွက်ကစားတဲ့အခါ နိုင်ပွဲရတာကြောင့် တန်းပြန်တက်လာတဲ့အသင်းဖြစ်ပါတယ်။ နည်းပြ အင်းနရစ်မာတင်ရဲ့ အိုဆာဆူနာအသင်းဟာ လာလီဂါမှာ စုစုပေါင်း ၃၇ ရာသီယှဉ်ပြိုင်ခဲ့ဖူးပြီး အမြင့်မားဆုံးအောင်မြင်မှုက အဆင့်(၄)ဖြစ်တာမို့ ဒီနှစ်ဘောလုံးရာသီမှာ အဲဒီလိုအောင်မြင်မှုမျိုးပြန်လည်ရရှိနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ကစားသမားသစ်လေးဦး ခေါ်ယူအားဖြည့်ထားတဲ့ အိုဆာဆူနာတို့ကတော့ လာမယ့်ရာသီမှာ အဖွင့်ပွဲစဉ်အဖြစ် မာလာဂါတို့နဲ့ ကစားရမှာမို့ အမှတ်ပြည့်ရရှိရေး ခက်ခဲတဲ့ရင်ဆိုင်မှုနဲ့ စတင်ရတော့မှာဖြစ်ပါတယ်။

**လီဟာနက်စ်**

အသင်းသက်တမ်း ၈၈ နှစ်ရှိလာပြီဖြစ်တဲ့ လီဟာနက်စ်အသင်းဟာ လက်ရှိနည်းပြ ဂါရီယာနိုရဲ့ ကိုင်တွယ်မှုနဲ့ လာလီဂါကို စတင်ဖြတ်သန်းတော့မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဆီဂန်ဒါပြိုင်ပွဲမှာ အဆင့်(၅)နေရာရရှိခဲ့ပြီး ရှုံးထွက်ကစားခဲ့တဲ့ ရလဒ်ကြောင့် လာလီဂါကို တန်းတက်လာခဲ့တာဖြစ်ပါတယ်။ ဆီဂန်ဒါမှာ ပြီးခဲ့တဲ့ရာသီက တိုက်စစ်ရှေ့၊ ခံစစ်ပါ အားရစရာမရှိပေမယ့် အနိုင်ရလိုစိတ်ပြင်းထန်တဲ့ ကစားသမားတွေရဲ့ စွမ်းဆောင်မှုကြောင့် အခုလိုလာလီဂါကို တန်းတက်လာတာဖြစ်ပြီး အသင်းရဲ့အောင်မြင်မှုလို့ ဆိုရမှာဖြစ်ပါတယ်။ လူသစ်ဖြည့်ဆည်းမှုကိုကြည့်ရင်လည်း ဗီလာရီးရဲက ဂိုမက်စ်နဲ့ စပို့တင်းဂီဂျွန်အသင်းက ဂွာရဲရိုးတို့ကိုခေါ်ယူခဲ့နိုင်မှုက အသင်းရဲ့စွမ်းဆောင်မှုကို မြင့်မားစေတာအမှန်ပါပဲ။ ဒါပေမယ့် ခြေစွမ်းအဆင့်အတန်း မြင့်မားတဲ့အသင်းတွေသာ ကျင်လည်နေတဲ့ လာလီဂါမှာတော့ လီဟာနက်စ်တို့ ပွဲတိုင်းအကြိတ်အနယ် ယှဉ်ပြိုင်အားထုတ်ရမယ့် အနေအထားရှိပြီး ရာသီကုန်ချိန်မှာ တန်းမဆင်းရရင်တော့ ကြီးမားတဲ့ အောင်မြင်မှုလို့ပဲ သတ်မှတ်ရမှာဖြစ်ပါတယ်။ ။



# ချယ်လ်ဆီးနောက်တန်းလူ ဆန်းဒါးလန်းသို့ ရောက်

ချယ်လ်ဆီးအသင်းမှာ ကစားနေတဲ့ နောက်တန်းကစားသမား ဒီဂျီလိုဘော့ဂျီကို ဆန်းဒါးလန်းအသင်းက ပေါင် ရှစ်သန်းနဲ့ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နွေရာသီက နန့်တက်ဇ်အသင်းကနေ စတမ်းဖို့ဒ်ဘရစ်ကို ပြောင်းလာတဲ့ နောက်တန်းကစားသမား ဒီဂျီလိုဘော့ဂျီကို ဆန်းဒါးလန်းက လေးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာပါ။ သူဟာ နည်းပြ ဒေးဗစ်မိုယက်စ်လက်ထက် ပထမဆုံး စာချုပ်ခေါ်ယူလိုက်တဲ့ ကစားသမားဖြစ်ပါတယ်။ သို့ပေမယ့် ပြီးခဲ့တဲ့ရာသီနှစ်ဝက်လောက်မှာတော့ ဝါဒါဘရီမင်ကို အငှားချထားခဲ့ပါတယ်။

သူဟာ ဂျာမန်ကလပ် ဝါဒါဘရီမင်ကို ဘွန်ဒက်စ်လီဂါမှာ တန်းမဆင်းရရေးအတွက် ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ နောက်တန်းကစားသမား ဒီဂျီလိုဘော့ဂျီဟာ ချယ်လ်ဆီးအသင်းမှာ တစ်ပွဲသာပါဝင်ကစားခဲ့ရပါတယ်။ ဒီပွဲကလည်း ကက်ပီတယ်ဝမ်းဖလားမှာ လူစားအဖြစ်ပါဝင်ကစားခဲ့ရတာပါ။ သို့ပေမယ့် ချယ်လ်ဆီးက နန့်တက်ဇ်အသင်းမှ ပေါင် ၂ ဒသမ ၂ သန်းနဲ့သာ ဝယ်ယူခဲ့တာဖြစ်လို့ ပေါင်ခြောက်သန်းခန့် အမြတ်ကျန်ခဲ့တယ်လို့ ဆိုပါတယ်။ သူဟာ ဆီနီဂေါအသင်းမှာ ၁၃ ကြိမ်ပါဝင်ကစားခဲ့ပြီး ၂၀၁၅ ခုနှစ် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲမှာ ခြေစွမ်းပြကစားခဲ့သူဖြစ်ခဲ့ပါတယ်။

# ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်တယ်ဆိုတဲ့ လက်စတာ



လက်စတာအသင်းအနေနဲ့ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်စွမ်းရှိတယ်လို့ လက်စတာအသင်းခေါင်းဆောင် ဝက်စ်မော်ဂန်က အခိုင်အမာ ပြောဆိုလိုက်ပါတယ်။ ကျွန်တော်တို့ ကစားသမားတွေဟာ ဒီဖလားကိုကာကွယ်ဖို့ စိတ်ဓာတ်အပြည့်အဝရှိနေတာကြောင့် လာမယ့် ပရီမီယာလိဂ်ဖလားကိုကာကွယ်ဖို့အပြည့်အဝ စွမ်းရည်ရှိနေတယ်လို့ ဝက်စ်မော်ဂန်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ လက်စတာအသင်းမှ အင်န်ဂိုလိုကန်တီးထွက်ခွာသွားသော်လည်း ကစားသမားသစ်ငါးဦး ခေါ်ယူထားတဲ့အတွက် လာမယ့်ရာသီမှာ အကောင်းဆုံး ခြေစွမ်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မယ်လို့ အသင်းခေါင်းဆောင်မော်ဂန်က အခိုင်အမာပြောဆိုလိုက်ပါတယ်။

ကျွန်တော်ရဲ့အသင်းမှာ ကစားသမားအသစ်တွေ ရထားပြီဖြစ်လို့ ပြီးခဲ့တဲ့နှစ်ကထက် ပိုကောင်းတဲ့အသင်းကို တည်ဆောက်နိုင်ပြီး အကောင်းဆုံးအသင်းအဖြစ် ဆက်လက်ကြိုးစားသွားမှာဖြစ်ပါတယ်လို့ မော်ဂန်က ဆိုပါတယ်။ လက်စတာအသင်းဟာ ရာသီအစကောင်းဖို့၊ တစ်သင်းလုံးခြေစွမ်းပြကစားနိုင်ဖို့ ပြင်ဆင်မှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။



# ဥရောပအကောင်းဆုံးဘောလုံးသမားဆုရဖို့ ရေပန်းစားနေတဲ့ စီရော်နယ်ဒို

ရီးရဲမက်ဒရစ်အသင်းတိုက်စစ်မှူး စီရော်နယ်ဒိုဟာ ယူအီးအက်ဖ်အေကပေးတဲ့ ဥရောပအကောင်းဆုံးဘောလုံးသမားဆုရဖို့ ရေပန်းစားနေသူဖြစ်ပါတယ်။ သူဟာ ဒီနှစ်နွေရာသီမှာ ချန်ပီယံလိဂ်နဲ့ ယူရို ၂၀၁၆ ဖလားနှစ်လုံးကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်ကစားသမားနှစ်ဦးဖြစ်တဲ့ စီရော်နယ်ဒိုနဲ့ ဂါးရက်ဘေးလ်တို့ဟာ ဆန်ကာတင် သုံးဦးမှာ ပါဝင်လာပါတယ်။ ပြိုင်ဘက် အက်သလက်တီကိုအသင်းရဲ့ကစားသမား ဂရေ့ဇ်စမန်းကလည်း ဒီဆုအတွက် ဆန်ကာတင်စာရင်းမှာ ပါဝင်နေပါတယ်။

သူတို့ သုံးဦးထဲက အကောင်းဆုံးကစားသမားကိုတော့ သြဂုတ် ၂၅ ရက်မှာ မိုနာကိုမြို့မှာ ကျင်းပမယ့် ဂရင်းမာဒီဖိုရမ်မှာ တရားဝင်ကြေညာသွားမှာဖြစ်ပါတယ်။ ယူအီးအက်ဖ်အေအဖွဲ့ဝင် ၅၅ နိုင်ငံမှ အားကစားကလောင်ရှင်တွေက ကနဦးစာရင်းအတွက် ရွေးချယ်ပေးခဲ့တာပါ။ စီရော်နယ်ဒိုဟာ ၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းလိဂ် ၃၆ ဂိုး၊ ချန်ပီယံလိဂ် ၁၂ ဂိုးနဲ့ ယူရို ၂၀၁၆ မှာ ခုနစ်ဂိုး သွင်းယူခဲ့တဲ့အတွက် ဒီဆုကို ဆွတ်ခူးဖို့ ရေပန်းအစားဆုံးကစားသမား ဖြစ်နေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဆေးပညာသတင်းဆန်းများ (၁၃၈)



■ ဒေါက်တာကံညွန့် ■

**ဆီးချိုဝေဒနာရှင်တွေအတွက် သတင်းကောင်း**

ယခုဖော်ပြလိုတဲ့သတင်းကတော့ Type 1 အမျိုးအစား ဆီးချိုဝေဒနာရှင်တွေအတွက်ဖြစ်ပါတယ်။ ဒီဝေဒနာရှင်တွေဟာ အများအားဖြင့် Insulin ထိုးဆေးအပေါ်မှာ မှီခိုနေရသူတွေ ဖြစ်ပါတယ်။ သူတို့အတွက် သွေးထဲမှာရှိတဲ့ အချိုဓာတ်ကိုလည်း တိုင်းတာနိုင်ပြီး လိုအပ်တဲ့ Insulin ကိုလည်းထိုးပေးနိုင်တဲ့ Pancreas အတုလို လုပ်နိုင်စွမ်းရှိတဲ့ Artificial Pancreas တစ်မျိုးလိုတီထွင်နိုင်တော့မယ်ဆိုတဲ့ သတင်းပါ။ ဒီလို တီထွင်နိုင်ကြသူတွေကတော့ အင်္ဂလန်နိုင်ငံ Cambridge University က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ ၂၀၁၇ ခုနှစ်မှာ စမ်းသပ်ထုတ်လုပ်ပြီး ၂၀၁၈ ခုနှစ်လောက်မှာ ဒီပစ္စည်းကိုအများသုံးအဖြစ်ရောင်းချနိုင်လိမ့်မယ်လို့ဆိုပါတယ်။ ယခုရှိနေတဲ့ ဒီလိုအသုံးပြုနေတဲ့ ကိရိယာဟာ အချိုဓာတ်စမ်းကိရိယာနှင့် Insulin ထိုးကိရိယာဟာတစ်ခုတည်းမဟုတ်ဘဲ နှစ်ခုခွဲခြားပြုလုပ်ထားတာကို အသုံးပြုနေရတာဖြစ်တယ်။ ယခုအသစ်ပေါ်လာတဲ့ ကိရိယာကတော့ ပင်းကရိယပ်စ်ရဲ့တာဝန်ကိုထမ်းဆောင်သလိုမျိုး ကိရိယာတစ်ခုထဲမှာ နှစ်မျိုးတစ်ခါတည်း တပ်ဆင်ထားတာမို့ ပိုအဆင်ပြေနိုင်တယ်လို့ ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

**Poly unsaturated fat ကို ပိုမိုစားသုံးသင့်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အဆီဓာတ် (Fat)ပါတဲ့အစားအစာတွေထဲမှာ Saturated Fat အမျိုးအစားကိုရှောင်ပြီး Poly Unsaturated Fat ကို ပိုမိုစားသုံးသင့်ကြောင်းလေ့လာထားချက်ဖြစ်ပါတယ်။ ဒီလေ့လာချက်ကိုတော့ American Heart Association ကဦးဆောင်ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီအဖွဲ့ကြီးဟာ နိုင်ငံပေါင်း ၁၈၆ နိုင်ငံက လေ့လာထားချက်တွေကို ပေါင်းစပ်ပြီး တွေ့ရှိချက်ကို Journal of American Heart Association မှာဖော်ပြထားတာဖြစ်ပါတယ်။ Saturated Fat ဆိုတာတိရစ္ဆာန်ကရတဲ့ အဆီအမျိုးအစားဖြစ်ပြီး Carbohydrate ကထွက်လာတဲ့အဆီ၊ ပြန်ကြော်ဆီတွေလည်း ပါဝင်တယ်။ Poly Unsaturated Fat ကတော့ အသီးအနှံနှင့်ငါးကြီးတွေဆီကရတဲ့ဆီတွေ



ဖြစ်ပါတယ်။ ၎င်းတို့တွေ့ရှိချက်အရ နှလုံးရောဂါနှင့် သေဆုံးရသူအားလုံးရဲ့ ၇ ဒသမ ၇ ရာခိုင်နှုန်းဟာ saturated fat အဆီဓာတ်ပါဝင်တဲ့အစားအစာတွေစားသုံးလို့ဖြစ်ရတာလို့ဆိုပါတယ်။ ဒီအဆီဓာတ်ကြောင့် နှစ်စဉ်လူတစ်သန်းခန့် သေဆုံးရတယ်လို့လည်းဆိုပါတယ်။ တစ်တိုင်းပြည်လုံး ဒီလိုဆီသုံးစွဲမှုကို နိုင်ငံတော်အစိုးရတွေအနေနဲ့ တားဆီးသင့်တာ တားဆီးပြီး သုံးသင့်တဲ့ ဆီအမျိုးအစားကို တာဝန်ယူတင်သွင်းခြင်းစတဲ့ ပေါ်လစီမူဝါဒမျိုးနှင့် ဆောင်ရွက်သင့်ကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

**လေထုညစ်ညမ်းလာမှုဟာ နှလုံးသွေးကြောကျဉ်းရောဂါကို ပိုဖြစ်စေ**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ Air Pollution ခေါ် လေထုညစ်ညမ်းလာမှုဟာ နှလုံးသွေးကြောကျဉ်းရောဂါကိုပိုဖြစ်စေတယ်။ နှလုံးရောဂါကြောင့်သေဆုံးမှုပိုများလာနိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါကိုလေ့လာတွေ့ရှိခဲ့တာကတော့ အမေရိကန်နိုင်ငံ University of Washington မှဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ကနဦးကာလက လေထုညစ်ညမ်းမှုဟာ နှလုံးရောဂါကိုပိုဖြစ်နိုင်တာဘာကြောင့်လဲဆိုတာနဲ့ ဘယ်လိုဆက်စပ်မှုရှိတယ်ဆိုတာ မသိနိုင်ခဲ့ဘူးလို့ဆိုပါတယ်။ ယခုအမေရိကန်ပြည်နယ်ခြောက်ခုက လူနာပေါင်း ၆၀၀၀ ကျော်ကို ၁၀ နှစ်ကြာ စောင့်ကြည့်လေ့လာပြီးတော့မှ ဒီဆက်စပ်မှုကို တွေ့ရှိရတယ်လို့ဆိုပါတယ်။

သူတို့အဆိုအရ မသန့်ရှင်းတဲ့ လေထုမှာ ပါဝင်တဲ့အမှုန်အမွှား (P.M) ခေါ် Particulate Matters တွေဟာ နှလုံးသွေးကြောမှာ choleshal ဓာတ်ကပ်ငြိမှုကိုပိုဖြစ်စေပြီး နှလုံးသွေးကြောကျဉ်းရောဂါကို ဖြစ်စေတာကြောင့်လို့ ဆိုပါတယ်။ ဒါကို လူနာတွေရဲ့ရင်ဘတ်ကို Computerise Tomography CT Scan လုပ်ပြီးသိရှိခဲ့ရတာလို့ ဆိုပါတယ်။ ဒါ့အပြင် မသန့်ရှင်းတဲ့လေမှာပါဝင်တဲ့ calcium particle,nitrogen oxide နှင့် nitrogen dioxde ဓာတ်ငွေ့တို့ဟာလည်း ဒီသွေးကြောတွေမှာ cholertrol plague ဖြစ်ပေါ်မှုကို အားပေးတာကြောင့်လို့ဆိုပါတယ်။ သူတို့အဆိုအရ P.M 5mc gram per cubic metre သို့မဟုတ် 35 parts per billion nitrogen oxide concentration တိုးလာတိုင်း နှလုံးရဲ့အဓိကသွေးကြောဖြစ်တဲ့ coronary artery မှာ 4 agaston unit calcium ဓာတ်တိုးလာနိုင်ပြီး နှလုံးသွေးကြောကျဉ်းတာကို ပိုဖြစ်နိုင်တယ်ဆိုတာတွေ့ရကြောင်း တင်ပြလိုက်ရပါတယ်။

**အင်္ဂလန်နိုင်ငံက ကင်ဆာရောဂါအခြေအနေ**

ယခုဖော်ပြလိုတဲ့သတင်းကတော့ အင်္ဂလန်နိုင်ငံက ကင်ဆာရောဂါအခြေအနေအကြောင်းပါ။ အင်္ဂလန်နိုင်ငံမှာ ကင်ဆာရောဂါခံစားနေရသူ ယခင်နှစ်တွေကထက်ပိုများလာတယ်လို့ဆိုပါတယ်။ ဒီသတင်းကိုတော့ ONS လို့ခေါ်တဲ့ Office of National Statistics ဌာနက ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။ ယင်းထုတ်ပြန်ချက်အရ အင်္ဂလန်နိုင်ငံမှာ ၂၀၁၄ ခုနှစ်က ကင်ဆာရောဂါအသစ်မှတ်ပုံတင်ခဲ့သူ သုံးသိန်းခန့်ရှိခဲ့တယ်လို့ဆိုပါတယ်။

ဒီအရေအတွက်ဟာ ယမန်နှစ်တွေကထက် ၄၀၀၀ ခန့်ပိုများနေတယ်။ ယခုအခါကင်ဆာရောဂါ ကုသမှုခံယူနေသူပေါင်း ၂၉၆၈၆၃ ဦး ရှိနေတယ်လို့ ဆိုပါတယ်။ အဖြစ်အများဆုံး ကင်ဆာကတော့ ရင်သားကင်ဆာ ၁၅ ဒသမ ၆ ရာခိုင်နှုန်း၊ ဆီးကျိတ်ကင်ဆာ ၁၃ ဒသမ ၄ ရာခိုင်နှုန်း၊ အဆုတ်ကင်ဆာ ၁၂ ဒသမ ၆ ရာခိုင်နှုန်းနှင့် အူမကြီးနှင့် မစင်အိမ်ကင်ဆာ ၁၁ ဒသမ ၅ ရာခိုင်နှုန်းတို့ဖြစ်တယ်လို့ဆိုပါတယ်။ သူတို့အဆိုအရ အမျိုးသားတွေဟာ အမျိုးသမီးတွေထက် ကင်ဆာရောဂါကို ပိုမိုခံစားရတယ်လို့ဆိုပါတယ်။ အမျိုးသားတွေ အဖြစ်များဆုံး ကင်ဆာကတော့ ဆီးကျိတ်ကင်ဆာဖြစ်ပြီး အမျိုးသမီးတွေ အဖြစ်များဆုံးကင်ဆာကတော့ ရင်သားကင်ဆာလို့ဆိုပါတယ်။ အမျိုးသမီးရော အမျိုးသားပါ ဒုတိယအဖြစ်အများဆုံး ကင်ဆာကတော့ အဆုတ်ကင်ဆာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် စာရင်းအရ ရင်သားကင်ဆာဖြစ်သူ ၄၆၄၁၇ ဦးရှိခဲ့ပြီး ဒါဟာ အမျိုးသမီးတွေဖြစ်ကြတဲ့ ကင်ဆာအားလုံးရဲ့ ၃၁ ဒသမ ၆ ရာခိုင်နှုန်း ရှိတယ်လို့ဆိုပါတယ်။ ဆီးကျိတ်ကင်ဆာခံစားခဲ့ရတဲ့ အမျိုးသားတွေကတော့ ၂၀၁၄ ခုနှစ်က ၃၉၇၄၁ ဦးရှိခဲ့ပြီး အမျိုးသားတွေဖြစ်ကြတဲ့ ကင်ဆာအားလုံးရဲ့ ၂၆ ဒသမ ၃ ရာခိုင်နှုန်းရှိတယ်လို့ဆိုပါတယ်။ အင်္ဂလန်နိုင်ငံမှာ အသက် ၇၀ ကျော်သူ ၁၂ ရာခိုင်နှုန်းရှိခဲ့ပြီး ဒီအထဲက ၅၀ ဒသမ ၂ ရာခိုင်နှုန်းဟာ ကင်ဆာရောဂါတစ်ခုခု ခံစားနေရသူတွေဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကူးစက်ရောဂါများမပါအောင် ကာကွယ်ပေးမယ့် အစီအစဉ်သစ်**

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ သွေးနဲ့သွေးကထုတ်လုပ်တဲ့ အရည်များပေးသွင်းကုသရာမှာ ကူးစက်ရောဂါများ မပါအောင်ကာကွယ်ပေးမယ့် အစီအစဉ်တစ်ခုကို အမေရိကန်နိုင်ငံက ကူညီဆောင်ရွက်ပေးမယ်ဆိုတဲ့သတင်းပါ။ ဒီအစီအစဉ်မှာ ယခု ဘရာဇီးနိုင်ငံမှာဖြစ်ပေါ်နေတဲ့ zika virus နှင့် တခြားကူးစက်နိုင်တဲ့ရောဂါတွေ ပါဝင်ပါတယ်။ အမေရိကန်နိုင်ငံ Department of Health and Human Services (HHS) ဌာနက ဒီအစီအစဉ်ကို ပြုလုပ်ခဲ့တာဖြစ်ပြီး ဒါကို အကောင်အထည်ဖော် လုပ်ကိုင်ပေးရမယ့် အဖွဲ့ကတော့ BARDA ခေါ်တဲ့ Biomedical Advanced Research and Development Authority အဖွဲ့ကြီးဖြစ်ပါတယ်။ ဒီအဖွဲ့ကြီးဟာ Cerus corp ခေါ်တဲ့ ဆေးကုမ္ပဏီနှင့် Tenumo corp ခေါ်တဲ့ ဂျပန်ဆေးကုမ္ပဏီနှစ်ခုနှင့် ပူးပေါင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ Cerus ကုမ္ပဏီကပြုလုပ်တဲ့ cerus intercept technology ကို အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက အတည်ပြုထားပြီးဖြစ်ပါတယ်။

သူတို့ နည်းပညာအရ သွေး၊ သွေးထဲက Serum, Platelets နှင့် Red Bloods Cells (RBC) တို့မှာ ရောဂါကူးစက်နိုင်တဲ့ Pathogens တွေမပါအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ Terumo ကုမ္ပဏီကလည်း သူနည်းတစ်ခုဖြစ်တဲ့ Mirasol system နှင့် ဒီလိုသွေးထဲမှာ ပိုးမွှားသန့်စင်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါအတွက် အမေရိကန်နိုင်ငံက USD သန်း ၅၀ ခန့် အသုံးပြုသွားမယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**အိပ်ချိန်၊ စားချိန်ပုံမှန်မဟုတ်သူများ နှလုံးရောဂါဖြစ်နိုင်ခြေပိုများ**

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်က အိပ်ချိန်၊ စားချိန်ကိုပုံမှန်ပြုလုပ်နေသူတစ်ဦးနှင့် ပုံမှန်မဟုတ်ဘဲ ဖြစ်သလို အိပ်နေစားနေသူတစ်ဦးမှာ ပုံမှန်မဟုတ်သူက နှလုံးရောဂါဖြစ်နိုင်ခြေ ပိုများတယ်ဆိုတဲ့ လေ့လာထားချက်တစ်ခုပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Bigham Women Hospital က ဆရာဝန်တွေလေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ဒီလိုပုံမှန်မဟုတ်တဲ့ လူတွေကို Short Term Circadian Misaligment (STCM) ရှိသူတွေလို့ သတ်မှတ်ထားပြီး ဒီလူတွေ ရဲ့ အိပ်စက်ချိန်၊ စားသောက်ချိန်တို့ကိုပါ မှတ်တမ်းတင်လေ့လာခဲ့ကြတာဖြစ်ပါတယ်။

ဒီလူတွေဟာ အိပ်စက်ချိန်နှင့်စားသောက်ချိန်ပုံမှန်မဟုတ်ဘဲ အိပ်စက်ခြင်းကိုလည်း တစ်ဝက်တစ်ပျက်ပြုလုပ်ခဲ့ပြီး စားသောက်ချိန်လည်း ပုံမှန်မရှိစားသောက်ခဲ့သူတွေ ဖြစ်ပါတယ်။ ကနဦးသူတို့စမ်းသပ်ခဲ့သူ ၁၄ ဦးမှာ သွေးတိုးရှိခြင်းနှင့် သွေးကြောအတွင်း (Inflamatory marker) အနည်းငယ်ရှိတာတွေ့ရှိရတယ်လို့ဆိုပါတယ်။ ဒီလူတွေကို ပုံမှန်အိပ်စက်စားသောက်ပြီး ပြန်နေခိုင်းတဲ့အခါ ဒီလက္ခဏာ မတွေ့ရတော့ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ပုံမှန်မအိပ်စက်ရဘဲ အစားအသောက် ပုံမှန်မစားရသူတွေဟာ နှလုံးရောဂါဖြစ်နိုင်ဖို့ ပိုရှိနိုင်တယ်ဆိုတာ သတိပေးထားကြောင်း Proceeding of National Academy of Sciences မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

## မူးယစ်ကင်းစင်ကျေးရွာဆိုင်းဘုတ်တင်ပွဲနှင့် မူးယစ်ဆေးဝါးရှုတ်ချပွဲကျင်းပ

**ကော့ကရိတ် ဩဂုတ် ၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မူးယစ်ဆေးဝါး ဆန့်ကျင်ရှုတ်ချပွဲနှင့် မူးယစ်ဆေးဝါးကင်းစင်သည့် ကျေးရွာဆိုင်းဘုတ်တင်ပွဲကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ကော့ကရိတ်မြို့နယ် ရေပူကြီးကျေးရွာအုပ်စု လေးတိုင်(ညီညာသာလင်း) ကျေးရွာတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမိုးက မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ကျေးရွာအဆင့်ဆန့်ကျင်သည့်အဖွဲ့အစည်းဖြစ်ပေါ်လာရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေပူကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစောမြအုန်းက မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းတို့ကို လုံးဝလက်မခံ ဆန့်ကျင်ကြောင်း အဆိုတင်သွင်းခဲ့ရာ လေးတိုင်ကျေးရွာနေ ဒေါ်နော်အေးပွင့်နှင့် ဦးစောအောင်အောင်တို့က ထောက်ခံခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ကျေးရွာရပ်မိရပ်ဖများက မူးယစ်ဆေးဝါးကင်းစင်သည့် ကျေးရွာဆိုင်းဘုတ်ကို စိုက်ထူခဲ့ကြကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

## အခြေခံ စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**မင်းလှ ဩဂုတ် ၇**

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာ စက်ချုပ်သင်တန်းဆင်းပွဲကို မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဩဂုတ် ၄ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းချိုက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသောသင်တန်းသူများကို ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တစ်လကြာဖွင့်လှစ်၍ သင်တန်းသူ ၂၀ တို့အား အခြေခံအဆင့် အမျိုးသမီးဝတ် စက်ချုပ်ပညာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ခင်းများ အပင်ပြုစုခြင်း နည်းပညာဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးစေ့ချ စိုက်ခင်းများ အပင်ပြုစုခြင်းနည်းပညာ ဆွေးနွေးခြင်းကို ကျောက်ချက် ပညာပေးစခန်းတွင် ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် လယ်ယာကဏ္ဍတာဝန်ခံ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ဇေယျာသီရိမြို့နယ်၏ တိုက်ရိုက်အစေ့ချ တောင်သူများနှင့် ဌာနဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများကို ဖြေရှင်းနိုင်ရန်အတွက် ဌာနမှ နည်းပညာများ ကူညီဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ဖြည့်စွက်ရေဖြင့် မြေအောက်ရေများရရှိရေးဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့်ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ သက်တမ်းတိုသီးနှံများကို စိုက်ပျိုးသင့်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အလားတူ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ မြေအသုံးချရေးတာဝန်ခံ ဒေါ်ဝါဝါသိန်းနှင့် ပိုးမွှားရောဂါတာဝန်ခံ ဒေါ်ခင်မာဦးတို့က စပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ခင်းများ၊ အပင်ပြုစုခြင်းဆိုင်ရာ နည်းပညာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၆ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ရွာတော်။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဇေယျာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံ။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကနဦးမှတ်ပုံတင်ဌာန (ထောက်ကြန့်)ရန်ကုန်တိုင်းဒေသကြီး၌ မော်တော်ယာဉ်စစ်ဆေးသည့် Steel Structure နှင့် သံကူကွန်ကရစ်အဆောက်အအုံ အလျား ၉၈ ပေ၊ အနံပေ၆၀၊ အမြင့် ၁၇ ပေ (ရေ၊ မီး၊ ဆေးအပါအဝင်)တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်ရက်** - ၈-၈-၂၀၁၆ရက်မှ ၂၉-၈-၂၀၁၆ရက်ထိ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၈-၂၀၁၆ရက်(တနင်္လာနေ့) ၁၆း၃၀နာရီတိတိ

(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၆-၉-၂၀၁၆ရက်(အင်္ဂါနေ့)

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၂၉) နေပြည်တော်တွင် ၈-၈-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုသည့် အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၀၉၈**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် အသုံးပြုမည့်အောက်ဖော်ပြပါလုပ်ငန်းသုံးနှင့် ရုံးသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၁။ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၉၄) မျိုး
၂။ ရုံးသုံးစက်ပစ္စည်း (၂၀) မျိုး
၃။ ပရိဘောဂ (၂၀) မျိုး
၄။ Technical Books

၂။ တင်ဒါစက်ပစ္စည်းအသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၈-၈-၂၀၁၆ရက်မှစ၍ ၃၁-၈-၂၀၁၆ရက်ထိ ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၆၆၅၂၉၂၊ ၆၆၃၀၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| 1. | FQ(2) Machinery Spare Parts/IRR/ 2016-2017 | Machinery Spare Parts | 1 Lot | USD |
| 2. | FQ(3)Simulator/IRR/ 2016-2017 | Simulator | 1 Lot | USD |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)**
**ရုံးအမှတ်(၄၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၁၆**

## ပညာရေးဝန်ကြီးဌာန
## စက်မှုနှင့်နည်းပညာမြှင့်တင်ရေးနှင့်
## ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## နည်းပညာတက္ကသိုလ်(မန္တလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(မန္တလေး)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ရုံးသုံးပရိဘောဂပစ္စည်းများ**

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၈-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်၊ အချိန်** - ၁၉-၈-၂၀၁၆ ရက် ညနေ ၃း၀၀ နာရီ
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - နည်းပညာတက္ကသိုလ်(မန္တလေး)

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို ငွေစာရင်းဌာန၊ နည်းပညာတက္ကသိုလ်(မန္တလေး)ငွေစာရင်းဌာန ဖုန်း-၀၉-၆၅၀၂၄၇၁၊ ၀၉-၇၉၆၉၂၇၁၆၅၊ ၀၉-၇၉၈၅၄၆၈၀၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(မန္တလေး)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်)တွင် အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းများ ဝယ်ယူ/ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) Digitization လုပ်ငန်း - မော်ကွန်း/မှတ်တမ်းများအား Digitization ဆောင်ရွက်၍ pdf file ဖြင့် CD (Backup)ထုတ်ပေးရန် (Hard Copy မပါ)

(ခ) Air con (၆)လုံး (Carrier,Toshiba) - 5 Ton (Floor Standing)

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်/နေရာ** - ၉-၈-၂၀၁၆ရက်မှ ၂၃-၈-၂၀၁၆ရက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊၁၁၄၊ ပြည်ထောင်စုရိပ်သာလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၈-၂၀၁၆ရက် နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအတွင်း

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၅-၈-၂၀၁၆ရက်(အင်္ဂါနေ့) Air con ၁၃း၀၀နာရီ Digitization ၁၅း၀၀နာရီ

၅။ အသေးစိတ်အချက်များအား တင်ဒါစည်းကမ်းချက်များတွင် ထည့်သွင်းဖော်ပြထားပြီး အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးအဖွဲ့**
**အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန**
**ဖုန်း-၀၁-၃၇၀၇၇၈၊ ၀၁-၃၇၉၉၇၉**

## အလုပ်ကြော်ငြာ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project-NCDDP)

ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း(နေပြည်တော်) တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်-

| | | | | |
|---|---|---|---|---|
| (၁) | National Training Experts | Ref: (C.65) | (၂၄)လ | (၃)ဦး |
| (၂) | National Assistant Trainers | Ref: (C.66) | (၂၄)လ | (၇)ဦး |
| (၃) | National Project Accountant | Ref: (C.71) | (၂၄)လ | (၁)ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်းအတွေ့အကြုံအသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၁၉-၈-၂၀၁၆ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့်လုပ်ငန်းတာဝန်အကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သော အရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference TOR)ကို အောက်ဖော်ပြပါ အီးမေးလ်သို့ ဆက်သွယ်၍လည်းကောင်း၊ စီမံကိန်း၏ Website (http://www. cdd.drdmyanmar.org) တွင်ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-**
**ဦးကျော်စွာအောင်(ညွှန်ကြားရေးမှူး)**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်**
**ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၉၀၇၁**
**Email:unioncddprocurement@gmail.com**

## စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာ
## ဓမ္မာရုံအသစ်တည်ဆောက်ရေးတင်ဒါခေါ်ယူခြင်း

၁။ မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံအဆောက်အအုံအသစ်အား ပေ(၄၀×၈၀) နှစ်ထပ်(Steel Structure)ဖြင့် ပစ္စည်းဖိုးလက်ခအပါအဝင် ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်လိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၆ ရက် (တနင်္လာနေ့)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၇-၈-၂၀၁၆ ရက် (စနေနေ့)၊ ညနေ ၄း၀၀ နာရီ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** ॥ ॥ မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံ၊ ဗုဒ္ဓဝေယျာဝစ္စဝတ်အသင်း၊ ဓမ္မာရုံလမ်းနှင့် ဈေးလမ်းထောင့်၊ မြေနီကုန်း(တောင်)ရပ်ကွက်

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၉၅၇၉၂၂၇၀၄၊ ၀၉-၃၂၇၇၈၉၉၆၊ ၀၉-၇၃၀၀၃၅၃၄၊ ၀၉-၇၇၉၉၃၃၃၉၁၊ ၀၉-၇၃၀၃၇၂၇၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**မြေနီကုန်းရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံ**

## ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံမှ ကောက်ခံသည့်အခွန်နှုန်းများ၊ အခွန်နှင့် အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုက်ရိုက်ခွန်ဖြစ်သည့် ဝင်ငွေခွန်(Income Tax)နှင့် သွယ်ဝိုက်ခွန် ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax)/တန်ဖိုးဖြည့်ခွန်(VAT)/ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(GST)စသည်ဖြင့် ကောက်ခံနေကြပါသည်။ အခွန်ထမ်းမိဘပြည်သူများအနေဖြင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် ဖော်ပြအပ်ပါသည်-

| စဉ် | နိုင်ငံအမည် | ဝင်ငွေခွန် | ကုန်သွယ်လုပ်ငန်းခွန်/တန်ဖိုးဖြည့်အခွန်/ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် |
|---|---|---|---|
| ၁။ | ဩစတြေးလျ | ၂၅% | ၂၀% |
| ၂။ | တရုတ် | ၂၅% | ၁၇% |
| ၃။ | အိန္ဒိယ | ၃၀% | ၁၅% |
| ၄။ | ဂျပန် | ၂၅.၅% | ၈% |
| ၅။ | မလေးရှား | ၂၅% | ၆% |
| ၆။ | ကမ္ဘောဒီးယား | ၂၀% | ၁၀% |
| ၇။ | အင်ဒိုနီးရှား | ၂၅% | ၁၀% |
| ၈။ | ထိုင်း | ၂၀% | ၇% |
| ၉။ | စင်ကာပူ | ၁၇% | ၇% |
| ၁၀။ | မြန်မာ | ၂၅% | ၅% |

**ရှင်းလင်းချက်**။ အထက်ပါ Corporate Taxes (2014-2015) Worldwide Tax Summaries ၏ email:www.pwc.com/taxsummaries တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်နှင့်ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး (GDP) များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရှိရပါသည်-

| စဉ် | နိုင်ငံအမည် | အခွန်နှင့်အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး |
|---|---|---|
| ၁။ | မလေးရှား | ၁၅.၆% |
| ၂။ | ကမ္ဘောဒီးယား | ၁၁.၁% |
| ၃။ | အင်ဒိုနီးရှား | ၁၁.၄% |
| ၄။ | ထိုင်း | ၁၅.၅% |
| ၅။ | စင်ကာပူ | ၁၃.၉% |

| နိုင်ငံအမည် | အခွန်နှင့်အသားတင်ထုတ်လုပ်မှုတန်ဖိုးအချိုး | | | |
|---|---|---|---|---|
| | ၂၀၁၁-၂၀၁၂ | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ |
| မြန်မာ | ၃.၈၂% | ၆.၅၉% | ၇.၅၃% | ၉.၈၅% |

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့ (၂)
## လက်ပန်ခြေပေါ်-ညောင်ဦးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တည်ဆောက်ရေးအဖွဲ့ (၂)၊ တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ ကုက္ကိုဝမြစ်ကူးတံတားတည်ဆောက်ရေးစီမံကိန်းအတွက် လိုအပ်သောအောက်ဖော်ပြပါ(လျှပ်စစ်)လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | မှတ်ချက် |
|---|---|---|---|---|
| 1. | Cu, XLPE PVC insulated & Sheathed Armoured Cable, | | | |
| | (a) 4C x 50mm[2] | 275 | Metre | |
| | (b) 4C x 70mm[2] | 180 | Metre | |
| 2. | Cu, XLPE PVC insulated & Sheathed wire non-armoured Cable. | | | |
| | (a) 1C x 35mm[2] | 1200 | Metre | |
| 3. | PVC insulated & Sheathed wire (Class 1) | | | |
| | (a) 1C x 10 mm[2] | 3320 | Metre | |
| 4. | Hard drawn Bare Copper wire No.4 | 1500 | Lb | |
| 5. | 250 W HPS Street Light Fitting | 50 | Set | |
| 6. | Cable rack (Cable Ladder) (Class 1) 250mm x 75 mm | 1200 | Rft | |

၂။ (က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - ၇-၈-၂၀၁၆ရက် နံနက် ၀၉း၃၀နာရီ

(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့် ရက်/ အချိန်** - ၁၆-၈-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** - ၁၇-၈-၂၀၁၆ရက် နံနက် ၀၉း၃၀နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** - ကုက္ကိုဝမြစ်ကူးတံတား စီမံကိန်းရှင်းလင်းဆောင်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ကုက္ကိုဝမြစ်ကူးတံတားစီမံကိန်းရုံး၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)ရုံး၊ လက်ပန်ခြေပေါ်၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၃၀၁၉၇၁နှင့် ၀၉-၇၉၀၆၄၂၉၆၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက တောင်နီ၊ သတ္တမတန်း(ဃ)မှ မောင်မျိုးမြင့်ဦး၏ အမည်မှန်မှာ ရမ် ဖြစ်ပါကြောင်းနှင့် မောင်မျိုးမြင့်ထူး၏အမည်မှန်မှာ လချုမန်း ဖြစ်ပါကြောင်း။

**ရမ်၊ လချုမန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မြောက်ဦးမြို့၊ ထမ္ပရာဇ်ရပ်ကွက်နေ (ဘ) ဦးမောင်သာကျော်၏သား မောင်အောင်သန်းဌေး၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်အရ ဖခင်ဦးမောင်တူနှင့် ဦးအောင်သာကျော် ၁၁/မဉန(နိုင်)၀၀၉၁၀၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပင်လုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (B.Eco)မှ ခွန်မောင်နစ်၏ ဖခင်အမည်မှန်မှာ ဦးမောင်ခွယ် ၁၃/တကန(နိုင်)၂၃၁၇၄၄ဖြစ်ပါကြောင်း။ **ဦးမောင်ခွယ်**

## အမည်မှန်

ရပ်စောက်မြို့၊ ဗထူးရပ်ကွက်၊ ဗိုလ်သင်တန်းကျောင်းနေ ဦးကျော်သင်း၏သမီး မမြမဋ္ဌူသင်း၏ အမည်မှန်မှာ မမြမဋ္ဌူသင်း(ခ) မမဋ္ဌူသင်း ဖြစ်ပါကြောင်း။

**မမြမဋ္ဌူသင်း(ခ) မဋ္ဌူသင်း**

## ဖခင်အမည်မှန်

တောင်ကြီးခရိုင်၊ အင်တောမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးလှထွန်း ၁၃/ရစန(နိုင်)၀၁၃၄၂၈ဖြစ်ပါကြောင်း။ **ဦးလှထွန်း**

**ဘုရား၊ ရဟန်း၊ ရှင်၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

## ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇကြွယ်

**ညောင်တန်းမြူနီစီပယ်ကျောင်း၊ ကျောင်းအုပ်ကြီး**
**အလပြ(ငြိမ်း)၊ အထက(၃)၊ ပုဇွန်တောင်**
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက် ၃၊ အခန်း ၀၀၃နေ (ကျောင်းအုပ်ဆရာကြီး ဦးဘိုးလှိုင်-ဒေါ်ငြိမ်းမေ)တို့၏သမီး၊ (ဦးချစ်-ဒေါ်ပု-ဒေါ်စိန်ခင်)တို့၏သမီးချွေးမ၊ (ဦးထွန်းရှိန်)၏ဇနီး၊ ဒေါ်ကြည်ကြည်ရှိန်(စာရင်းစစ်မှူး၊ ငြိမ်း)၊ (ဦးငွေစိုး-ဒေါ်လှငွေး)၊ ဒေါ်ရီရီရှိန်(အထပြ၊ ငြိမ်း)၊ ဒေါ်လီလီရှိန် (လ/ထ ညွှန်မှူး၊ ငြိမ်း၊ စက်မှု)၊ ဦးအေးထွန်း-ဒေါ်ဥမ္မာ၊ ဦးသက်ထွန်း-ဒေါ်မြတ်သူဇာ(ရန်ကုန်အရှေ့-၁၊ အိတ်ချိန်း)တို့၏မိခင်၊ မောင်ချစ်ညို၊ မောင်ချစ်ဝင်း-မသဇင်ဦး၊ မောင်ကျော်စွာမြင့်-မခင်ခင်စု၊ ဒေါက်တာစန္ဒီသက်ထွန်း၊ မောင်ခန့်ဇေယျာထွန်းတို့၏အဘွား၊ မအိမ့်သက်ဦး၊ မောင်လင်းခေတ်ကိုကိုတို့၏ ဘွားဘွားကြီးသည် ၆-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၅း၂၅နာရီတွင် မင်္ဂလာတောင်ညွန့်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၁၅၂၊ မြေညီ၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ညောင်တန်းအိမ်ရာ၊ တိုက် ၃ရှေ့မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးကျော်ဝင်း (ချောက်မြို့)

**အကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)၊ MOGE**
**အသက်(၈၁)နှစ်**

ဦးဇော်မိုးဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်သန်းတို့၏ဖခင် ဦးကျော်ဝင်း အသက်(၈၁)နှစ်သည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော်**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးတင်ငွေ

**အသက်(၇၆)နှစ်**

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ကြီးရွာနေ (ဦးဖိုးတင်-ဒေါ်ခိုင်ကြီး) တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ မြို့လှရပ်ကွက်၊ ဂေါက်ကွင်းလမ်း၊ မိဘမေတ္တာ ဆန်စက်နှင့် စည်ပင်ကြီးကျေးရွာနေ ဒေါ်လေးတင်၏ချစ်လှစွာသောခင်ပွန်း၊ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ အုပ်ချုပ်ရေးမှူး ဦးငွေးမောင်-ဒေါက်တာဒေါ်သင်းသင်းအေး(တွဲ/ဖက်ပါမောက္ခ၊ အဝေးသင်တက္ကသိုလ်၊ မန္တလေး)၊ ဦးငွေးဝင်း-ဒေါ်အေးသီတာ၊ ဦးငွေးလွင်-ဒေါ်ငယ်ငယ်စိုး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးနေထွန်းဦး)-ဒေါ်လှလှငွေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် စည်ပင်ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးတင်ငွေ (ကလေးမြို့)

**အသက်(၇၆)နှစ်**

သူငယ်ချင်း ဦးငွေးမောင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ တနိုင်း)-ဒေါက်တာဒေါ်သင်းသင်းအေး (တွဲဖက်ပါမောက္ခ၊ မန္တလေးအဝေးသင်တက္ကသိုလ်)တို့၏ဖခင် ဦးတင်ငွေသည် ၇-၈-၂၀၁၆ရက် နံနက် ၃နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

### ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြီး (ငြိမ်း)

**ကြည်း ၁၂၇၈၅၊ ဗသက(၄၇)**
**ညွှန်ကြားရေးမှူး(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) (ငြိမ်း)**
**အသက်(၆၇)နှစ်**

ပဲခူးမြို့နေ [ဗိုလ်ကြီးစံတင်(ငြိမ်း)-ဒေါ်နွယ်]တို့၏တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ ဒေါ်ဆွေဆွေမြင့်၏ခင်ပွန်း၊ ဦးသန့်ဇင်မြိုင်-ဒေါ်တင်တင်ရီ(USA)၊ ရန်ကုန်မြို့နေ ဦးမျိုးလှိုင်-ဒေါ်ခင်မေကြည်(စက်မှု-၂၊ ငြိမ်း)တို့၏မောင်၊ ပဲခူးမြို့နေ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်သန်းမြင့်(လှိုင်-ကွန်ပျူတာ၊ မိတ္တူနှင့်သတင်းစာကိုယ်စားလှယ်)တို့၏အစ်ကိုသည် ၅-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၆ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးအုန်းလွင် (MD)

**Proven Technology Industry Co.,Ltd**
**(TOYO BATTERY)**
**အသက်(၆၇)နှစ်**

Toyo Battery ၏ MD ဦးအုန်းလွင်သည် ၅-၈-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရွှေစည်းစိမ်ဆောက်လုပ်ရေးကုမ္ပဏီမိသားစု**
**ဦးအောင်ကြည်ဆွေ-ဒေါ်ခင်စန်းဝေ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးအုန်းလွင် (MD)

**Proven Technology Industry Co.,Ltd**
**(TOYO Battery)**
**အသက်(၆၇)နှစ်**

TOYO Battery ၏(MD) ဦးအုန်းလွင်သည် ၅-၈-၂၀၁၆ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်လွင် (အီလက်ထရွန်နစ်) မိသားစု**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ဒေါ်ရွှေဘီ

**ထွန်းမေတ္တာ-ဂျုံစက်နှင့်**
**ပီလောပီနံကော်မှုန့်စက်၏မိခင်ကြီး**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းမတော်လမ်း၊ အမှတ် ၁၆၇နေ (ဦးခိုင်ထွန်း)၏ဇနီး၊ ဦးအောင်သန်း-ဒေါ်ခင်ဝင်းနိုင်၊ ဦးညဏ်ထွန်း-ဒေါ်ကြည်မေ၊ ဦးစိန်မြင့်-ဒေါ်မေမေခင်၊ ဒေါ်သန်းသန်းဆွေ-ဦးအေးဆွေ၊ဦးကျင်သိန်း-ဒေါ်ခင်သက်ဦး၊ ဦးမြသန်း-ဒေါ်ခင်ခင်စော၊ ဦးတင်နိုင်-ဒေါ်ခင်စန်းဝင်းတို့၏မိခင်ကြီး၊ မြေး ၂၀၊ မြစ်ရှစ်ယောက်တို့၏အဘွားသည်၇-၈-၂၀၁၆ ရက် မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၁၆ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### အရာခံဗိုလ်မျိုးညွှန့်(ငြိမ်း)

**တပ်မတော်မှတ်တမ်းရုံး**
**အသက်(၇၅)နှစ်**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြိုင်မြို့နေ (ဦးသာဟန်-ဒေါ်ဖွားအေး)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လက်ပံကုန်းအနောက်စုကျေးရွာနေ (ဦးမြမောင်-ဒေါ်ကျင်နု)တို့၏သားသမက်၊ အမှတ်(၉၀/က)၊စိန်ပန်းလမ်း၊(၁/၁၁)ရပ်ကွက်နေ ဒေါ်ဝါဝါဝင်း၏ခင်ပွန်း၊ ဦးစိုင်းဦး-ဒေါ်မျိုးသီတာ(လ/ပြ)၊ ဗိုလ်ကြီးမျိုးထွန်းဝင်း(ငြိမ်း)(ဒု-ဥက္ကဋ္ဌ၊ လှိုင်သာယာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့)၊ ဦးအောင်မျိုးဟိန်း၊ ဦးမျိုးအောင်ခိုင်-ဒေါ်သီတာဝင်းတို့၏ဖခင်၊ မနန်ယမုံဖူး၊ မောင်စိုင်းသူရအောင်၊ မောင်စိုင်းပြည့်ဖြိုးမောင်၊ မောင်စည်သူဝင်းထွဋ်၊ မမြသီတာခိုင်တို့၏အဘိုးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၁၆ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမောင်မောင်လှ (စစ်တွေ)

**အသက်(၆၈)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်စိန်ဦး - ဒေါ်လှသိန်းဦး)တို့၏သား၊ (ဦးကျော်သောင်း)-ဒေါ်မလှစိန်တို့၏သားသမက်၊ ဦးစောမောင်-ဒေါ်မရှင်၊ (ဦးဖြူမောင်)-ဒေါ်ကျော့ခင်၊ ဦးမောင်လှတို့၏ညီ၊ ဒေါ်မရှင်၊ ဒေါ်မဲရှင်ဖြူ၊ ဒေါ်ခင်သန်းရီတို့၏အစ်ကို၊ ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ ၂၉လမ်းအောက်ဘလောက်၊ အမှတ် ၄၃နေ ဒေါ်မသန်းတင်၏ခင်ပွန်း၊ မခင်မြတ်နိုးဝေ၏ဖခင်သည် ၆-၈-၂၀၁၆ရက် (စနေနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စိန်ကြည်(ကမာရွတ်) အသက်(၉၀)

ရန်ကုန်မြို့နေ (ဦးထွန်းမြတ်-ဒေါ်ဖွားတင်)တို့၏သမီး၊ ရန်ကုန်-အင်းစိန်လမ်း၊ ဇေယျာသီရိလမ်း၊ ကမာရွတ်၊ အမှတ် ၂၉နေ ဦးအောင်ကြီး၏ဇနီး၊ ဒုဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်မိမိလွင်၊ ဦးကျော်ကျော်ဝင်း-ဒေါ်အိအိခင်၊ ဦးမြင့်အောင်-ဒေါ်အေးအေးသန့်၊ ဒေါက်တာဒေါ်ခင်မုတ်အောင်၊ ဒေါ်ထွေးထွေးသန်းတို့၏ချစ်လှစွာသောမိခင်၊ ကိုကျော်ဇေယျာ-မမြင့်မြတ်မြတ်မူ၊ ကိုသော်ထူးအောင်-နန်းနောင့်နောင့်ထွေး၊ ကိုရဲမင်းအောင်-မဂျူမီအောင်(မဂျေမီအောင်)၊ ဒေါက်တာငွေထွန်း၊ ကိုလွမ်းမိုး၊ မမိုးမိုးအောင်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆-၈-၂၀၁၆ရက်(စနေနေ့)ည ၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၆ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ခင်စန်းတင့် (ဘိုကလေး)

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**M.E.H.S (၁)မက်သဒစ် အထက(၂)ဒဂုံ၊ အထက(၃)ဒဂုံ**
**အထက(၄)တာမွေ၊ အထက(၁)တ/ဥက္ကလာပ၊ အထက(၁)ကြည့်မြင်တိုင်**
**အသက်(၈၂)နှစ်**

ဘိုကလေးမြို့နေ (ဦးပွကြီး-ဒေါ်စိန်ခင်)တို့၏သမီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်းနေ (ဦးနေဝင်း)၏ချစ်လှစွာသောဇနီး၊ ဦးဇော်လွင်ဦး(ခေတ္တ-စင်ကာပူ)-ဒေါ်သန်းသန်းပြုံး၊ ဦးကျော်စန်းဦး-ဒေါ်မြသန္တာဝင်း(မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ဝင်)၊ ဦးအောင်မျိုးဇော်-ဒေါ်သူဇာဝင်း [မြန်မာတိုင်း(မ်)]၏မိခင်၊ မခင်ပြည့်ပြည့်ဇော်(ဧရာဝတီဘဏ်)၊ မောင်သန့်ဇော်ထွန်း (WYTU)၊ မောင်ခန့်အုပ်စိုး(မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ)၊ မောင်သူရိန်လင်း၊ မောင်အောင်ဘုန်းပြည့်တို့၏အဘွားသည် ၇-၈-၂၀၁၆ရက် နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သင်္ဂြိုဟ်မည့်အချိန်ကိုထပ်မံကြေညာပါမည်။) (ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ နေကြာသာယာကုန်းလမ်း၊ တိုက်၄၊ အခန်း ၁၀၄ နေအိမ်မှကားများထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါ်ခင်ဆွေဝင်း (Wendy Myo Han)

**[ဒု-စက်ရုံမှူး(ငြိမ်း)၊ တပ်မတော်သဘော်ဆေးစက်ရုံ၊ သာကေတ]**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ချစ်ရိပ်မွန်လမ်း၊ အမှတ်(၁၉-B1)နေ (ဦးမျိုးဟန်-ဒေါ်ခင်ခင်လင်း)တို့၏သမီး၊ (ဦးဘဆိုင်-ဒေါ်သိန်းတင်)တို့၏သမီးချွေးမ၊ ဦးခင်ညို(စက်ရုံမှူး၊ ငြိမ်း၊ သဘော်ဆေးစက်ရုံ၊ သာကေတ၊ စက်မှု-၁)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာကေခိုင်ညို(MAHSA University,Kuala Lumpur)၏ ချစ်လှစွာသောမိခင်၊ (ဦးမျိုးခိုင်)၊ ဒေါ်ခင်ဆွေကြည်(Linda)၊ ဦးသက်ထွန်း-ဒေါ်ခင်ဆွေငွေး(Diana)၊ (ဒေါက်တာဖေမောင်သန်း)-ဒေါ်တင်တင်လှ(Tessa)၊ ဦးဖော်အောင်-ဒေါ်လဲ့လဲ့ဆွေ(Carol)၊ ဒေါ်ရင်ရင်ဟန်တို့၏အစ်မ၊ တူ၊တူမ ငါးယောက်တို့၏ကြီးကြီး၊ မြေးလေးယောက်တို့၏ဘွားဘွားသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၈-၂၀၁၆ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးခင်မြင့် (မြန်အောင်)

**(CMA ငြိမ်း) (ပန်းဘဲတန်း မဟာသိမ်တော်ကြီးဂေါပက)**
**အသက်(၈၂)နှစ်**

မြန်အောင်မြို့နေ (ဦးထင်ကျော်-ဒေါ်ကြည်ကြည်)တို့၏သား၊ ဒေါ်ခင်သောင်းဆွေ၏အစ်ကို၊ ရန်ကုန်မြို့နေ (ဒေါ်စမ်းမြင့်) ကကလှမ်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်လတ်-ဒေါ်နီလာမြင့်၊ ဦးမြတ်သူ-ဒေါ်မာလာမြင့်၊ ဦးဇာနီမြင့်-ဒေါ်မိစမ်းမာလာ၊ ဦးကျော်ကျော်မြင့်တို့၏ ချစ်လှစွာသောဖခင်၊ မယွန်းပွင့်မာလာ၊ မောင်စည်သူ၊ မဆုလတ်မြင့်တို့၏အဘိုးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အမှတ် ၁၉၊ ဦးညိုဖြိုး၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဇဝနနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**

### ဦးကျော်မြင့်(ခ)အကျူတ်

**မန်နေဂျာ(ငြိမ်း)၊ စားဖျော်**
**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
**နာယကကြီး**
**အသက်(၇၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးအစ်-ဒေါ်တင်ဥ)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ခင်မြ)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ဗညားဒလရပ်ကွက်၊ ကနောင်လမ်း၊ အမှတ် ၂၆/၂၈နေ ဒေါ်ခင်ဝင်း၏ခင်ပွန်းသည် ၇-၈-၂၀၁၆ရက် နံနက် ၀၀း၀၇နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပန်းဆိုးတန်းဆိပ်ကမ်းမှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

**အနိစ္စ**

**SLEEP IN JESUS**
**Ms. Theresa Celestine Roch**
**(82) yrs**
**Teacher, (Retd:)**
**St.Anthony's Boy's School**

daughter of late MR.A.Roch and Mrs. Ethel Rita Roch, eldest sister of late Julius Francis Roch, MR.Peter Ro-ch and late Anna Carmel-Kevin Shirley, late Marie Jesinta Roch (@) Lu Lu-MR. Silus Robert, MR. Stephen Pius Roch B.SC. Maths - Mrs. Lovisa (@) Myat Myat Moe B.A-History, Aunt of 8 Neph-ews and 12 Nieces, Grandma of a Grand Children Passed away Peacefully at her residence No 104, 1st floor 39th st. Kya-ugh Tada Tsp:at 11.pm on 6.8.2016. Her remains will be taken to st Mary's cathe-dral at 9:00 AM on 8.8.2016 for her last ritval rites and thence to yewai cemetry for entombment .

Friends and relatives Please accept this as the only intimation.

The bereaved Family.

---

### ဒေါ်သိန်းမြင့်

**ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အထက(၇)မော်လမြိုင်**
**အသက်(၈၀)**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်းသဲရွာနေ (ဦးယူးရှိန်-ဒေါ်ဖွားငွေ) တို့၏သမီး၊ (ဒေါ်ခင်ပု)၊ ဒေါ်သန်းမြင့်၊ (ဦးတိုးတင်)တို့၏ညီမ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်၊(ဆရာကြီးဦးထွေးလုံးကျော်)၏ဇနီးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၂၀နာရီတွင် မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာညိုလမ်း၊ အမှတ် ၂၅၁ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ ရက် နံနက် ၁၀း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်းသန်းမြင့် (Helen)

**အသက်(၉၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆လမ်း၊ အမှတ် ၅၁နေ (ဦးတတ်မိန်-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးသန်းဆွေ)၏ဇနီး၊ (ဦးလှရှိန်-ဒေါ်ရီရီမေ)၊ ဒေါက်တာဦးမြင့်သောင်း-ဒေါ်နော်ထူးမူစေးတို့၏အစ်မ၊ ဦးအောင်နိုင်၊ ဒေါက်တာကျော်ဇော-ဒေါက်တာခိုင်ခိုင်မာတို့၏ချစ်လှစွာသောမိခင်၊ သီဟကျော်ဇော၊ ဒေါက်တာအိသဲထိုက်တို့၏အဘွား၊ ဦးသန့်ဇင်ရှိန်-(ဒေါ်ဝင်းဝင်းမူ)၊ (ဦးတင်လှရှိန်)-ဒေါ်ခင်ဇင်ထွေး၊ ဦးအက်စ်ကဲနက်-ဒေါ်ကြည်ကြည်ဇင်တို့၏ကြီးကြီးသည် ၆-၈-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးသန်းမင်း (စစ်တွေ)

**P.P.E (ငြိမ်း)**
**အသက်(၈၅)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးသန်းမောင်ကြီး-ဒေါ်ရွှေယုံ)တို့၏သား၊ (ဦးဖြူသီးအောင်-ဒေါ်ဘုဒေါင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဦးအောင်ဖုံဝေလမ်း၊ အမှတ် ၈၇နေ ဒေါ်နုလှချေ၏ခင်ပွန်း၊ ဦးအောင်သန်းဦး-ဒေါ်လှညွန့်စိန်၊ ဦးကျော်ကျော်လွင်-ဒေါ်ဥမ္မာကျော် (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကျော်ဇင်ဦး (ဒု/ညွှန်မှူး၊ ဘွိုင်လာစစ်ဆေးရေး၊ ဧရာဝတီတိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)-ဒေါ်အေးအေးသန်း (စာရင်းကိုင်-၁၊ ရန်ကုန်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)၊ ဒေါ်ခင်အေးမြင့်(ဒဂုံမြောက်၊ ထွေ/အုပ်)တို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုးရှင်သည် ၆-၈-၂၀၁၆ရက်(စနေနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးကျော်ဝင်း (ချောက်မြို့)

**အကြီးတန်းအုပ်ချုပ်ရေးအရာရှိ(ငြိမ်း)၊ MOGE**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တိုက် ၃၈၊ အခန်း ၅၊ မင်းဒင်လမ်းသွယ်(၄)နေ (ဦးမြိုင်-ဒေါ်သီလ)တို့၏သား၊ (ဦးချစ်-ဒေါ်ငွေး)တို့၏သားသမက်၊ ဒေါ်စန်းစန်း(စာရင်းကိုင်၊ ငြိမ်း၊ MOGE)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်၏အစ်ကို၊ (ဒေါ်ချိုငယ်ဝင်း)၊ ဦးဇော်မိုးဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်သန်း၊ ဦးထွန်းထွန်းအေး-ဒေါက်တာခိုင်လယ်ဝင်း(ပါမောက္ခ-ဌာနမှူး၊ ပထဝီဝင်ဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ (ဦးမျိုးဝင်း-ဒေါ်စုစုမာ)၊ ဦးကျော်သက်ဝင်း (KTW Engineering)-ဒေါ်စုစန္ဒာအောင်(Hong Kiu Garment)၊ ဦးထင်အောင်ဝင်း(En gineer၊ ခေတ္တ-UAE)-ဒေါ်နွေနွေဖူး၊ ဦးရန်နိုင်မိုး-ဒေါ်ချောစုစုဝင်း(ဝင်း-သမစိတ္တဆီစက်)၊ဦးညီညီစိုး(အမှုဆောင်၊ဘူမိဗေဒအရာရှိ၊ MOGE)-ဒေါ်ချောစိမ့်စိမ့်ဝင်း(လ/ထအင်ဂျင်နီယာ၊ MOGE)တို့၏ဖခင်၊မြေး ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးကျော်မြင့်(ခ)အကျူတ်

**မန်နေဂျာ(ငြိမ်း)စား/ဖျော်**
**ကျိုက်လတ်မြို့နယ်အသင်းနာယကကြီး**
**အသက်(၇၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးအစ်-ဒေါ်တင်ဥ)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ခင်မြ)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ဗညားဒလရပ်ကွက်၊ ကနောင်လမ်း၊ အမှတ်(၂၆/၂၈)နေ ဒေါ်ခင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကြီး-ဒေါ်သီတာမြင့်၊ ဦးမောင်မောင်ကျော်ဝင်း-ဒေါ်တင်တင်ရီ၊ ဦးမင်းလွင်-ဒေါ်စန္ဒာလွင်(U.S.A)၊ (ဦးအောင်ကျော်မင်း)-ဒေါ်ချိုချိုကျော်တို့၏ဖခင်ကြီး၊ မခင်သိင်္ဂါအောင်(မီးငယ်) Pang Mu Gems၊ မောင်ရန်မျိုးအောင် Chief of Operations Scipioservices၊ မမြသက်ချယ်၊ ဆုလေးနွယ်[IX (H) အထက-၁၊ ဒဂုံ]၊ ကြည်စင်သန့်လွင် (Crystal) USA တို့၏ချစ်လှစွာသောဖခင်သည် ၇-၈-၂၀၁၆ရက် နံနက် ၀၀း၀၇နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပန်းဆိုးတန်းဆိပ်ကမ်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၆ရက် နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

### ဦးအုန်းလွင် (TOYO Battery)

**အသက်(၆၇)နှစ်**

၅-၈-၂၀၁၆ရက် ညနေတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၇၂-ဘူမိဗေဒသူငယ်ချင်းများ**
**ရန်ကုန်တက္ကသိုလ်**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးတင်ငွေး

**ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန၊ AGTI (ပြည်)**
**အသက်(၆၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးစောနိုင်(ငြိမ်း)-ဒေါ်သီတာအေး(ငါးဦးစီး-ငြိမ်း)တို့၏ အစ်ကိုသည် ၁-၈-၂၀၁၆ ရက် (တနင်္လာနေ့) နံနက် ၅း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်း ကျောင်းဆင်းအရာရှိများ**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၁)**

# နာဂဒေသရှိ ကျေးရွာများတွင် ရွာသူ၊ ရွာသားအချို့နာမကျန်းဖြစ်၍ သေဆုံးမှုများရှိနေ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖြည့်ဆည်းပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာနှင့် နန်းယွန်းမြို့နယ်၊ ကဲဆန်ဆာလင်၊ ကဲဆန်ကာလန်၊ ကဲဆန်ဘောက်လွန်၊ ကဲဆန်လုံကျန်းကျေးရွာများတွင် ရွာသူ/ရွာသား အချို့နာမကျန်းဖြစ်၍ သေဆုံးမှုများရှိကြောင်း သတင်းရရှိသောကြောင့် လဟယ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ အစီအစဉ်ဖြင့် ကာရော်နောက်ညို ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမက ဇူလိုင် ၁၃ ရက်မှစ၍ လည်းကောင်း၊ ထန်ပါခွေတိုက်နယ်ဆရာဝန် ဦးဆောင်သော ကွင်းဆင်းအဖွဲ့က ဇူလိုင် ၂၀ ရက်မှ စ၍လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထန်ခေါ်လာမားကျေးရွာသည် လဟယ်မြို့နှင့် မိုင် ၄၀ ခန့် ကွာဝေးပြီး အနည်းဆုံး နှစ်ရက်ခန့် သွားလာရသော လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသဖြစ်ပြီး ကွင်းဆင်းအဖွဲ့၏ ကနဦး စုံစမ်းမှုအရ အဆိုပါကျေးရွာတွင် လူဦးရေစုစုပေါင်း ၃၅၀ ခန့် နေထိုင်လျက်ရှိကြောင်း၊ ဇွန် ၆ ရက်မှ ဩဂုတ် ၄ ရက် အတွင်း စုစုပေါင်း လူ ၂၅ ဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူအများစုသည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ အရေပြားတွင် အနီစက်ထွက်ခြင်း စသည့် ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း၊ သေဆုံးသူများတွင် အငယ်ဆုံးအသက်မှာ တစ်နှစ်ဖြစ်ပြီး အကြီးဆုံးအသက်မှာ ၉၄ နှစ်ဖြစ်ကြောင်း၊ သေဆုံးသူအများဆုံး၏ အသက်အုပ်စုမှာ တစ်နှစ်နှင့် ၁၂ နှစ်ကြားဖြစ်ကြောင်းနှင့် အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းကောင်း၊ လဟယ်မြို့နယ်အတွင်းမှ အခြားကျေးရွာများတွင်လည်းကောင်း တိရစ္ဆာန်များ အစုလိုက်သေဆုံးမှု သတင်းရရှိမှု မရှိကြောင်း စုံစမ်းသိရှိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❋

## ❑ ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် နန်းယွန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရာသီဥတု အခြေအနေကောင်းမွန်ပါက တပ်မတော်ရဟတ်ယာဉ်များ အသုံးပြု၍ ကွင်းဆင်းဆောင်ရွက်နိုင်ရေး စီစဉ်ထား

# ရေကြီးရေလျှံမှုကြောင့် ဩဂုတ် ၇ ရက်ထိ လူဦးရေ ၃၅၈၆၉၉ ဦးအား ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီးဖြစ်


ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်

**နေပြည်တော် ဩဂုတ် ၇**

ယခုနှစ် ဇူလိုင်လလယ်ခန့်မှ စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ပြည်သူများအား ဘေးလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးမှုများရှိခဲ့ရာ ဩဂုတ် ၇ ရက်ထိ လူဦးရေ ၃၅၈၆၉၉ ဦးတို့ကို ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။

သို့သော် ယခုအခါ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မူလနေရာများသို့ ပြန်လည်ရွှေ့ပြောင်းလျက်ရှိကြသည်။ အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် ဘေးလွတ်ရာသို့ ထပ်မံပြောင်းရွှေ့မှုများလည်း ရှိနေသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစီးသည့်အဖွဲ့သည်

စာမျက်နှာ ၈ ကော်လံ ၅ ❍



စွမ်းအင်လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် သဘာဝဓာတ်ငွေ့ရည် (LNG)

စာ-၆



ရေဒါမှ ခေတ္တ ပျောက်ကွယ်သွားသည့် လေယာဉ် လေဆိပ်သို့ ပြန်လည်ဆင်းသက်

စာ-၁၀

